ကြေးမုံ
The Mirror Daily
Established in 1957

ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ စနေနေ့။ Saturday, 31 October 2020 ၁၀၁၈၂

# ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး နေပြည်တော်၌ ကြိုတင်ဆန္ဒမဲပေး

**နေပြည်တော် အောက်တိုဘာ ၃၀**

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့နံနက်ပိုင်းတွင် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကြိုတင်ဆန္ဒမဲပေးကြသည်။

**ကြိုတင်ဆန္ဒမဲပေးရန်လက်မှတ်ရေးထိုး**

ဒုတိယသမ္မတနှင့် ဇနီးတို့သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် မြို့မဈေး ဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးသို့ လာရောက်၍ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့် အညီ ကြိုတင်ဆန္ဒမဲပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

**လျှို့ဝှက်ဆန္ဒမဲပေး**

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်ဆန္ဒမဲပေးကြပြီး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြသည်။

သတင်းစဉ်







ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ဆက်လက်ရောက်ရှိ




ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

**ရန်ကုန် အောက်တိုဘာ ၃၀**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

## ကြေးမုံ ယနေ့ ဖတ်စရာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန် စာမျက်နှာ » ၅

ရန်ကုန်တက္ကသိုလ် ကျောင်းဆောင်နေ ကျောင်းသားဘဝ စာမျက်နှာ » ၆

## ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုင်ရာ နည်းဥပဒေအပြည့်အစုံကို ပြန်ကြားရေးဝန်ကြီးဌာန၏ Website တွင် ကြည့်ရှုနိုင်

**နေပြည်တော် အောက်တိုဘာ ၃၀**

ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုင်ရာနည်းဥပဒေများကို ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၀ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၄/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းနည်းဥပဒေများကို ပြန်ကြားရေးဝန်ကြီးဌာန၏ Website ဖြစ်သော MOI Webportal Myanmar တွင် အသေးစိတ်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

## သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့)

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့သည် ပြီးခဲ့သည့် ဝါဆိုလပြည့်နေ့မှစ၍ ဝါဆိုဝါကပ်တော်မူခဲ့သော ရဟန်းသံဃာတော်များ ဝါတွင်းသုံးလပြည့်မြောက်ပြီး ဝါထွက်တော်မူသည့်နေ့ ဖြစ်သည်။ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလ သီတင်းသုံးရာမှ ကျွတ်လွတ်သောကာလကို ဝါကျွတ်ကာလဟု ဆိုသည်။

ထူးမြတ်သောနေ့ မြတ်ဗုဒ္ဓဖြစ်တော်စဉ်တွင် မြတ်စွာဘုရားရှင်သည် မကုလတောင်၌ ဆဋ္ဌမဝါဆိုတော်မူသည်။ ထို့နောက် သတ္တမဝါကိုကား တာဝတိံသာနတ်ပြည်သို့ ကြွရောက်တော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားကို အမှူးထား၍ လောကဓာတ်တစ်သောင်းမှ စည်းဝေးရောက်ရှိလာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလကာလ ပတ်လုံး အဘိဓမ္မာတရား ဟောကြားတော်မူသည်။

ထို့ကြောင့် သီတင်းကျွတ်လပြည့်နေ့သည် ရဟန်းသံဃာတော်များအတွက် ဝါလကင်းလွတ်သောနေ့။ ဝေနေယျသတ္တဝါများအတွက် မြတ်စွာဘုရားရှင်ကိုရည်မှန်း၍ မိခင်ကျေးဇူးဆပ်သောနေ့။ ဓမ္မဒေသနာအဆီအနှစ် အဘိဓမ္မာတရား စတင်နာကြားရသည့်နေ့ အဘိဓမ္မာအခါတော်နေ့ ဖြစ်သည်။ မြတ်စွာဘုရားရှင် အဘိဓမ္မာတရားဟောကြားပြီး၍ ဝါကျွတ်သောအခါ သိကြားမင်း ဖန်ဆင်းသည့် စောင်းတန်းသုံးသွယ်ဖြင့် လူ့ရွာ သင်္ကာသနဂိုရ်ပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူသည်။

ထိုအခါ မင်းနှင့်တကွသော ပြည်သူတို့သည် ဆီမီးတန်ဆောင်ထွန်းညှိကာ မြတ်စွာဘုရားရှင်အား ကြိုဆိုကြလေသည်။ ဤသီတင်းကျွတ်လတွင် သင်္ကာသနဂိုရ်မှ မင်းနှင့်တကွသော ပြည်သူတို့သည် မြတ်စွာဘုရားရှင်အား ဆီမီးတန်ဆောင် ညှိထောင်ထွန်းလင်းပူဇော်ခြင်းဟူသော အစဉ်အလာအတိုင်း ထိုအချိန်ကာလမှစ၍ နှစ်ပေါင်းထောင်ချီ ရိုးရာယဉ်ကျေးမှုအစဉ်အလာ မပျက် သီတင်းကျွတ်ကာလတွင် မီးထွန်းပွဲတော်ကျင်းပကြသည်။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြာတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့မြတ် သတ်မှတ်ကာ ပူဇော်ကြလေသည်။

သီတင်းကျွတ်အခါသမယတွင် မြို့ရွာများ၌ မီးထွန်းပွဲတော်များကို ထိန်ထိန်ညီးညီး ပြုလုပ်ရေး၌ ယခုနှစ်ကာလတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသောကာလနှင့် ကြုံတွေ့နေ၍ ကျန်းမာရေးစည်းကမ်းများအရ သီတင်းကျွတ်မီးထွန်းပွဲတော်များကို ရပ်ရွာလမ်းမများတွင် မပြုလုပ်နိုင်ခြင်းကို နားလည်ကြရပေမည်။ သို့သော် သီတင်းကျွတ်ကာလ၌ မိမိတို့၏နေအိမ်အသီးသီးမှ ဆီမီးရောင်ခြည် ထွန်းလင်းစေပြီး မြတ်စွာဘုရားရှင်ကို ရည်မှန်းကာ ပူဇော်နိုင်ကြပေသည်။ ထိုသို့ ထွန်းညှိပူဇော်ခြင်းသည် ကျန်းမာရေးစည်းကမ်းလည်း လိုက်နာ၊ နေအိမ်လည်း ကျက်သရေအလှတိုး၊ မိမိတို့စိတ်နှလုံးများလည်း ကြည်လင်ချမ်းမြေ့နိုင်ကြမည် ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်ပြည်သူအပေါင်းတို့အနေဖြင့် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ထူးနေ့မြတ်တွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ခြင်းဖြစ်စေ၊ နာကြားခြင်းဖြစ်စေ မွန်မြတ်ကောင်းမွန်သော ကုသိုလ်အမှုတို့ကို မိသားစုများ ပြုလုပ်ခြင်းဖြင့် ကောင်းသောအကျိုးများ တိုးပွားရရှိနိုင်ကြမည်ဖြစ်သည်။ သီတင်းကျွတ်ကာလကို ကုန်လွန်ခဲ့သောနှစ်များက ဘုရား၊ ကျောင်း၊ ကန်၊ လမ်း၊ နေအိမ်တို့၌ ဆီမီးထွန်းညှိခြင်းတို့အပြင် ရပ်ရွာအလိုက် ပျော်ပွဲရွှင်ပွဲ၊ ဈေးလမ်းသဘင်ပွဲများဖြင့် စုံစုံလင်လင် ခင်းကျင်းခဲ့ကြသည်။

ယခုနှစ်တွင် ဤသို့ပြုလုပ်ခွင့်မရနိုင်သဖြင့် မိမိနေအိမ်တွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ပြီး ကုသိုလ်ထူးကိုယူကြဖို့ ဖြစ်သည်။ ထိုသို့ယူသဖြင့် မိမိတို့နေအိမ်များနှင့်အတူ မြန်ပြည်တစ်ဝန်း အေးချမ်းသာယာလှပနေမည် ဖြစ်သည်။ သီတင်းကျွတ်ကာလသည် မိုးအကုန်ဆောင်းကူးတော့မည့်ကာလဖြစ်၍ ဝန်းကျင်တစ်ခွင်အေးချမ်းနေသည်။ ရာသီဥတုမှာ ကောင်းကင်တစ်ခွင် ကြည်လင်ဝင်းပနေပြီး ထိုအချိန်ကာလတွင် မြတ်စွာဘုရားရှင်အား ရည်မှန်းကာ ဆီမီးပူဇော်ခြင်းသည် ကျက်သရေမင်္ဂလာရှိလှပေသည်။

သို့ဖြစ်ရာ သီတင်းကျွတ်လပြည့်နေ့သည် သာလွန်ထူးကဲသည့် ဓမ္မအဆီအနှစ် အဘိဓမ္မာဒေသနာတရားကို မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်တွင် ဟောကြားပြီးစီးခြင်း၊ လူ့ပြည်သို့ ပြန်လည်ကြွမြန်းတော်မူခြင်း၊ မြတ်စွာဘုရားရှင်အား ဆီမီးတန်ဆောင်ဖြင့် ကြိုဆိုခြင်းဟူသည့် ဗုဒ္ဓဘုရားရှင်နှင့် သက်ဆိုင်သော ထူးကဲမွန်မြတ်သည့် နေ့ထူးဖြစ်ရာ ယနေ့မှစ၍ ကောင်းမှုအထူးများကို ပြည်သူအပေါင်းတို့ပြုလုပ်ကြခြင်းဖြင့် မြန်မာပြည်တစ်ဝန်း ကောင်းကျိုးဝေဖြာလာနိုင်မည်ဖြစ်ပါကြောင်း။ ။

## ကမ္ဘောဇဘဏ်က ဒလမြို့နယ်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၀**

ကမ္ဘောဇဘဏ်က အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန် တောင်ပိုင်းခရိုင် ဒလမြို့နယ် အထွေထွေရောဂါကုပြည်သူ့ဆေးရုံ ၂၅ ခုတင်သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေ ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ်(ဒလမြို့နယ်ဘဏ်ခွဲ)တာဝန်ခံ ဦးသော်ဇေယျနှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆေးရုံသုံးနှာခေါင်းစည်း ၅၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၅၀၊ မျက်မှန် ၅၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၁၀၀ တို့ကို ပြည်သူ့ဆေးရုံသို့ သွားရောက်ပေးအပ်လှူဒါန်းရာ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းဝင်းနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၇၈၅၀၄ သိန်း လှူဒါန်းထားကြောင်း သိရသည်။

**ကိုကျော်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အားဖြည့်ကူညီရန် ကော့သောင်းမြို့နယ်မှ ကျန်းမာရေးဝန်ထမ်းများ ရန်ကုန်မြို့သို့ ထွက်ခွာ

**ကော့သောင်း အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အားဖြည့်ကူညီရန် ကော့သောင်းမြို့နယ်မှ ကျန်းမာရေးဝန်ထမ်းများ ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးမှတစ်ဆင့် ရန်ကုန်မြို့သို့ထွက်ခွာသွားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှု မြင့်တက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက် ဖြစ်ပေါ်နေမှုကို အားဖြည့်ကူညီရန် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်မှ ကျန်းမာရေးဝန်ထမ်း ၁၂ ဦးနှင့် ဘုတ်ပြင်းမြို့နယ်မှ ခြောက်ဦး စုစုပေါင်း ၁၈ ဦး ဖြစ်ကြောင်း သိရသည်။



အားဖြည့် ကူညီမှုအတွက် ထွက်ခွာကြမည့် ကျန်းမာရေးဝန်ထမ်းများအား ကော့သောင်းခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာလင်းထိုက်က ကျေးဇူးတင်ဂုဏ်ပြု နှုတ်ဆက်စကားပြောကြားပြီး မြို့နေစေတနာရှင်များက လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြကာ မွန်းလွဲပိုင်းတွင် သီးသန့်မော်တော်ယာဉ်များဖြင့် ကော့သောင်းမြို့မှ စတင်ထွက်ခွာသွားကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

MYANMAR Digital News
Presented by MPI
www.mdn.gov.mm

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့
စနစ်တကျ လက်ဆေးစို့

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**ပြည်သူသာလျှင် အဓိက**

# ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ နေပြည်တော် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကြိုတင်ဆန္ဒမဲပေး



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများသည် ယနေ့နံနက်ပိုင်းတွင် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နေပြည်တော် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကြိုတင်ဆန္ဒမဲများပေးကြသည်။

**လက်မှတ်ရေးထိုး**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်ဇနီး ဒေါ်စန္ဒာလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နှင့် ဇနီး ဒေါ်မြင့်မြင့်ရီ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်ဇနီး ဒေါ်စန်းစန်းယု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့်ဇနီး ဒေါ်သွင်သွင်အေးမို၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဗရတ်ဆင်း၊ ဦးအောင်လှထွန်း၊ ဦးလှကျော်၊ ဦးအောင်ထူး၊ ဦးလှမော်ဦး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် ၎င်းတို့၏ ဇနီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မြို့မဈေးဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ဇမ္ဗူသီရိ မြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံးသို့လာရောက်ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်း ချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

**လျှို့ဝှက်စွာဆန္ဒမဲပေး**

ထို့နောက် ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်စွာ ဆန္ဒမဲ ပေးကြပြီး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြသည်။

ထို့ပြင် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အသက်(၆၀)နှစ်နှင့် အထက်ရှိသူများလည်း ယနေ့တွင် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြကာ ဆန္ဒမဲ လက်မှတ်များ၌ လျှို့ဝှက်စွာဆန္ဒမဲပေးကြပြီး ကြိုတင် ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြသည်။

နေပြည်တော် မြို့မဈေးဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြိုတင်ဆန္ဒမဲပေးရန် မဲရုံသုံးရုံရှိပြီး မဲရုံအမှတ်(၁)တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ၂၁၃၇ ဦး၊ မဲရုံအမှတ်(၂)တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ၂၂၂၅ ဦး၊ မဲရုံအမှတ်(၃)တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ၂၁၃၄ ဦးရှိကြောင်း သိရသည်။

**ကြိုတင်ဆန္ဒမဲပေး**

ထို့အတူ ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနား မြို့နယ်နှင့် လယ်ဝေးမြို့နယ် တို့အတွင်းရှိ မဲရုံများ၌လည်း ယနေ့တွင် ကြိုတင်ဆန္ဒမဲပေး ခွင့်ရှိသူများ လာရောက်ဆန္ဒမဲပေးကြသည်။

လက်ရှိစာရင်းများအရ နေပြည်တော်ပြည်ထောင်စု နယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၈၉၈၁၆ ဦး၊ ဒက္ခိဏသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၂၈၁၆၇ ဦး၊ ပျဉ်းမနားမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၁၃၄၆၀၃ ဦး၊ လယ်ဝေး မြို့နယ်တွင် မဲပေးခွင့်ရှိသူ ၂၁၈၆၇၁ ဦးရှိကြောင်း သိရ သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၏ ဇနီး ဒေါ်ခိုင်နွယ်ဦး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၏ ဇနီး ဒေါ်မြင့်မြင့်ရီ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၏ ဇနီး ဒေါ်စန်းစန်းယု ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၏ ဇနီး ဒေါ်သွင်သွင်အေးမို ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။

# World Cities Day (2020) ကို ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

အောက်တိုဘာ ၃၁ ရက်တွင် ကျရောက်မည့် World Cities Day (2020) အခမ်းအနားကို ကမ္ဘာတစ်ဝန်းတွင် Event ပေါင်း ၅၀၀ ကျော်ဖြင့် အွန်လိုင်းမှ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ World Cities Day ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN – Habitat တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အဖြစ် Virtual Event ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အွန်လိုင်းဖြင့် ကျင်းပသည်။



**မြို့ကြီးများတည်ဆောက်ရန် ကတိကဝတ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် UN – Habitat တို့ အတူတကွ လက်တွဲဆောင်ရွက်လာကြသည်မှာ ၁၀ စုနှစ်တစ်စုကြာ ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကောင်းမွန်သော မြို့ပြများတည်ဆောက်ကြရန် ရှေ့ဆက်အတူတကွ လက်တွဲသွားကြမည်ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် World Cities Day of 2020 မှာ အားလုံးပါဝင်ပေါင်းစပ်ထားသော ကောင်းမွန်သည့် ပတ်ဝန်းကျင်ရှိ၍ ရေရှည်တည်တံ့သော မြို့ကြီးများကို တည်ဆောက်သွားရန် မိမိတို့၏ ကတိကဝတ်တစ်ခုအဖြစ်လည်း ထင်ဟပ်ပါကြောင်း။

လက်ရှိတွင် မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများသည် ကိုဗစ်–၁၉ ကပ်ရောဂါကို ကြံ့ကြံ့ခံ၍ တွန်းလှန်တိုက်ထုတ်နေချိန်၌ အကျိုးသက်ဆိုင်ဆက်စပ်နေသူများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယခုပစ္စုပ္ပန်နှင့် အနာဂတ်တွင် ကြံ့ကြံ့ခံမှုရှိသည့် မြို့ရွာများတည်ဆောက်ရန် စုပေါင်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် မြို့ကြီးများသည် မြို့ပြများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် မောင်းနှင်သူများဖြစ်ပါကြောင်း၊ မြို့ကြီးများသည် ဒီမိုကရေစီစနစ်၊ ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုတို့၏ ဗဟိုချက်မများ ဖြစ်လာပါကြောင်း။

မြို့ပြလူနေမှုဘဝများတွင် အဓိကထိခိုက်ခံစားကြရသူများမှာ မြို့ပြနေအခြေခံလူတန်းစားများနှင့် ထိခိုက်လွယ်သည့် အုပ်စုများဖြစ်ကြကြောင်းကို ယခင်နှစ်ကာလအတွင်း ထင်ရှားစွာ ပေါ်လွင်စေခဲ့ပါကြောင်း၊ ယနေ့ The World Cities Day ၏ ဆောင်ပုဒ်သည် တရားမဝင် အခြေချနေထိုင်သူများအား သုံးသပ်ကြခြင်း "Reflecting on Informal Settlements" ဖြစ်ပါကြောင်း၊ တရားမဝင် အခြေချနေထိုင်သူများအပါအဝင် အားလုံးအတွက် အိမ်ရာအရေးကိစ္စများကို ဆွေးနွေးကြမှာ ဖြစ်ပါကြောင်း၊ အားလုံးပါဝင်ပေါင်းစပ်ထားပြီး ရေရှည်တည်တံ့သောမြို့ပြများ အနာဂတ်တွင် ပေါ်ထွန်းလာစေရန်ရည်သန်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် များစွာသော မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ လက်တွဲဆောင်ရွက်ခဲ့ပါကြောင်း။

စီးပွားရေး၊ လူမှုရေးနှင့် နေရာဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို ပေါင်းစည်းပေးမည့် အားလုံးပါဝင်သော မြို့ပြများ ဖြစ်ထွန်းလာစေရန်ရည်သန်၍ မူဝါဒများကို ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသများ အချိတ်အဆက်မိပြီး ညီညွတ်မျှတသည့် နိုင်ငံတစ်ခု ဖြစ်လာစေရန် မျှော်မှန်း၍ မြို့ပြဒေသတွင်သာမက ကျေးလက်ဒေသကိုပါ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

အိမ်ရာကဏ္ဍသည်လည်း အဓိကအချက်တစ်ခုအဖြစ် ပါဝင်သော အမျိုးသားမြို့ပြမူဝါဒကို UN–Habitat နှင့်ပူးပေါင်း၍ ရေးဆွဲချမှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားမြို့ပြမူဝါဒသည် တရားမဝင်အခြေချနေထိုင်မှုများ၊ မြို့ပြနေအခြေခံလူတန်းစားများ၏ အိမ်ရာလိုအပ်ချက်များကို ထင်ရှားစွာဖော်ပြထားပါကြောင်း။

UN – Habitat ၏ နည်းပညာအကူအညီဖြင့် ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ထိခိုက်လွယ်မှုအရှိဆုံး အခြေခံလူတန်းစား အိမ်ထောင်စုများကို အိမ်ရာများ ဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အများပြည်သူဆိုင်ရာ အငှားအိမ်ရာစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၇၁ ဧက အကျယ်အဝန်းရှိ၍ အိမ်ခန်းယူနစ်ပေါင်း ၅၀၇၂ ပါဝင်သည့် အဆိုပါစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ အကူအညီဖြင့် စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ အခြားတိုင်းဒေသကြီးများနှင့် ပေါင်းစပ်လျက် အိမ်ခန်းယူနစ်ပေါင်း ၁၀၀၀၀ ရှိပါကြောင်း။

**မည်သူမျှကျန်ရစ်မှုမရှိစေရေး**

၂၀၁၉ ခုနှစ်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN–Habitat တို့ပူးပေါင်း၍ ရန်ကုန်ရှိ တရားမဝင်အခြေချနေထိုင်မှုများ၏ ပြဿနာများကိုဖြေရှင်းရန်အတွက် နှစ်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုလည်း ကျင်းပခဲ့ပါကြောင်း၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (UN Sustainable Development Goals ) နှင့် New Urban Agenda ပါ ဦးစားပေးအချက်များနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊ အဓိက ကတိကဝတ်ဖြစ်သော မည်သူမျှကျန်ရစ်မှုမရှိစေရေး "leaving no one behind" အတွက် အတူတကွလက်တွဲဆောင်ရွက်ကြရန် အကျိုးသက်ဆိုင်သူများအားလုံးကို တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် Secretary General Mr. Antonio Guterres ၏ World Cities Day 2020 Video message ကို Video Clip ဖြင့်ပြသပြီး UN – Habitat Myanmar မှ Country Programme Manager Mr . Bijay Karmacharya က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် French Agency for Development မှ Country Director Ms. Marie Cecile Thirion က အမှာစကားပြောကြားသည်။

ယင်းနောက် စာတမ်းရှင်များ၊ ပညာရှင်များဖြစ်ကြသည့် UN – Habitat မှ Field Programme Manager, Mr. Vishnu Prasad က "Housing for All & the New Urban Agenda" ခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြားသည်။

ထို့နောက် Green Lotus မှ Country Director, Mr. Thibaut Bara က "Informal Settlements in Myanmar : Current dynamics and new strategies" ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း၊ Danish Institute for International Studies မှ Senior Researcher , Ms. Helene Maria Kyed က "Informal Settlements and Migrant Challenges in Yangon" ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း၊ Post–Doctoral Fellow, Ms. Elizabeth Rhoads က "Housing Lessons from the Past: Urban Planning, Evictions and Alternatives in Yangon" ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

ယင်းနောက် စာတမ်းရှင်များ၊ ပညာရှင်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ စာတမ်းရှင်များက ပြန်လည်ဖြေကြား၍ အပြန်အလှန်အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ *သတင်း–စာမျက်နှာ ၃*



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ *သတင်း–စာမျက်နှာ ၃*




ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ *သတင်း–စာမျက်နှာ ၃*



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၏ဇနီး ဒေါ်ခင်ညွန့် ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ *သတင်း–စာမျက်နှာ ၃*

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ကြို့ပင်ကောက် အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သော မယင်းချောင်းခွကျေးရွာအုပ်စု ရန်ကြီးအောင်ကျေးရွာ ကျေးလက်မီးလင်းရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ အောက်တိုဘာ ၂၄ ရက်မှစတင်ကာ ကျေးရွာအတွင်း လျှပ်စစ်မီးအသုံးပြုနိုင်ပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် လူထုဗဟိုပြုကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ကျေးရွာလူထု ထည့်ဝင်ငွေကျပ် ၁၄ သိန်းကျော်ဖြင့် ကျေးရွာလူထု ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်များရေးဆွဲပြီး အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်းကို မတ်လမှ စတင် ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တွင် မီးလင်းရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ရန်ကြီးအောင်ကျေးရွာအတွင်းရှိ အိမ်ခြေ ၇၁ အိမ်တွင် လျှပ်စစ်မီးစတင်အသုံးပြုနေပြီဖြစ်ကြောင်း မယင်းချောင်းခွကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်က ပြောသည်။

ကြို့ပင်ကောက်မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် ၂၀၁၉ –၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးလက်မီးလင်းရေးလုပ်ငန်းကို ရန်ကြီးအောင်ကျေးရွာ၊ ကြံတောစုကျေးရွာ၊ ကံကြီးကျေးရွာ၊ ချောင်းပေါက်ကျေးရွာနှင့် ဥက္ကံကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာမီးလင်းရေးလုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ယနေ့ရက်စွဲဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။


အဆိုပါ ထုတ်ပြန်ချက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် Coronavirus Disease 2019 (COVID – 19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့်နေရာများမှအပ ကျန်နယ်မြေများတွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ တပ်မတော်အနေဖြင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ယခုအခါ နိုင်ငံတော်တွင် COVID – 19 ရောဂါ ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှုများ နေ့စဉ်တိုးပွားလျက်ရှိပါကြောင်း၊ ထို့ပြင် နိုဝင်ဘာ ၈ ရက်တွင်လည်း နိုင်ငံတော်အတွက် အရေးကြီးသည့် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့်လည်း COVID– 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင်လည်းကောင်း၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးတွင်လည်းကောင်း နိုင်ငံတော်နှင့် အမျိုးသား အကျိုးစီးပွားအတွက် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး၊ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာပြုလုပ်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တပ်မတော်အနေဖြင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ထပ်မံတိုးမြှင့် ရပ်ဆိုင်းပေးသွားမည်ဟု သတင်းထုတ်ပြန်ကြေညာအပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ကာဗွန်ထုတ်လွှတ်မှု နည်းပါးသော ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ် ထိန်းကျောင်းခြင်း ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃၀**

ကမ္ဘာ့ကုလသမဂ္ဂတွင် ဘုံအကျိုးစီးပွားအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် Group of 77 (G–77) အဖွဲ့ဝင်နိုင်ငံများအကြား ရာသီဥတုပြောင်းလဲမှုလျော့နည်းသက်သာစေရေး ၂၀၃၀ အစီအစဉ်တွင် ကာဗွန်ထုတ်လွှတ်မှု နည်းပါးသော ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်အား ထိန်းကျောင်းခြင်း (Maintaining a Low Carbon Development Path towards the 2030 Agenda in the era of COVID–19) ဝန်ကြီးအဆင့် အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်သည်။

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို G–77 ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော The Cooperative Republic of Guyana နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး The Cooperative Republic of Guyana နိုင်ငံသမ္မတ၊ ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းအလှည့်ကျဥက္ကဋ္ဌ ချီလီနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့က အဖွင့်အမှာစကား ပြောကြားသည်။

**မူဘောင်များ ချမှတ်ခဲ့**

ယင်းနောက် G–77 အဖွဲ့ဝင် ဝန်ကြီးအဆင့် အစည်းအဝေးဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ “ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ နှင့်စပ်လျဉ်းသည့် အလေးအနက် တိုက်တွန်းချက်များ” အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တိုင်းတွင် ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍ မူဝါဒနှင့်နည်းဗျူဟာများကို ပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်ကတည်းက တိကျပြတ်သားသည့် မူဘောင်များ ချမှတ်ထားခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိနှင့် အနာဂတ်မျိုးဆက်တို့အတွက် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိသော၊ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ရန် ရေရှည်ရည်မှန်းချက်များ ထားရှိပြီး လုပ်ဆောင်လျက်ရှိကြောင်း။

လက်ရှိအချိန်တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် မိုးကြီးရေလျှံခြင်း၊ မိုးခေါင်ခြောက်သွေ့ခြင်း၊ မုန်တိုင်းများတိုက်ခတ်ခြင်း၊ မြေပြိုခြင်းများသည် ယခင်ကထက် ပိုမိုဖြစ်ပွားလာပြီး ထိခိုက်ဆုံးရှုံးမှုများမှာလည်း ယခင်ကထက် ပိုမိုများပြား ပြင်းထန်လာခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ထိခိုက်ပျက်စီးလွယ်မှုနှင့် ဆုံးရှုံးနိုင်ခြေရှိမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ရေရှည်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် ဆောင်ရွက်ရမည်ဖြစ်သလို လတ်တလောတွင်လည်း ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးကိုလည်း ချက်ချင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များ ခံစားနေရသည့် နိုင်ငံများအနေဖြင့် သစ်တောအတန်းအစား ကျဆင်းမှုများမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအပါအဝင် သဘာဝအား အခြေခံသည့် ဆောင်ရွက်မှုများ Nature–based Solutions များ တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော ဖွံ့ဖြိုးမှု ၂၀၃၀ အစီအစဉ်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် နေနှင့် လေစွမ်းအင်အရင်းအမြစ်များ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်–၁၉ အလွန်ကာလများတွင် စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေး ကုစားဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိသော အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အလားအလာရှိသော အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် အချိန်တိုအတွင်း ထိရောက်သိသာထင်ရှားသည့် ရလဒ်များရရှိနိုင်မည်ဟု ကျွန်တော်တို့အနေဖြင့် ယုံကြည်ပါကြောင်း၊ တစ်ကမ္ဘာလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပါရီသဘောတူညီချက်နှင့် ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်မှုတို့အပေါ် အောင်မြင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် G–77 အဖွဲ့ဝင် ၁၀ နိုင်ငံတို့မှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နှစ် ရာပြည့်အမိတက္ကသိုလ်

၁။ မြေအထုဗဟို ဘဝင်ထိုထို လှမ်းနိုင်ငဲ့
မေရုမြင်းမိုရ်အထက်တစ်ခို လွှမ်းလောက်တဲ့
တက္ကသိုလ်နန်းဆိုတဲ့ မြတ်မိခင်၊
ခက်လက်စိုစို့ရှန်းစေခဲ့ တတ်သိရှင်။
၂။ သာလာဇရပ်ပါပဲ
ဆရာမြတ်အတတ်သင်ကျောင်းငဲ့ပြင်
ဇီဝက နားကြပ်ရှင်လောင်းတို့နဲ့
ဝါဏ္ဏိဇ္ဇအမြတ်မြင်ကောင်းတို့နဲ့
ဗိသုကာ လျှပ်အင်ဂျင်မောင်းတို့ရဲ့
ဝိပ္ပံကျောင်း ခေါင်းလောင်းသံချိုချိုတို့ကို
မြန်တစ်ခို မှီလိုပွားစေဖို့
ကွန်ဘုတ်ညို မေအိုတစ်ပါးက
အလျှိုလျှို ဖွားပါဘိသမို့
သားတစ်ရာအမိ၊ သက်တစ်ရာပြည့်ခဲ့ပြီ၊
ပူဇာမိပါဖြူ ဦးထိပ်ထားချင်၊
မှူးမိတ်အများတို့၊ အထူးဟိတ်တရားနဲ့
ဖူးစိတ်ပွားအစဉ်။
၃။ အဠာရသ အတတ်ပညာဘုံပါပဲ
ဗေဒစုံ ဘာသာငြိမ်းပါတဲ့
ဝိဇ္ဇာပန်း သိပ္ပံပွင့်ဆိုတဲ့
စိန်ပန်းဆင့် ကံ့ကော်ငွေနဲ့
ပိတောက်ရွှေ ခရေမွှေးတို့ကို
မွှေးမိခင် အစဉ်ပန်သော်ကြောင့်
ယခင်ဟန် သန့်ပြန့်ပြီးဟာမို့
ခံ့ခံ့ကြီး ရှင်စွာလန်းပါခဲ့
ပညာပန်းတွေနဲ့ ရှုမဝပင်
ရှုပသွင်က တင့်တယ်ဆဲ။
မူလဘဝင်က ဝင့်ထယ်(ည်)မြဲ။
၄။ ဟန်ချီထားမာန်ပီသား
မြန်ပြည်အား ခံမီကြွားစေဖို့
ပညာရှင် ထင်အရှားတွေပဲ့
ဖေမောင်တင် ထင်အောင်နှစ်ပါးတို့ပြင်
မောင်စိန်တင် စာပေသမားတဲ့
အောင်ပန်းဆင် ဘုရင်အလားပါပဲ၊
အောင်ဆန်းတွင် သခင်တစ်ပါးနဲ့
ကုလတွင် ဦးဆောင်သွားလို့
ဦးသန့်ပင် ဦးသျှောင်ထားရသတဲ့။
အမေ့သား အများအသိတွေပါပဲ၊
ကြွားနိုင်ဘိ ကမ္ဘာတစ်ခွင်မှာ
စာတင်ရ ဦးဆောက်ပန်း။
လာသင်ကြ ကူးထောက်ငြိမ်း။
သြော်--လမ်းကလည်းသင့်၊ စန်းကလည်းပွင့်
ပန်းအလှတဖွဲ့ဖွဲ့ ဝင့်နေတဲ့
နန်းမြင့်က ချစ်မာတာပါကပဲ။
ကဲ--စခန်းဖွင့်ကြနှစ်တစ်ရာပွဲ။ ။

တက္ကသိုလ်တောသား

# ရန်ကုန်တက္ကသိုလ် ကျောင်းဆောင်နေ ကျောင်းသားဘဝ



ဒေါက်တာသန်းဦး

၁။
**နောက်ခံသမိုင်း**

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် "ရန်ကုန်တက္ကသိုလ်"ကို စတင်တည်ထောင်သည့်အခါ၌ ရန်ကုန်တက္ကသိုလ်တွင် (၁) တက္ကသိုလ်ကောလိပ်၊ (၂) ဂျပ်ဆင်ကောလိပ် ဟူ၍ ကောလိပ်ကျောင်းနှစ်ကျောင်း စတင်ပါဝင်လာပါသည်။

၁၉၂၃ ခုနှစ် ကုန်ခါနီးတွင် ကျောင်းသား ၂၂၄ ဦး နေနိုင်သော သစ်သားဆောင်နှစ်ဆောင် ဆောက်လုပ်ခဲ့ရာ ယင်းတို့မှာ ယနေ့တိုင် တည်ရှိသေးသော "တကောင်းကျောင်းဆောင်" နှင့် " ပြည်ကျောင်းဆောင်" တို့ ဖြစ်ရာ ၎င်းကျောင်းဆောင်နှစ်ဆောင်ကို ၁၉၂၄ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ဖြစ်ခဲ့သည်။ ထိုကျောင်းဆောင်နှစ်ဆောင်သည် ရန်ကုန်တက္ကသိုလ်နယ်မြေ၌ ပထမဦးဆုံး တည်ဆောက်ခဲ့သော အဆောင်များဖြစ်ကြောင်း လေ့လာမှတ်သားထားရပါသည်။

ရန်ကုန်တက္ကသိုလ် ဖွင့်လှစ်ခဲ့သည့်အချိန်မှစ၍ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကာလအထိ တက္ကသိုလ်နယ်မြေတွင် တည်ဆောက်ပြီးစီးခဲ့သော

(၁) တက္ကသိုလ်ကောလိပ်အတွက် အမျိုးသားကျောင်းဆောင်ရှစ်ဆောင်နှင့် အမျိုးသမီးကျောင်းဆောင် တစ်ဆောင်၊

(၂) ဂျပ်ဆင်ကောလိပ်အတွက် အမျိုးသားကျောင်းဆောင် နှစ်ဆောင်နှင့် အမျိုးသမီးကျောင်းဆောင် တစ်ဆောင်တို့ဖြစ်ကြောင်း ထပ်လောင်းလေ့လာမှတ်သားထားရပါသည်။

တက္ကသိုလ်ကောလိပ်အောက်၌ရှိသော အမျိုးသား (ယောကျ်ား) ကျောင်းဆောင်များမှာ (၁)တကောင်း၊ (၂)ပြည်၊ (၃)ပုဂံ၊ (၄)ပင်းယ၊ (၅)အင်းဝ၊ (၆) စစ်ကိုင်း၊ (၇)ပဲခူး၊ (၈)သထုံကျောင်းဆောင်တို့ ဖြစ်ကြသည်။ အမျိုးသမီးကျောင်းဆောင်မှာ အင်းလျားဆောင်ဖြစ်ပါသည်။

ဂျပ်ဆင်ကောလိပ်အောက်၌ရှိသော အမျိုးသား (ယောကျ်ား)ဆောင်များ၊ရှေးအခေါ်(စာရေးသူတို့ခေတ်က အခေါ်) ဝယ်လင်ဂတန်ကျောင်းဆောင်၊ နေ့ဟောကျောင်းဆောင်ယခုခေတ်အခေါ် ဒဂုံကျောင်းဆောင်နှင့် ရွှေဘိုကျောင်းဆောင်တို့ ဖြစ်ကြသည်။ အမျိုးသမီးကျောင်းဆောင်မှာ မာလာဆောင်ဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ် လူနေကျောင်းဆောင်နှင့် စပ်လျဉ်း၍ အထူးသတိပြုမှတ်သားထားမိသည်များမှာ-

(၁) ကျောင်းသား ၁၃၆ ဦးဆံ့ ပုဂံကျောင်းဆောင်ကို ၁၉၂၅ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့၍ ၁၉၂၆ ခုနှစ်၌ ဖွင့်လှစ်ဖြစ်ခဲ့သည်။ ထိုပုဂံကျောင်းဆောင်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မီးလောင်ပျက်စီးခဲ့သည်။ ယခုလက်ရှိ တကောင်းနှင့်ပြည်ကျောင်းဆောင်တို့ အနီး၌ တည်ရှိသော ပုဂံဆောင်မှာ အသစ်ပြန်လည်တည်ဆောက်ထားသော အဆောင်ဖြစ်ပါသည်။

(၂) ယခု အင်းလျားအမျိုးသမီးကျောင်းဆောင်ကို ၁၉၃၁ ခုနှစ်တွင် ဆောင်လုပ်ခဲ့သည်ဟု သိရပါသည်။

(၃) ယခု လက်ရှိ ရတနာအမျိုးသမီးကျောင်းဆောင်မှာ အင်းလျားကျောင်းဆောင်နှင့်ကပ်လျက် ဆောက်လုပ်ထားသော နောက်တိုးထားသော နောက်တိုး အမျိုးသမီးကျောင်းဆောင် တစ်ဆောင်ဖြစ်ပါသည်။ (လွတ်လပ်ရေးရပြီးနောက် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။)

(၄) ၁၉၂၈ ခုနှစ်၌ တက္ကသိုလ်ကောလိပ်အတွက် ယောကျ်ားဆောင် ငါးဆောင် "ပင်းယ"၊ "အင်းဝ"၊ "စစ်ကိုင်း"၊ "ပဲခူး"၊ "သထုံ" ဆောင်တို့ကို ဆောက်လုပ်ပြီးစီးခဲ့သည်။ အဆိုပါနှစ်၌ပင် ဂျပ်ဆင်ကောလိပ်အတွက် ယောကျ်ားကျောင်းဆောင်နှစ်ဆောင်ဖြစ်သော ဒဂုံနှင့် ရွှေဘိုဆောင်တို့ကို ဆောက်လုပ်ပြီးစီးခဲ့ကြောင်း အစီရင်ခံစာ၌ တွေ့ရှိမှတ်သားရပါသည်။

(၅) ယောကျ်ားကျောင်းဆောင် (အမျိုးသားအဆောင်)များကို အမည်မှည့်ခေါ်ရာ၌ ထူးခြားမှုတစ်ခု ရှိပါသည်။ ၎င်းတို့မှာ မြန်မာနိုင်ငံ၏ နိုင်ငံ့သမိုင်း၌ ထင်ရှားခဲ့သော မင်းနေပြည်တော်ရုံးစိုက်ရာ မြို့အမည်တို့ ဖြစ်နေခြင်းကို အထူးသတိပြု မှတ်သားမိပါသည်။

(၆) မြန်မာ့သမိုင်းစဉ်၌ ထင်ရှားခဲ့သော တကောင်း၊ ပြည်(သရေခေတ္တရာ)၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ရွှေဘို၊ ပဲခူး၊ သထုံ၊ ဒဂုံ တို့ ဖြစ်ကြပါသည်။ ထိုကဲ့သို့ အဆောင်အမည်များကို မှည့်ခေါ်ထားခြင်းသည် နောင်လာ နောက်သားတို့အတွက် မြန်မာနိုင်ငံ၏ မင်းနေပြည်တော်တို့၏ အမည်တို့ကို အမှတ်တရ၊ သတိတရ ဂရုပြု မှတ်သားမိစေရန် ဖြစ်ပါသည်။



ရန်ကုန်တက္ကသိုလ်ရှိ ပင်းယဆောင်။ ဓာတ်ပုံ-မြင့်မောင်မောင်

၂။
**ကျောင်းဆောင်နေ ကျောင်းသားဘဝ**

ရန်ကုန်တက္ကသိုလ် (တက္ကသိုလ်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်)တွင် ကျောင်းအိပ်ကျောင်းစားအဖြစ်နေထိုင်ရသော အမျိုးသားကျောင်းဆောင်၊ အမျိုးသမီးကျောင်းဆောင်(Hostels)တို့၌ကျောင်းဆောင်နေ ကျောင်းသားဘဝ ကျောင်းသူဘဝကို ဤစာရေးသူက အမှတ်တရ တင်ပြလိုသော အာသီသရှိပါ၍ ယခုကဲ့သို့ နောက်ခံသမိုင်း အကျဉ်းနှင့်တကွ အဆောင်နေဘဝကို တင်ပြရခြင်းဖြစ် ပါသည်။

ဤစာရေးသူသည် အသက်အားဖြင့် ၉၂ နှစ်ရှိပြီ ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်၌ ပထမဘွဲ့အတွက် ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၄ ခုနှစ်အထိ ပထမအကြိမ် တက္ကသိုလ်စတင် ကျောင်းနေစဉ်ကတစ်ကြိမ်၊ ဒုတိယဘွဲ့ ဘွဲ့လွန်အတွက် ၁၉၅၉ -၆၀ ပညာသင်နှစ်တွင် ကျောင်းနေစဉ်က တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ကျောင်းအိပ်ကျောင်းစား ကျောင်းဆောင်နေ ကျောင်းသားဘဝကို ရရှိသူဖြစ်ခဲ့ပါသည်။ စာမျက်နှာ ၇ သို့ ❖

○ မြန်မာ့သမိုင်းစဉ်၌ ထင်ရှားခဲ့သော တကောင်း၊ ပြည် (သရေခေတ္တရာ)၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ရွှေဘို၊ ပဲခူး၊ သထုံ၊ ဒဂုံတို့ ဖြစ်ကြ။

○ ထိုကဲ့သို့ အဆောင်အမည်များကို မှည့်ခေါ်ထားခြင်းသည် နောင်လာ နောက်သားတို့အတွက် မြန်မာနိုင်ငံ၏ မင်းနေပြည်တော်တို့၏ အမည်တို့ကို အမှတ်တရ၊ သတိတရ ဂရုပြု မှတ်သားမိစေရန်ဖြစ်။



ရန်ကုန်တက္ကသိုလ်နယ်မြေရှိ တကောင်းဆောင်။ ဓာတ်ပုံ-တင်စိုး

❖ စာမျက်နှာ ၆ မှ

### ပင်းယဆောင်၌ နေထိုင်ခြင်း

ဤစာရေးသူသည် လွတ်လပ်ရေးရပြီး နောက်တစ်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့ပါသည်။ ၁၉၅၀–၅၁ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ် ဥပစာဝိဇ္ဇာပထမနှစ်သင်တန်းကို တက်ခွင့်ရခဲ့ပါသည်။စာရေးသူတို့ခေတ်က ဥပစာဝိဇ္ဇာပထမနှစ်တွင် စာမေးပွဲမရှိပါ။ ဒုတိယနှစ်တွင်သာ စာမေးပွဲရှိပါသည်။(ပထမနှစ်နှင့် ဒုတိယနှစ်ပေါင်း၍ ဖြေရပါသည်။)

ကျောင်းဆောင်၌ နေထိုင်ရန် လျှောက်ထားခဲ့ရာ ပင်းယကျောင်းဆောင်အောက်ဆုံး မြေညီထပ်၌ နေထိုင်ရန် အခန်းတစ်ခန်းရရှိခဲ့ပါသည်။ ထိုစဉ်က တစ်ယောက်ခန်းတွင် တစ်ယောက်တည်း နေထိုင်ခွင့်ရခဲ့ခြင်းဖြစ်ပါသည်။ ပင်းယဆောင် အဆောင်နည်းပြဆရာ (Hall Tutor) မှာ ဆရာဦးဘတုတ် (ယခုသင်္ချာပါမောက္ခ–ငြိမ်း ဆရာကြီးဦးဘတုတ်) သက်ရှိထင်ရှားရှိနေဆဲ ဆရာကြီးတစ်ဦး ဖြစ်သည်။ ပင်းယဆောင်၌ အဆောင်မှူးမှာ ဥပဒေမဟာဌာန မဟာဌာနမှူး ဦးမြင့် ဖြစ်ပါသည်။

ပင်းယဆောင် မြေညီထပ်၌ စာရေးသူနှင့် အခန်းချင်းဆက် နေထိုင်ကြသူများကို ကောင်းစွာမှတ်မိနေဆဲဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့မှာ ကွယ်လွန်သွားကြပြီဖြစ်ပါသည်။ သို့ဖြစ်၍ အမည်များကို မဖော်ပြတော့ပါ။

မိဘနှင့်အတူ တက္ကသိုလ်ဝင်တန်းအောင်သည်အထိ အတူနေထိုင်ခဲ့ရာမှ မိဝေး၊ ဖဝေး၊ ရပ်ဝေးမြေခြား တက္ကသိုလ်ကျောင်းဆောင်သို့ စတင်လာရောက်နေထိုင်စအခါက နေမထိ ထိုင်မသာ ခံစားနေထိုင်ခဲ့ရပါသည်။ ရောက်စ၌ မိမိနေအိမ်ကိုသာ အမြဲသတိရ အထူးလွမ်းဆွတ်နေပါသည်။ နောက်တဖြည်းဖြည်း နေသားတကျဖြစ်လာရပါသည်။ နောက်နေတတ်သွားပါသည်။

တက္ကသိုလ်ကျောင်းသားဘဝ၌ အဆောင်နေကျောင်းသားဘဝသာ မပါဝင်ခဲ့ပါက ပြီးပြည့်စုံသည့်ဘဝဟု မယူဆပါ။ အကြောင်းရှိပါသည်။ တက္ကသိုလ်ကျောင်းသားဘဝ၌ ထိုစဉ်က ဘာသာတွဲစနစ် (Combination System) အရ ဘာသာတွဲကိုယူရသဖြင့် ဘာသာရပ်တူ ကျောင်းနေဖက်သူငယ်ချင်းများနှင့်အတူ တက်ရပါသည်။ ဘာသာရပ်တူ ကျောင်းနေဖက်သူငယ်ချင်းများသာ ရရှိခဲ့ခြင်းဖြစ်ပါသည်။

အမျိုးသားကျောင်းဆောင်၌ နေထိုင်ရသောအခါတွင် ဘာသာရပ်တူ ကျောင်းနေဖက်သူငယ်ချင်းများသာမက ဘွဲ့ကြို၊ ဘွဲ့လွန်၊ ဘာသာရပ်အမျိုးမျိုး၊ အတန်းအမျိုးမျိုး၊ အရပ်ဒေသအမျိုးမျိုး၊ လူမျိုးနွယ်အမျိုးမျိုး၊ ကိုးကွယ်သည့်ဘာသာအမျိုးမျိုး၊ စရိုက်၊ အလေ့အကျင့်အမျိုးမျိုးရှိကြသည့် အဆောင်နေဖက် သူငယ်ချင်းများနှင့် စားအတူ၊ သွားအတူ၊ လာအတူ ပြောဆိုဆက်ဆံ ပေါင်းသင်းနေထိုင်ကြရခြင်းကြောင့် လူမှုဆက်ဆံရေး၊ အလေ့အကျင့်ကောင်းများကို လက်တွေ့ကျကျ ကျင့်သုံးရသဖြင့် များစွာအကျိုးများလှပါသည်။ အလွန်အဖိုးတန်လှပါသည်။

တစ်ဦးနှင့်တစ်ဦး သဘောနားလည်ခြင်း၊ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး စာနာခြင်း၊ ထောက်ထားခြင်း၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီခြင်း၊ အထူးသဖြင့် နေထိုင်မကောင်းသည့်အခါ ပြုစုခြင်း၊ စောင့်ရှောက်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အားပေးအားမြှောက်ခြင်း၊ လက်တွဲခေါ်ခြင်း၊ စည်းရုံးခြင်း၊ ညီညွတ်ခြင်း၊ အပေးအယူတတ်ခြင်း စသည့် အလွန်ကောင်းမြတ်သော လူ့ကျင့်ဝတ်သိက္ခာများကို အဆောင်နေဘဝ၌ ကောင်းစွာရရှိခဲ့ခြင်းဖြစ်ပါသည်။ ဤသည်တို့မှာ ဆောင်ရန်များဖြစ်ကြပါသည်။ (ရှောင်ရန်များလည်း ရှိပါသည်။ ရှောင်ရန်များကိုတော့ ရှောင်ကြဉ်ကြရန်ပင် ဖြစ်ပါသည်။)

၃။

### တကောင်းကျောင်းဆောင်၌ နေထိုင်ခြင်း

ဤစာရေးသူသည် ပထမဘွဲ့ (ဘီ၊ အေ၊ အီးဒီဘွဲ့) ကို ရရှိပြီးနောက် ပညာရေးဌာနတွင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆရာကြီးဘဝသို့ ရောက်ရှိခဲ့ပါသည်။ အလုပ်ခွင်အတွင်း ငါးနှစ်မျှ အမှုထမ်းဆောင်ပြီးနောက် ဘွဲ့လွန်ဘွဲ့တစ်ခုခုဖြစ်သော ဘီအီးဒီဘွဲ့သင်တန်းသို့ ၁၉၅၆–၆၀ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ် ပညာရေးမဟာဌာန၌ တက်ရောက်ခွင့်လျှောက်ထားခဲ့ရာ တက်ရောက်ပညာဆည်းပူးခွင့်ရခဲ့ပြန်ပါသည်။

ဤတစ်ကြိမ်တွင် စာရေးသူသည် အမှုထမ်းတစ်ယောက်ဖြစ်နေပါပြီ။ အိမ်ထောင်ကျ၍ သားသမီးများလည်း ရှိနေပြီဖြစ်ပါသည်။ အဆောင်နေခွင့်ကို တကောင်းကျောင်းဆောင်အပေါ်ဆုံးအထပ် လမ်းမကြီးနှင့် ကပ်လျက်အခန်း၌ နေခွင့်ရခဲ့ပါသည်။ ပြည်လမ်းမကြီးနှင့် ကပ်လျက်အခန်းဖြစ်သဖြင့် ကားသံများ နေ့ရောညပါ အလွန်ဆူညံနေပါသည်။ အခန်းရောက်စ၌ ထိုအသံများကြောင့် အနှောင့်အယှက်ဖြစ်ရပါသည်။ စာဖတ်ချိန်၊ စာကျက်ချိန်တွင် အဆိုးဆုံး ခံစားရပါသည်။ သို့ရာတွင် နောက်ပိုင်း၌ နေသားတကျ ဖြစ်လာပါသည်။

ယခုအခါတွင် မိဘနှင့်ခွဲခွာ၍ နေရခြင်းမဟုတ်တော့ဘဲ အိမ်ထောင်နှင့်ခွဲခွာ၍ နေထိုင်ရခြင်း တစ်မျိုးဖြစ်ပါသည်။ မကြာခဏဆိုသလို မိမိအိမ်ထောင်ရှိရာ ဇနီး၊ သားသမီးများဆီသို့ သံယောဇဉ်အရ စိတ်ရောက်နေတတ်ပါသည်။ သောကလည်း ရောက်နေတတ်ပါသည်။

တကောင်းကျောင်းဆောင်၌ နေထိုင်ရစဉ် စားအတူ၊ သွားအတူ၊ လာအတူ၊ ကျောင်းတက်အတူ နေကြရသူများမှာ အလုပ်ခွင်မဝင်ရသေးသည့် လူငယ်ပညာရေးသင်တန်းများနှင့် အလုပ်ခွင်တွင်းမှ တက်ရောက်လာသည့် သင်တန်းသားများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ နေရာအနှံ့မှ ပြည်နယ်အသီးသီးမှ ပြည်နယ်သားများ၊ တိုင်းဒေသကြီးသားများ အပါအဝင် လူမျိုးအနွယ်စုံ၊ ကိုးကွယ်သည့် ဘာသာစုံ၊ လူမျိုးယဉ်ကျေးမှုစုံတို့နှင့် အတူတူ တွဲယှဉ်၍ နေထိုင်ခွင့်ရပြန်သဖြင့် များစွာအကျိုးဖြစ်ထွန်းလာပြန်ပါသည်။

ထိုကဲ့သို့ အတူအကွ နေထိုင်ကြရသဖြင့် တစ်ဦးနှင့်တစ်ဦး အချင်းချင်းထံမှ ဒေသဆိုင်ရာ ထူးခြား၊ ကွဲပြားသည့် အခြေအနေများ၊ ဒေသအလျောက် သင်ကြားသင်ယူမှုပြုကြရသည်များ၊ ဒေသအလျောက် ဆရာ ဆရာမများ ဘဝ ရုန်းကန် လှုပ်ရှားနေရမှုများ၊ ဒေသအလျောက် ယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပမှု၊ ဝတ်စားဆင်ယင်မှု၊ ဓလေ့စရိုက် လက္ခဏာများ ခြားနားမှုအလျောက် သွားလာနေထိုင်ပြောဆို ဆက်ဆံဆောင်ရွက်မှုများကို တစ်ဝကြီးစုစည်းရရှိလိုက်ပါသည်။ ထိုသို့ ရရှိလာသည့် ဘာသာရပ်ဆိုင်ရာ ဗဟုသုတ၊ ဘာသန္တရ ဗဟုသုတ၊ ဒေသဆိုင်ရာ ဗဟုသုတ၊ ဒေသန္တရဗဟုသုတတို့ကို ကျောင်းဆောင်တစ်နေရာတည်းမှာနေရင်း ရယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံဒေသအသီးသီးတွင် ပညာရေးဝန်ထမ်းနေကြသည့် ပညာရေးမိသားစုဝင်များနှင့် မိတ်ဖွဲ့ကာ မဟာမိတ်ဖြစ်ရခြင်း၊ ကျောင်းနေဖက်၊ အဆောင်နေဖက် မိတ်ဆွေဖြစ်ရခြင်းတို့သည် ပညာရေးမိသားစုစိတ်ဓာတ်ကို ဖွံ့ဖြိုးရှင်သန်လာစေခဲ့ပါသည်။ သင်တန်းဆင်းသွားပြီးနောက် အလုပ်ခွင်အတွင်းအပ နှစ်ဌာန၌ ပြန်လည်ဆုံတွေ့ကြရသည့် အခါ များစွာမှ နှစ်ထောင်းအားရဝမ်းသာဂုဏ်ယူကြပါသည်။ ၎င်းတို့ထံမှ လှိုက်လှိုက်လှဲလှဲ ကူညီမှုများလည်း ရရှိပြီး ပီတိများစွာ ဖြစ်ရပါသည်။ ယနေ့တိုင် မမေ့နိုင်ကြပါ။

ဤစာရေးသူသည် ပင်းယကျောင်းဆောင်နှင့် တကောင်းကျောင်းဆောင်တို့၌ နေထိုင်ခဲ့ရစဉ်အတွင်း ကျောင်းဆောင် သဟာယအသင်းများ ဝါယမစိုက်ထုတ်ဆောင်ရွက်မှု အရပ်ရပ်ကိုလည်း အထူးသတိပြု မှတ်သားမိပါသည်။ အဆောင်သဟာယအသင်းခန်းမကျယ်၌ နေ့စဉ်ထုတ်သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်စသည်များကို နေ့စဉ်ဖတ်ရှုခွင့် ရခဲ့ပါသည်။ ထိုခေတ်က ရေဒီယိုကိုလည်း နံနက်တိုင်း၊ ညတိုင်း နားထောင်ခွင့်ရခဲ့ပါသည်။ သဟာယအဆောင်အတွင်း စိတ်ကြိုက်ထိုင်၍ ကစားစရာများကိုလည်း တစ်ယောက်ချင်းနှင့် ဝိုင်းဖွဲ့ကစားခြင်းများ ပြုလုပ်နိုင်ပါသည်။ အထူးသဖြင့် နေ့ကြီး၊ ရက်ကြီး၊ အခါကြီးတို့၌ ကျောင်းဆောင်သဟာယအသင်းက ကြီးမှူးပြီး နံရံကပ်စာစောင်၊ လက်ဝေစာစောင်များ၊ ကျပန်းစကားပြောပွဲများ၊ ဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ ပြင်ပပညာရှင်ဟောပြောပွဲများစသည့် ပညာပေးပွဲများကို ပြုလုပ်ပေးပါသည်။

ပညာသင်နှစ်အဆုံးတွင် အဆောင်အလိုက် ညစာစားပွဲ (Grand Dinner) ကို မှတ်မှတ်ရရ နာမည်ကြီး၊ နာမည်ကျော် အငြိမ့်များကို ငှားရမ်းပြီး ပွဲလမ်းသဘင်ဆင်ယင်ကျင်းပပေးရာ အဆောင်သားများ၊ ဖိတ်ကြားထားသူများနှင့်အတူ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြရသည်များကိုလည်း တစ်သက်၌ မမေ့နိုင်အမှတ်တရဖြစ်ကြရပါသည်။

ဤစာရေးသူသည် နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ ပညာတော်သင်သွားရောက်ရ၍ နိုင်ငံရပ်ခြား တက္ကသိုလ်၌ ပညာသင်ယူစဉ်၌လည်းကောင်း၊ နေထိုင်ခွင့်ရခဲ့သော ကျောင်းဆောင်၌ ကမ္ဘာအရပ်ရပ်မှ ကျောင်းသားကျောင်းသူများနှင့် အတူတကွ ယှဉ်တွဲ၍ နေထိုင်ရသည့်အခါတွင်လည်းကောင်း အမိတက္ကသိုလ်အဆောင်များ၌ နေထိုင်ခဲ့ရဖူးသည့် ကြွယ်ဝသော ဘဝအတွေ့အကြုံများ၏ ကျေးဇူးကြောင့် ချောမောပြေပြစ်စွာ၊ ကောင်းမွန်စွာ၊ ပြောဆိုဆက်ဆံနေထိုင် မိတ်ဖွဲ့နိုင်ခဲ့ပါကြောင်း ကိုယ်တွေ့လက်တွေ့ကျကျ တွေ့မြင်ခံစား စံစားဖြစ်ခဲ့ရပါသည်။

အချုပ်အားဖြင့် စာရေးသူအနေဖြင့် တင်ပြဆွေးနွေးလိုသည်မှာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ စသည့် ကျောင်းသားဘဝတွင် စာသင်သားဘဝသက်သက်ဖြင့် ပြည့်စုံလုံလောက်မှုရှိမည် မဟုတ်ပါ။ အဆောင်နေဘဝကိုပါ တစ်ပါတည်း မုချထည့်သွင်းပါဝင်မှုပြုပါမှ ပြည့်စုံသောဘဝ (Full Life) ကို မုချရရှိကြရလိမ့်မည်ဖြစ်ပါသည်။

ထိုကဲ့သို့ စာသင်သားဘဝ အဆောင်နေဘဝ နှစ်ရပ်စလုံး ကုံလုံမှုဖြင့် နိုင်ငံ့သားကောင်း၊ နိုင်ငံ့သမီးမွန်၊ ကမ္ဘာ့သားကောင်း၊ ကမ္ဘာ့သမီးမွန်အဖြစ်တို့သို့ မုချမလွဲမသွေ ပြုစုပျိုးထောင်ပေးမှု တက်လှမ်းမှု ပြုနိုင်ကြမည်ဖြစ်ပါကြောင်း.............။

**“ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊**
**ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌**
**တည်စေမင်း.........”**
**ကန်တော်မင်းကျောင်းဆရာတော်ဘုရားကြီး**
**(မြန်မာသက္ကရာဇ် ၈၀၀–၈၇၅)**

## ဆောင်းပါးရှင် ဆရာကြီး ဒေါက်တာသန်းဦး၏ ကိုယ်ရေးအကျဉ်း

| | |
|---|---|
| ၁၉၅၀ | ရန်ကုန်တက္ကသိုလ် ဘီအေ(အီးဒီ)ဘွဲ့ |
| ၁၉၅၄ | ကျောင်းအုပ်ကြီး၊ အထက၊ ပုတီးကုန်း၊ ပြည်ခရိုင် |
| ၁၉၆၀ | ဘီအီးဒီဘွဲ့ မဟာသရေစည်သူ ဒေါက်တာဦးဘ၏ ပထမရွှေတံဆိပ်ဆုကို ဝန်ကြီးချုပ် ဦးနုက ချီးမြှင့်ခဲ့ |
| ၁၉၆၀ | ကျောင်းအုပ်ကြီး၊ အထက၊ အုတ်ဖို၊ သာယာဝတီ ခရိုင် |
| ၁၉၆၃ | အမ်အီးဒီဘွဲ့ (အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီ တက္ကသိုလ်) |
| ၁၉၆၃ | လက်ထောက်အုပ်ချုပ်ရေးမှူး၊ ပညာမင်းကြီးရုံး |
| ၁၉၆၄–၁၉၆၅ | ကျောင်းအုပ်ကြီး၊ ပုသိမ်ဆရာအတတ်သင်ကျောင်း |
| ၁၉၆၆–၁၉၇၇ | လက်ထောက်သုတေသနအရာရှိမှ ဥက္ကဋ္ဌ ရာထူးအထိထမ်းဆောင် (မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့/ဦးစီးဌာန) |
| ၁၉၇၇–၁၉၈၅ | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန |
| ၁၉၉၉ | မြန်မာနိုင်ငံ ပညာရေးဌာန သမိုင်းစာအုပ်ဖြင့် (အမျိုးသားစာပေဆုရ) |
| ၁၉၉၉–၂၀၁၃ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ |
| ၁၉၉၉–ယနေ့အထိ | ဥက္ကဋ္ဌ၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ |
| ၁၉၉၉–ယနေ့အထိ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန |
| ၂၀၁၅–ဇန်နဝါရီ | ရန်ကုန်တက္ကသိုလ် Doctor of Letters (Honoris Causa)ဘွဲ့ |
| ၂၀၁၅–မေ | အမေရိကန်နိုင်ငံ၊ ဟာဝိုင်ရီတက္ကသိုလ် Doctor of Humane Letters,(Honoris Causa)ဘွဲ့ |
| ၂၀၁၅–ဇွန် | နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် |
| ၂၀၁၈ | ပခုက္ကူ ဦးအုံးဖေတစ်သက်တာစာပေဆုရ |



ရန်ကုန်တက္ကသိုလ်ရှိ ပုဂံဆောင်။ ဓာတ်ပုံ–တင်စိုး

# နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ မြို့နယ်များမှ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများ၏ စကားသံများ

တွေ့ဆုံမေးမြန်း
မျိုးမြင့်၊ မျိုးသူဟိန်း
ဓာတ်ပုံ-စိုးဝင်းထွန်း

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် အောက်တိုဘာ ၂၉ ရက်မှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးလျက်ရှိကြသည်။

ယနေ့တွင်လည်း နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိ မြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများသို့လာရောက်၍ ကြိုတင်ဆန္ဒမဲများကို လျှို့ဝှက်ဆန္ဒပြုမဲပေးလျက်ရှိကြသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ်များရှိ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်နေကြသည့် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ မဲရုံးမှူးများနှင့် ကြိုတင်ဆန္ဒမဲပေးကြသည့်ပြည်သူများ၏ ပြောကြားချက်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -

**ဦးဇော်မင်း (ဥက္ကဋ္ဌ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်)**

သပြေကုန်းရပ်ကွက်မှာ ဆန္ဒမဲပေးဖို့အတွက် မဲရုံနှစ်ရုံရှိပြီး မဲဆန္ဒရှင်ဦးရေ ၄၃၀၀ ကျော်ရှိပါတယ်။ အသက်(၆၀) ကျော် ကြိုတင်ဆန္ဒမဲပေးမယ့် ဦးရေ ၃၆၀ ကျော်ရှိပါတယ်။ အသက်(၆၀) ကျော်ပြီး ကျန်းမာသန်စွမ်းတဲ့သူတွေကတော့ မဲရုံမှာလာရောက်မဲပေးကြပါတယ်။ မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် အသက်(၆၀) ကျော်တဲ့ ကျန်းမာရေးမကောင်းတဲ့သူ၊ မဲရုံကိုလာရောက် မဲမပေးနိုင်တဲ့သူတွေအတွက် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ဝင်တစ်ဦး၊ မဲရုံမှူး၊ ပါတီတွေက ကိုယ်စားလှယ်တွေနဲ့အတူ အိမ်အရောက်သွားပြီး မဲပေးနိုင်ဖို့ ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် ရပ်ကွက်ထဲမှာရှိတဲ့ မသန်စွမ်းသူတွေကိုလည်း မဲပေးနိုင်ဖို့အတွက် အိမ်အရောက် ဆောင်ရွက်ပေးပါတယ်။ ကိုဗစ်-၁၉ ကာလမှာ အသက်(၆၀)ကျော် အသက်အရွယ်ကြီးရင့်တဲ့သူတွေ၊ ကျန်းမာရေးမကောင်းတဲ့သူတွေအတွက် သီးခြားအနေနဲ့ ကြိုတင်မဲပေးရတဲ့အတွက် ရောဂါကာကွယ်ပြီးသား ဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေအနေနဲ့လည်း စိတ်ကျေနပ်မှုရမယ်လို့ ယုံကြည်ပါတယ်။ မဲလာရောက်ပေးတဲ့သူတွေ မဲစာရင်းအလွယ်တကူရှာတွေ့နိုင်ဖို့ လမ်းညွှန်ဇယားတွေကပ်ထားပါတယ်။ မဲဆန္ဒရှင်တစ်ဦးက သူ့ရဲ့မဲစာရင်းကိုအလွယ်တကူ မတွေ့ဘူးဆိုရင် သူနေထိုင်တဲ့ခြံအမှတ်ကို ပြောတာနဲ့ မဲစာရင်းချက်ချင်းသိနိုင်အောင် ဆောင်ရွက်ထားပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့လည်း လာရောက်မဲပေးတဲ့သူတွေကို အပူချိန်တိုင်းပေးတယ်။ လက်ဆေးဘေစင်တွေ၊ လက်သန့်ဆေးရည်၊ Mask၊ အပူချိန်တိုင်းကိရိယာတွေကို အဆင်သင့်အသုံးပြုနိုင်ဖို့ ဆောင်ရွက်ပေးထားပါတယ်။

**ဒေါ်ခင်စိန်ကြည် (မဲဆန္ဒရှင်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

အခေါက အသက်(၆၀) ကျော်ပြီဖြစ်တဲ့အတွက် ကြိုတင်မဲလာပေးတာပါ။ မဲစာရင်းကို ယခင်ကတည်းက လာကြည့်ထားတော့ အခုမဲပေးတဲ့အခါမှာလည်း လွယ်လွယ်ကူကူနဲ့ မဲပေးနိုင်ပါတယ်။ မဲပေးရတာလည်း အဆင်ပြေပါတယ်။ လွတ်လပ်စွာမဲပေးနိုင်ခဲ့တယ်။ တစ်ဦးတစ်ယောက်က စိတ်အနှောင့်အယှက်ပေးတာမျိုး မရှိပါဘူး။ ကိုယ့်စိတ်ကြိုက် မဲပေးခဲ့ရပါတယ်။ အခုလို မဲပေးခဲ့ရတဲ့အတွက်လည်း နိုင်ငံသားတစ်ဦးအနေနဲ့ နိုင်ငံအတွက် တစ်ထောင့်တစ်နေရာက တာဝန် ထမ်းဆောင်နိုင်ခဲ့တယ်လို့ မြင်ပါတယ်။ ကိုဗစ်ကာလဆိုတော့ တန်းစီတဲ့နေရာမှာလည်း သတ်မှတ်တဲ့အကွာအဝေးနဲ့ တန်းစီရတယ်။ မဲပေးမယ့်နေရာကို ဝင်တဲ့အခါမှာလည်း အဖျားတိုင်းတယ်။ လက်သန့်ဆေးရည်နဲ့ လက်ဆေးရတယ်။ မဲပေးပြီးတော့ ပြန်ထွက်လာတဲ့အခါမှာလည်း လက်ကို ဆပ်ပြာနဲ့ သန့်စင်အောင် ဆေးကြောရပါတယ်။

**ဦးထွန်းရှိန် (မဲဆန္ဒရှင်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

ကြိုတင်မဲပေးရတာ အားလုံးအဆင်ပြေပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ လမ်းညွှန်ချက်တွေကိုလည်း တိတိကျကျလိုက်နာပြီး လိုအပ်တာတွေ အသုံးပြုနိုင်ဖို့ ဆောင်ရွက်ပေးပါတယ်။ လုံလုံခြုံခြုံနဲ့ လွတ်လွတ်လပ်လပ် မဲပေးခွင့်ရပါတယ်။ မဲပေးဖို့ တန်းစီရတဲ့အချိန်ကနေစပြီး မဲပေးပြီးတဲ့အချိန်ထိ နည်းနည်းတော့ ကြာသွားပါတယ်။ ကြာတယ်ဆိုတာကလည်း မဲလာပေးတဲ့သူတချို့က သူတို့ရဲ့ မဲစာရင်းတွေ ကြိုတင်မကြည့်ထားကြတော့ နည်းနည်းကြန့်ကြာမှုတွေရှိပါတယ်။ ဒါပေမယ့် လိုအပ်တာတွေကို မဲရုံတာဝန်ရှိသူတွေက ကူညီပေးနေပါတယ်။ ဒါကြောင့် နောက်ရက်တွေမှာ ကြိုတင်မဲပေးမယ့်သူတွေအနေနဲ့လည်း မဲစာရင်းတွေ ကြည့်ထားကြဖို့ ပြည်သူတစ်ယောက်အနေနဲ့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်သန်းမြိုင် (မဲဆန္ဒရှင်၊ စက်ကုန်းကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်)**

အဘွားက အသက်(၇၅)နှစ်ရှိပါပြီ။ အသက်(၆၀) ကျော်တွေအတွက် ကြိုတင်မဲပေးကြဖို့ စီစဉ်ပေးထားတဲ့အတွက် ကျည်တောင်ကန်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှာ ကြိုတင်ဆန္ဒမဲလာပေးတာဖြစ်ပါတယ်။ မဲစာရင်းလည်း ကြိုပြီးကြည့်ထားတော့ မဲပေးရတာ အားလုံးအဆင်ပြေပါတယ်။ လွတ်လွတ်လပ်လပ်ရှိပါတယ်။ ကိုယ့်စိတ်ကြိုက်ပေးခဲ့ရပါတယ်။ Mask တပ်တာ၊ လက်ဆေးတာတွေကိုလည်း ဆောင်ရွက်နိုင်ဖို့ မဲရုံအဝင်မှာ တာဝန်ရှိသူတွေက ဆောင်ရွက်ပေးထားပါတယ်။ အဘွားအမျိုးသားကလည်း အသက်(၇၅)နှစ်ရှိပါပြီ။ သူကတော့ ကျန်းမာရေးအခြေအနေအရ မဲလာမပေးနိုင်လို့ တာဝန်ရှိသူတွေက အိမ်တိုင်ရာရောက်မဲပေးနိုင်ဖို့ လာရောက် ဆောင်ရွက်ပေးကြမယ်လို့ သိရပါတယ်။ အဲဒီအတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးထွန်းဝင်း (မဲရုံမှူး၊ ကျည်တောင်ကန်ကျေးရွာအုပ်စု၊ ပုဗ္ဗသီရိမြို့နယ်)**

ဒီတစ်ကြိမ်ရွေးကောက်ပွဲက မဲရုံမှူးတွေကို သင်တန်းပေးထားတဲ့အတွက် လုပ်ငန်းတွေ ဆောင်ရွက်ရတဲ့အခါမှာ အရင်ကထက် ပိုပြီးအဆင်ပြေပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေအတိုင်း မဲရုံတိုင်းမှာ ကျန်းမာရေးဝန်ထမ်းတွေရှိသလို လုံခြုံရေးအတွက်လည်း မဲရုံတွေအတွက် အထူးရဲတွေကလည်း တာဝန်ယူဆောင်ရွက်နေပါတယ်။ လိုအပ်တဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပစ္စည်းတွေကိုလည်း ကျန်းမာရေးဌာနက ပံ့ပိုးဆောင်ရွက်ပေးထားပါတယ်။ မနေ့ကစပြီး ကြိုတင်မဲပေးခွင့်ရှိသူတွေ လာရောက်မဲပေးနေကြပါပြီ။ နောက်ပိုင်းရက်တွေမှာတော့ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက တာဝန်ရှိသူတွေ၊ မဲရုံတာဝန်ရှိသူတွေ ပါဝင်တဲ့အဖွဲ့က အိမ်အရောက်သွားပြီး လာရောက်မဲမပေးနိုင်တဲ့ သက်ကြီးရွယ်အိုတွေ၊ ကျန်းမာရေးမကောင်းသူတွေနဲ့ မသန်စွမ်းတွေအတွက် မဲထည့်နိုင်အောင် လိုက်လံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**ဦးညိုကြီး (ဥက္ကဋ္ဌ၊ ကျည်တောင်ကန်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ပုဗ္ဗသီရိမြို့နယ်)**

ကျွန်တော်တို့နယ်မြေမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၈၀၀ ကျော် ရှိပါတယ်။ ကြိုတင်ဆန္ဒမဲပေးမယ့်သူ ၂၀၀ ကျော်ရှိပါတယ်။ ဒီနေ့အထိ ကြိုတင်ဆန္ဒမဲလာပေးတာ လူဦးရေ ၁၀၀ ကျော်ရှိပါတယ်။ ကြိုတင်ဆန္ဒမဲလက်မှတ်တွေ ထည့်ထားတဲ့ မဲပုံးတွေကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးမှာ လုံခြုံစိတ်ချရအောင်ထားပြီး မဲရုံမှူး၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲက တာဝန်ရှိသူတွေ၊ ပါတီကိုယ်စားလှယ်တွေနဲ့ ရဲတပ်ဖွဲ့က လုံခြုံမှုရှိအောင် နေ့၊ ည တာဝန်ယူစောင့်ရှောက်ကြပါတယ်။ ကျွန်တော်တို့အနေနဲ့က မဲပေးတဲ့သူတွေ လုံလုံခြုံခြုံလွတ်လွတ်လပ်လပ် မဲပေးနိုင်ဖို့နဲ့ ဆန္ဒမဲတွေ လုံခြုံစိတ်ချဖို့အတွက်ကို အဓိက ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့အုပ်စုမှာရှိတဲ့ မဲဆန္ဒရှင်တွေအားလုံး မဲစာရင်းလာကြည့်ကြပါတယ်။ ကြည့်ကြဖို့လည်း လိုက်လံဆော်ဩတယ်။ မဲစာရင်းတွေကပ်ထားပေးတယ်။ မဲဆန္ဒရှင်တွေ အနှောင့်အယှက်မဖြစ်စေဖို့အတွက် ပါတီဝန်းရံသူတွေ၊ ပါတီထောက်ခံသူတွေ မဲရုံနားကို မလာရောက်ကြဖို့ သက်ဆိုင်ရာပါတီကိုယ်စားလှယ်တွေကို ပြောထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်အတိုင်း သတ်မှတ်ထားတဲ့ဧရိယာအတွင်း မဝင်ရောက်နိုင်အောင် လုံခြုံရေးတွေချထားပြီး ဖြစ်ပါတယ်။

**ဒေါ်ကာရုံ (မဲဆန္ဒရှင်၊ ကုန်းမြင့်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်)**

အခေါက အင်ဖက်ရောင်းပါတယ်။ အင်ဖက်ရောင်းပြီးအပြန် မဲလာပေးတာပါ။ ငါးနှစ်မှတစ်ခါ မဲပေးရတဲ့အတွက် အခွင့်အရေးကို လက်မလွှတ်ရအောင် အခုလိုအားတဲ့အချိန်မှာ ကြိုတင်မဲလာပေးတာ ဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ် ကြိုတင်ဆန္ဒမဲပေးခွင့်ရပါတယ်။ ကိုယ်နှစ်သက်တဲ့ ပါတီကိုယ်စားလှယ်လောင်းတွေကို ကိုယ့်စိတ်ကြိုက်ရွေးချယ်ပြီး မဲထည့်ခဲ့ပါတယ်။ မဲပေးတဲ့အခါမှာလည်း မဲရုံထဲကို ဝင်တာနဲ့ လက်ဆေးရတယ်။ အပူချိန်တိုင်းရတယ်။ လက်သန့်ဆေးရည်တွေ ဖျန်းပေးတယ်။ တစ်ဦးနဲ့တစ်ဦး သတ်မှတ်အကွာအဝေးနဲ့ မဲပေးရတော့ အစစအရာရာအဆင်ပြေပါတယ်။ အဲဒီအတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ သီရိ(၅)မြို့နယ်နှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၌ လက်ရှိစာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေ ၉၀၁၀၀၀ ကျော်ရှိပြီး အသက်(၆၀)ကျော် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူဦးရေ ၁၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။


ဦးဇော်မင်း


ဒေါ်ခင်စိန်ကြည်


ဦးထွန်းရှိန်


ဒေါ်သန်းမြိုင်


ဦးထွန်းဝင်း


ဦးညိုကြီး


ဒေါ်ကာရုံ

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၃၀

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# သီတင်းကျွတ်လပြည့်နေ့အကြို ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တို့၌ ဆီမီးများ ထွန်းညှိပူဇော်



ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးရောင်စုံများဖြင့် ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရစဉ်။



ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီအား ဆီမီးရောင်စုံများဖြင့် ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၃၀**
လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ် -၁၉ ရောဂါကြောင့် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများနှင့် စေတီပုထိုးများအား ဖူးမြော်ခွင့်ကို ခေတ္တယာယီပိတ်ထားခဲ့သည်။

အောက်တိုဘာ ၃၁ ရက်သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့အကြို ယနေ့ ညနေပိုင်းက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးရောင်စုံများဖြင့် ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်ရမှုမြင်ကွင်းကို ဓာတ်ပုံမှတ်တမ်းဖြင့် တင်ပြလိုက်သည်။

အလားတူ သီတင်းကျွတ်လပြည့်နေ့အကြို ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အား ဆီမီးရောင်စုံများဖြင့် ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်ရမှုမြင်ကွင်းကိုလည်း ဖော်ပြလိုက်ရသည်။ **သတင်း - ကိုကိုဇော်**

**ဓာတ်ပုံ - ဇော်မင်းလတ်၊ တင်ထွန်းနိုင်**



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ တာဝန်ရှိသူများ စစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ
ယနေ့ ရောက်ရှိသောပစ္စည်းများမှာ KN95 Mask များ၊ Protective Face Mask များနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တနင်္သာရီမြို့နယ်၌ မသန်စွမ်းမဲဆန္ဒရှင်ပြည်သူ ၉၃ ဦးအား လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန် စီစဉ်ပေးထား

**တနင်္သာရီ အောက်တိုဘာ ၃၀**
နိုဝင်ဘာ ၈ ရက်တွင် စံ(၅)ချက်နှင့်အညီ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မဲရုံ ၉၇ ရုံရှိပြီး မဲဆန္ဒရှင်ပြည်သူပေါင်း ၈၀၀၀၀ ကျော်ရှိသည့်အနက် မသန်စွမ်းမဲဆန္ဒရှင်ပြည်သူ ၉၃ ဦးအတွက် လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်အောင် စီစဉ်ပေးထားပြီးဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

အမြင်အာရုံမသန်စွမ်းသူ ၁၀ ဦး၊ ဉာဏ်ရည်မသန်စွမ်းသူ ကိုးဦး၊ ကိုယ်အင်္ဂါမသန်စွမ်းသူ ၅၆ ဦးနှင့် အပြော/အကြားမသန်စွမ်းသူ ၁၈ ဦး စုစုပေါင်း မသန်စွမ်းမဲဆန္ဒရှင် ၉၃ ဦးရှိကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်ပေးထား**

၎င်းမသန်စွမ်းမဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်ချက်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်အောင် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများနှင့် လူမှုရေးအဖွဲ့အစည်းများဖြင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

❒ ကျောဖုံးမှ
ပြည်သူများကို မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်းတွင် စနစ်တကျ လက်ခံခဲ့ပြီး ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

“တရုတ်နိုင်ငံဘက်က ပြန်လည်လွှဲပြောင်းလာတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေနဲ့ မိမိသဘောအရ ပြန်လည်ရောက်ရှိလာတဲ့ နေရပ်ပြန်ပြည်သူတွေကို ပြည်နယ်အစိုးရရဲ့ ညွှန်ကြားချက်နှင့်အညီ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စစ်ဆေးပြီး ရောဂါကူးစက်ခံရမှုမရှိဘူးဆိုရင် နေရပ်ဒေသအသီးသီးပြန်နိုင်ဖို့ ဆက်လက်စီစဉ်ဆောင်ရွက်ပေးပါတယ်”ဟု မူဆယ်မြို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့၊ လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဆပ်ကော်မတီအတွင်းရေးမှူး ဦးအောင်မိုးလွင်က ပြောသည်။

ယခင်မူဆယ်မြို့သို့ ပုံမှန်ဝင်ရောက်လာကြသည့် နေရပ်ပြန်ပြည်သူများကို ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ခရီးသွားမှတ်တမ်းကောက်ယူခြင်းများကို ဆောင်ရွက်ပြီး နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးသည်။ လက်ရှိတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ နေရပ်ပြန်ပြည်သူတိုင်းကို နှစ်ရက်တစ်ကြိမ်နှုန်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ ပုံမှန်စစ်ဆေးပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းကို နံနက် ၇ နာရီတွင် စစ်ဆေးပါက ညနေ ၅ နာရီခန့်တွင် ရောဂါကူးစက်မှု ရှိ၊ မရှိ သိရှိနိုင်ကြောင်း သိရသည်။ ယခုလအတွင်း မူဆယ်မြို့သို့ နေရပ်ပြန်ပြည်သူ စုစုပေါင်း တစ်ထောင်ကျော်ဝင်ရောက်ခဲ့ပြီး ၎င်းတို့၏ အခြားလိုအပ်ချက်များကို မူဆယ်မြို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့က စနစ်တကျစီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဆလိုင်းဗန်ရှိုးထန်(ပြန်/ဆက်)**

## စားသောက်ရေးအခက်အခဲရှိသူများနှင့် အသွားအလာကန့်သတ်ထားသည့် အိမ်ထောင်စုများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက စားသောက်ကုန်နှင့် နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၀**
ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ စားသောက်ရေးအခက်အခဲရှိသူများနှင့် အသွားအလာကန့်သတ်ထားသည့် အိမ်ထောင်စုများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက အခြေခံစားသောက်ကုန်များနှင့် နှာခေါင်းစည်းများ လှူဒါန်းပေးလျက်ရှိကြောင်း အဆိုပါဖောင်ဒေးရှင်းမှ သိရသည်။


ယင်းသို့ လှူဒါန်းရာတွင် အောက်တိုဘာ ၂၉ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ စားသောက်ရေးအခက်အခဲရှိသည့် အိမ်ထောင်စု ၅၀၀ ကိုလည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် လှိုင်သာယာမြို့နယ်ရှိ စားသောက်ရေးအခက်အခဲရှိသည့် အိမ်ထောင်စု ၁၁၀၈ စုကိုလည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရွှေပြည်သာမြို့နယ်ရှိအသွားအလာကန့်သတ်ထားသည့် အိမ်ထောင်စု ၁၀၀၀ ကိုလည်းကောင်း တစ်အိမ်ထောင်လျှင် ဆန် ရှစ်ပြည် တစ်အိတ်၊ ဆီတစ်ဘူးနှင့် နှာခေါင်းစည်းငါးခုတို့ကို လှူဒါန်းခဲ့ပြီး အောက်တိုဘာ ၂၂ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ စားသောက်ရေးအခက်အခဲရှိသည့် အိမ်ထောင်စု ၅၀၀ ကိုလည်းကောင်း၊ အောက်တိုဘာ ၂၀ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ စားသောက်ရေးအခက်အခဲရှိသည့် အိမ်ထောင်စု ၂၆၇ စုကို လည်းကောင်း တစ်အိမ်ထောင်လျှင် ဆန်(၈)ပြည် (၁)အိတ်၊ ဆီ(၁)ဘူး၊ ငါးသေတ္တာ(၁၀)ဘူးနှင့် နှာခေါင်းစည်း (၁၀)ခုတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။



ထိုသို့ လှူဒါန်းရာတွင် ဖောင်ဒေးရှင်းသို့ အကူအညီတောင်းခံလာမှုများကိုလည်းကောင်း၊ သတင်းအချက်အလက်များအရ လည်းကောင်း၊ မြို့နယ်ကိုဗစ်ကော်မတီ၊ ပရဟိတအဖွဲ့များနှင့်ချိတ်ဆက်၍ လည်းကောင်း အမှန်တကယ် လိုအပ်ချက်ရှိသည့် စားသောက်ရေးအခက်အခဲရှိသော အိမ်ထောင်စုများကို အရေအတွက်ကန့်သတ်ထားခြင်းမရှိဘဲ လှူဒါန်းပေးလျက်ရှိကြောင်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ သိရသည်။ **သတင်း - အေးမင်းသူ၊ ဓာတ်ပုံ - ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်လွယ်သော အခြေအနေများ

ပါမောက္ခ ဒေါက်တာမောင်




> ❖ **ရောဂါရှိသူနှင့် မကြာခဏ သို့မဟုတ် ကာလကြာမြင့်စွာ ထိတွေ့မှုရှိခြင်းသည်လည်း ကူးစက်မှုလွယ်ကူစေသော အခြေအနေတစ်ရပ် ဖြစ်သည်။ ထို့ကြောင့် အတူနေမိသားစုအတွင်း ကူးစက်မှုနှုန်း မြင့်မားနေကြောင်း တွေ့ကြရသည်။ မိသားစုအတွင်း၌ပင် ဇနီးမောင်နှံအချင်းချင်း ကူးစက်ခံရခြင်းသည် ကျန်မိသားစုများအတွင်း ကူးစက်ခံရခြင်းထက် ပိုမိုမြင့်မားနေ။**
>
> ❖ **လူစုလူဝေးဖြင့်ပြုလုပ်ရသော ထိတွေ့မှုပုံစံဖြစ်သည့် ဌာနဆိုင်ရာအစည်းအဝေးများ၊ ဘာသာရေးအခမ်းအနားများ၊ အားကစားလှုပ်ရှားမှုများ၊ လူမှုရေးလှုပ်ရှားမှုများသည် ကူးစက်ရန်လွယ်ကူသော ထိတွေ့မှုပုံစံများဖြစ်။**

**မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင်ကို ကာကွယ်နိုင်ရန်**

ကိုဗစ်-၁၉ ရောဂါကူးစက်လွယ်သော အခြေအနေများကို သတိပြုမိလျှင် မိမိကိုယ်တိုင် ကူးစက်ခြင်းမခံရအောင် နေထိုင်နိုင်ပြီး မိမိမိသားစုနှင့် ပတ်ဝန်းကျင်ကိုလည်း ရောဂါမကျရောက်အောင် ကာကွယ်ပြီးသား ဖြစ်နေသည်။ ထို့အပြင် မိမိသိထားသည်များကို မိတ်ဆွေများနှင့် မျှဝေဆွေးနွေးခြင်းဖြင့်လည်း လုံခြုံစိတ်ချသော ပတ်ဝန်းကျင်ကို ဖန်တီးထားနိုင်မည် ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်ခဲ့သည်မှာ ကိုးလ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ထိုကာလအတွင်း ရောဂါပျံ့နှံ့ပုံကို ပညာရှင်များ လေ့လာခဲ့ကြသည်။ တွေ့ရှိချက်များအရ ကူးစက်လွယ်သော အခြေအနေများကို သတိပြုမိလာခဲ့ကြသည်။ ပတ်ဝန်းကျင်အခြေအနေ၊ ရောဂါရှိသူနှင့် ထိတွေ့မှုပုံစံ၊ ကူးစက်ခံရသူထံမှ ရောဂါပိုးများ ဖြန့်ဖြူးနေမှုအခြေအနေ၊ ကိုယ်တိုင်၏ ခုခံအားအခြေအနေ၊ ရှိထားသော ရောဂါအခံ၊ အသက်အရွယ်၊ ရောဂါပိုး၏ ပြင်းအားနှင့် ကူးစက်လွယ်မှု၊ လူမှုရေးနှင့်စီးပွားရေး အခြေအနေတို့သည် ကူးစက်မှုကို လွယ်ကူစေသော အခြေအနေများ ဖြစ်လာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်လွယ်သော ပတ်ဝန်းကျင် တစ်ရပ် ရှိနေသည်။ ကိုဗစ်-၁၉ဗိုင်းရပ်စ်သည် လူအများကို တစုတဝေးတည်း ကူးစက်စေနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။ ဘာသာရေးပွဲများ၊ ကာရာအိုကေဆိုင်တို့တွင် လူအများအပြား ကူးစက်ခံခဲ့ရသော အဖြစ်များက ဖော်ပြနေသည်။

ထိုသို့ တစုတဝေးတည်း ကူးစက်ခံရခြင်းမှာ ပတ်ဝန်းကျင်အခြေအနေတစ်ရပ်ကြောင့် ဖြစ်သည်။ အလုံပိတ်အခန်းအတွင်း လူစုလူဝေးဖြင့် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ရှိနေခြင်းသည် ကူးစက်လွယ်ကူစေသော အခြေအနေတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အဆောက်အအုံတစ်ခုအတွင်း လူစုလူဝေးဖြင့်တည်ရှိနေသော အလုပ်ရုံနှင့် စက်ရုံများ၊ အလုပ်သမားများနေထိုင်ရာ အဆောင်များ၊ စာသင်ကျောင်းများ၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာများ၊ အကျဉ်းထောင်နှင့် အချုပ်ခန်းများတွင် အစုလိုက်အပြုံလိုက် ကူးစက်ခံရခြင်းများ ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် လေဝင်၊ လေထွက် မကောင်းသော အခန်းတစ်ခုအတွင်း လူစုလူဝေးရှိနေလျှင်၊ ကျယ်လောင်စွာ စကားပြောခြင်း၊ သီချင်းဆိုခြင်း၊ တစ်ဦးနှင့်တစ်ဦး ပူးကပ်စွာရှိနေလျှင် ထိုနေရာသည် ကိုဗစ်-၁၉ ကူးစက်ရန် လွယ်ကူသောနေရာ ပတ်ဝန်းကျင်တစ်ခု ဖြစ်လာသည်။

ကာလဝမ်းရောဂါကို ကာကွယ်ရန် ရေကောင်း ရေသန့်လိုသကဲ့သို့ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ရန် လေကောင်းလေသန့် လိုပါသည်။ ထို့ကြောင့် လေဝင်၊ လေထွက် မကောင်းသော အခန်း သို့မဟုတ် အဆောက်အအုံအတွင်း တစ်ဦးနှင့်တစ်ဦး လုံလောက်သော အကွာအဝေးမရှိသည့်နေရာနှင့် လူစုလူဝေးများသည့်နေရာတို့သည် ရှောင်ရမည့်နေရာများ ဖြစ်လာသည်။

**ရောဂါရှိသူနှင့် ထိတွေ့မှုပုံစံ**

ရောဂါရှိသူနှင့် မကြာခဏ သို့မဟုတ် ကာလကြာမြင့်စွာ ထိတွေ့မှုရှိခြင်းသည်လည်း ကူးစက်မှုလွယ်ကူစေသော အခြေအနေတစ်ရပ် ဖြစ်သည်။ ထို့ကြောင့် အတူနေမိသားစုအတွင်း ကူးစက်မှုနှုန်း မြင့်မားနေကြောင်း တွေ့ကြရသည်။ မိသားစုအတွင်း၌ပင် ဇနီးမောင်နှံအချင်းချင်း ကူးစက်ခံရခြင်းသည် ကျန်မိသားစုများအတွင်း ကူးစက်ခံရခြင်းထက် ပိုမိုမြင့်မားနေပြန်သည်။ ထို့ကြောင့် မိသားစုအတွင်း တစ်စုံတစ်ယောက် ကူးစက်ခံရပြီဟု သံသယရှိလျှင် နှာခေါင်းစည်းတပ်ခြင်း၊ သီးခြားခွဲထားခြင်း၊ သီးခြားစားသောက်စေခြင်း၊ သီးခြားအိပ်ရာနေရာနှင့် အသုံးအဆောင်များ စီစဉ်ပေးခြင်း၊ လက်ကိုမကြာခဏ စနစ်တကျ ဆေးကြောခြင်းများ ပြုလုပ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားခြင်းဖြစ်သည်။

လူစုလူဝေးဖြင့်ပြုလုပ်ရသော ထိတွေ့မှုပုံစံဖြစ်သည့် ဌာနဆိုင်ရာအစည်းအဝေးများ၊ ဘာသာရေးအခမ်းအနားများ၊ အားကစားလှုပ်ရှားမှုများ၊ လူမှုရေးလှုပ်ရှားမှုများသည် ကူးစက်ရန်လွယ်ကူသော ထိတွေ့မှုပုံစံများဖြစ်သည်။

**ကူးစက်ခံရသူထံမှ**
**ရောဂါပိုးဖြန့်ဖြူးနေမှု အခြေအနေ**

ကူးစက်ခံရသူများ၏ ၇၀ မှ ၈၀ ရာခိုင်နှုန်းသည် ရောဂါလက္ခဏာမဖော်ပြသူများ ဖြစ်နေကြသည်။ ထိုသူတို့မှာ သူတို့ကိုယ်တိုင် ရောဂါရှိမှန်း မသိကြချေ၊ သူတစ်ပါးအား ကူးစက်နိုင်စွမ်း ရှိနေသည်ကိုလည်း မသိကြချေ။ ထိုသူတို့သည် ရက်သတ္တနှစ်ပတ်အကြာတွင် ရောဂါပျောက်သွားလေ့ရှိသည်။ သို့သော် ထိုရက်သတ္တနှစ်ပတ် အချိန်ကာလသည် အခြားသူများကို ကူးစက်နေသော အချိန်ကာလဖြစ်နေသည်။ ထို့ကြောင့် မိမိနှင့်ထိတွေ့သော သူအားလုံးကို ရောဂါပိုးရှိနေသူများဟု ယူဆထားရတော့မည်ဖြစ်သည်။ မိမိကိုယ်တိုင်လည်း ရောဂါလက္ခဏာများ မရှိစေကာမူ ရောဂါပိုးရှိနေနိုင်သည်ဟု ယူဆထားရတော့မည် ဖြစ်သည်။ အဓိပ္ပာယ်မှာ အိမ်တွင်း၌သာနေရန်ဖြစ်ပြီး မဖြစ်မနေထွက်ရပါကလည်း နှာခေါင်းစည်းကို လုံခြုံစွာစည်းထားရန်နှင့် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေအကွာရှိနေရန် ဂရုပြုရမည်ဖြစ်သည်။ တစ်စုံတစ်ခုကို ကိုင်တွယ်ပြီးတိုင်း လက်ကို စနစ်တကျ ဆေးကြောရမည်ဖြစ်သည်။ ဤသို့ဖြင့် မိမိကိုယ်ကို ကာကွယ်နိုင်ပြီး မိမိမှသူတစ်ပါးအား မကူးစက်စေရန်လည်း ကာကွယ်နိုင်မည် ဖြစ်သည်။

ပညာရှင်များသည် ရောဂါရှိနေသူမှ ရောဂါပိုးများ ဖြန့်ဖြူးနေမှုအခြေအနေကို လေ့လာခဲ့ကြသည်။ ရောဂါပျိုးချိန် ပျမ်းမျှ ခြောက်ရက်(၂ ရက်-၁၂ ရက်) အချိန်သည် ခန္ဓာကိုယ်အတွင်း ဗိုင်းရပ်စ်များ တစ်စတစ်စပွားများလာနေသော အချိန်ဖြစ်သည်။ အချိန်နှင့်အမျှ ခန္ဓာကိုယ်အတွင်း ပွားများလာနေသော ဗိုင်းရပ်စ်ပမာဏကို တိုင်းတာခဲ့ကြခြင်းကို ပုံဖြင့်ဖော်ပြထားပါသည်။

ပွားများလာသောဗိုင်းရပ်စ်သည် ရောဂါလက္ခဏာ မစတင်မီ နှစ်ရက်အလိုတွင် ခန္ဓာကိုယ်ပြင်ပသို့ ပြန့်ပွားရန် အလုံအလောက် စုဆောင်းရောက်ရှိလာပြီဖြစ်သည်။ ထိုအချိန်မှစ၍ ရောဂါရှိနေသူသည် အခြားသူများကို ကူးစက်နိုင်စွမ်းရှိနေပြီ ဖြစ်သည်။

ရောဂါလက္ခဏာ စတင်သော ပထမနေ့မှ ငါးရက်မြောက်နေ့သည် ခန္ဓာကိုယ်အတွင်းတွင် ဗိုင်းရပ်စ်အများဆုံး ပေါ်ထွက်နေသောအချိန် ဖြစ်သည်။ ထို့ကြောင့် ထိုရက်များသည် ရောဂါရှိသူထံမှ အခြားသူများထံသို့ ကူးစက်ရန် အလွယ်ကူဆုံးအချိန် ဖြစ်နေသည်။

ပြန်လည်ကျန်းမာလာမည့်သူဖြစ်လျှင် ရောဂါလက္ခဏာစတင်ပြီး ငါးရက်မြောက်နေ့ နောက်ပိုင်းမှစတင်၍ ခန္ဓာကိုယ်အတွင်းရှိ ဗိုင်းရပ်စ်သည် တဖြည်းဖြည်း လျော့နည်းလာသည်မှာ ၁၀ ရက်မြောက်နေ့တွင် ကူးစက်နိုင်စွမ်း အတော်အတန်လျော့နည်းသွားပြီ ဖြစ်သည်။ သို့သော် ရောဂါပျောက်ကင်းသော ရက်သတ္တနှစ်ပတ် အချိန်အထိ ကူးစက်နိုင်စွမ်းရှိနေဆဲ ဖြစ်သည်။ ရောဂါပြင်းထန်သည့် သူများတွင်မူ ခန္ဓာကိုယ်အတွင်းရှိ ဗိုင်းရပ်စ်သည် ဆက်လက်များပြားနေဦးမည်ဖြစ်သည်။ ထို့ကြောင့် ရောဂါမစတင်မီ နှစ်ရက်နှင့် အနည်းဆုံး နောက်ထပ် ၁၄ ရက်အတွင်းသည် ကူးစက်နိုင်သောအချိန်များ ဖြစ်သည်။

သို့သော် နှာခေါင်းနှင့် အာခေါင်တို့ဖတ်ယူ၍ စမ်းသပ်မှုသည် အလွန်တိကျ၍သေချာသော စမ်းသပ်မှုဖြစ်၍ ပျမ်းမျှ ၁၇ ရက်အထိ(တစ်ခါတစ်ရံ လနှင့်ချီ၍) ပိုးတွေ့အဖြေကို ဖော်ပြနေနိုင်သည်။

ပြင်းထန်အဆုတ်ရောင်ရောဂါ ဖြစ်စေသောဗိုင်းရပ်စ် (SARS-CoV-1) နှင့် အရှေ့အလယ်ပိုင်းတွင် စတင်သော အဆုတ်ရောင်ရောဂါဗိုင်းရပ်စ် (MERS-CoV) တို့နှင့် မတူသောအချက်မှာ ထိုဗိုင်းရပ်စ်များတွင် ရောဂါစတင်ပြီး ၁၄ ရက်အကြာတွင်မှ ကူးစက်နိုင်မှု အမြင့်ဆုံးသောဗိုင်းရပ်စ်ပမာဏကို ခန္ဓာကိုယ်အတွင်း တွေ့ရှိရသည်။ ထိုအချိန်သည် အများစုသော ရောဂါဖြစ်သူများသည် ဆေးရုံတွင်ရောက်နေကြပြီဖြစ်၍ လူထုအတွင်းကူးစက်မှုများ ယခုကဲ့သို့ များစွာ မတွေ့ရခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်မှာမူ ကူးစက်ခံရပြီး ရက်ပိုင်းအတွင်းမှာပင် အခြားသူများအား ကူးစက်နိုင်မှု အမြင့်ဆုံးအခြေအနေကို ရောက်လာခဲ့သည်။ ထိုသဘောသဘာဝကို သိနားလည်ထားခြင်းသည် မိမိကိုယ်ကို ကာကွယ်နိုင်ရန်နှင့် မိမိမှသူတစ်ပါးအား မကူးစက်စေရန် ကာကွယ်နိုင်သော အချက်ဖြစ်လာသည်။

ပုံပြမျဉ်းနှင့်ဖော်ပြထားသော ခန္ဓာကိုယ်အတွင်း ထွက်ပေါ်လာသော ဗိုင်းရပ်စ်ပမာဏနှင့် ကူးစက်နိုင်စွမ်း အခြေအနေသည် အရေးကြီးသောပြုလုပ်ရန်ကိစ္စများကို ဖော်ပြနေသည်။ ရောဂါလက္ခဏာ စတင်သည်ဟု သံသယရှိသောအချိန်သည် အရေးအကြီးဆုံးအချိန် ဖြစ်လာသည်။ မိမိမှသူတစ်ပါးအား ကူးစက်နိုင်သော အခွင့်အလမ်း အများဆုံးအချိန် ဖြစ်သည်။ သံသယရှိသည်နှင့် မိမိ၏ မိသားစုဝင်များနှင့်လည်းကောင်း၊ မိတ်ဆွေများနှင့်လည်းကောင်း ထိတွေ့မှုမရှိအောင် နေထိုင်ရတော့မည်ဖြစ်သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်ထားသော သတ်မှတ်စည်းကမ်းချက်များကို စနစ်တကျတိကျစွာ လိုက်နာရတော့မည် ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ထိုအချိန်တွင် ကြားဖူးနားဝရှိသော ဆေးမြီးတိုများဖြင့် မိမိဘာသာ ကုသနေခြင်းမျိုး မပြုလုပ်ဘဲ ကျန်းမာရေးဌာနကို လျင်မြန်စွာ ဆက်သွယ်၍ လိုအပ်သလို စောင့်ရှောက်မှု၊ ကုသမှုခံယူရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စောစီးစွာကုသခြင်းသည် ပျောက်ကင်းနိုင်သော အခွင့်အလမ်း များစွာရှိနေခြင်းကြောင့်ဖြစ်သည်။

**ရိုးရှင်းပြီး ထိရောက်သော**
**ကာကွယ်ရေး နည်းလမ်းများ**

ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ယနေ့တိုင် လျှို့ဝှက်မှုများနှင့် ပြည့်နှက်နေဆဲဖြစ်သည်။ သို့သော် ကူးစက်မှုနှင့် ပတ်သက်၍ ထပ်မံသိထားသမျှသော အချက်များမှာ-

(၁) ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် တစ်ဦးနှင့်တစ်ဦး လျင်မြန်စွာ လေထဲမှတစ်ဆင့် ကူးစက်နိုင်သောဗိုင်းရပ်စ် ဖြစ်သည်။ (ဝက်သက်ရောဂါလောက် မမြန်သော်လည်း ရာသီတုပ်ကွေးထက် ပိုမြန်စွာကူးစက်နိုင်ကြောင်း တွေ့ရသည်)

(၂) ရောဂါရှိသူထံမှ အသက်ရှူထုတ်၊ စကားပြော၊ ချောင်းဆိုး၊ နှာချေရာမှ ထွက်လာသော အမှုန်များတွင် ပါဝင်လာသော ဗိုင်းရပ်စ်သည် လေထဲတွင် နာရီများစွာ လွင့်မျောနေနိုင်ပြီး ခြောက်ပေထက် ပိုဝေးသော နေရာများအထိ ပျံ့လွင့်နိုင်သည်။

(၃) ထိုသို့လေထဲမှတစ်ဆင့် ပျံ့နှံ့ကူးစက်ခြင်းသည် လေဝင်၊ လေထွက်မကောင်းသော အခန်းအတွင်းတွင် ပိုမိုလွယ်ကူစွာဖြစ်ပေါ်နိုင်သည်။

လေထဲတွင်လွင့်မျောနေသော ဗိုင်းရပ်စ် မိမိထံရောက်မလာရန် ကာကွယ်ရန် နည်းလမ်းများမှာ ရိုးရှင်းသလောက် ထိရောက်သော နည်းလမ်းများဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားသည့်အတိုင်း-

(၁) အိမ်တွင်း၌သာနေရန်၊ ရောဂါကူးစက်ခံရသည်ဟု သံသယရှိလျှင် မိသားစုဝင်များနှင့် သီးခြားခွဲနေရန်၊

(၂) မဖြစ်မနေ အိမ်အပြင်ထွက်ရလျှင် ပါးစပ်နှင့်နှာခေါင်းစည်းကို လုံခြုံစွာဖုံးအုပ်ရန်၊

(၃) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေအကွာရှိနေရန်၊

(၄) လက်ကို ဆပ်ပြာဖြင့် မကြာခဏ စနစ်တကျ ဆေးကြောရန်တို့ ဖြစ်ပါသည်။

ကိုဗစ်-၁၉ဗိုင်းရပ်စ်သည် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်နေသည်မှာ သူ၏မျိုးရိုးဗီဇ ဆက်လက်ရှင်သန်နေအောင် ပြုလုပ်နေခြင်းဖြစ်သည်။ လူတစ်ဦးမှတစ်ဦးသို့ ကူးစက်မှုမရှိတော့သည့်အချိန်တွင် သူသည် မျိုးတုံးပျောက်ကွယ်သွားမည် ဖြစ်သည်။ ထို့ကြောင့်ဖော်ပြခဲ့သော ရိုးရှင်းသော ကာကွယ်ရန်နည်းလမ်းများဖြင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်အား လက်စတုံး၍မျိုးပြုန်းအောင် ပြုလုပ်ကြပါစို့ဟု တင်ပြလိုက်ပါသည်။ ။

**Reference: SARS-CoV-2 transmission dynamics should inform policy. by Muge Cevik, Julia L. Marcus, Caroline Buckee, Tara C Smith. https://www.ssrn.com**

# ကာရစ်ဘီယံကျွန်းစုနိုင်ငံများ၏ စီးပွားရေးပြန်လည်ကောင်းမွန်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အန်တိုနီယိုဂူတာရက်စ် ပြောကြား



**ကုလသမဂ္ဂ အောက်တိုဘာ ၃၀**

ကာရစ်ဘီယံကျွန်းစုနိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် ပြီးပြည့်စုံသော စီးပွားရေးတိုးတက်မှုများရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

"အဆိုပါနိုင်ငံတွေရဲ့ စီးပွားရေးပြန်လည်ထူထောင်ရေးကိစ္စရပ်တွေမှာ ပိုမိုရင်းနှီးမြှုပ်နှံရမှာဖြစ်လို့ ပိုမိုစိမ်းလန်းစိုပြည်ပြီး ပြီးပြည့်စုံတဲ့ စီးပွားရေးအသိုက်အဝန်းကို တည်ထောင်သွားရမှာဖြစ်ပါတယ်"ဟု ဂူတာရက်စ်က ကာရစ်ဘီယံကျွန်းစုနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၏ ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသော အစည်းအဝေးတွင် ပြောကြားသည်။

လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများနှင့် ရာသီဥတုပြောင်းလဲမှုများသည် ကာရစ်ဘီယံကျွန်းစုနိုင်ငံများနှင့် ၎င်းတို့၏ မိတ်ဖက်နိုင်ငံများအကြား အားလုံးပါဝင်သော စဉ်ဆက်မပြတ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခွင့်အလမ်းများဖြစ်လာစေကြောင်း ၎င်းက ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုသည် ကာရစ်ဘီယံဒေသအတွက် အဟန့်အတားတစ်ခုဖြစ်ကြောင်း၊ သက်ဆိုင်ရာ နိုင်ငံ့ခေါင်းဆောင်များ၏ ဦးဆောင်မှုနှင့် လူမှုရေးဆိုင်ရာပံ့ပိုးမှုများသည် နိုင်ငံအသီးသီး၏ ပြန်လည်ထူထောင်ရေးအတွက် အရေးကြီးကြောင်း ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပြန်လည်ထူထောင်ရေး၊ ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတို့မှာ ခွဲခြားမရနိုင်သောလုပ်ငန်းစဉ်များဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တူရကီနှင့် ဂရိနိုင်ငံတို့၌ အင်အားပြင်းငလျင်လှုပ်

**အန်ကာရာ အောက်တိုဘာ ၃၀**

တူရကီနိုင်ငံ အေဂျီအန်ကမ်းရိုးတန်းနှင့် ဂရိနိုင်ငံ ဆာမို့စ်ကျွန်းစုများအကြား အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ လေးဦးသေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်မှုကြောင့် တူရကီနိုင်ငံ အနောက်ဘက်ပိုင်းရှိ အိုင်ဇ်မာမြို့တွင် အဆောက်အအုံအများအပြားပြိုကျပျက်စီးခဲ့ပြီး ဂရိနိုင်ငံ ဆာမို့စ်ဒေသတွင်လည်း ပျက်စီးမှုအနည်းငယ်ရှိခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သည့် အိုင်ဇ်မာတွင် လေးဦး သေဆုံးခဲ့ပြီး ၁၂၀ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ကယ်ဆယ်ရေးလုပ်သားများက အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်လျက်ရှိသည်။

ဂရိနိုင်ငံ ဆာမို့စ်ဒေသတွင်လည်း အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ပြီး ပို့ဆောင်ရေးလမ်းကြောင်းများ ယာယီပိတ်ထားရကြောင်း သိရသည်။ ထို့ပြင် လေးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ဆာမို့စ်ရှိ ဆေးရုံဒါရိုက်တာက ဆိုသည်။

ယနေ့ မွန်းလွဲပိုင်းတွင် လှုပ်ခတ်ခဲ့သော ငလျင်သည် ရစ်ချ်စတာစကေး ၇ အဆင့်ရှိသည်ဟု အမေရိကန် ဘူမိဗေဒစောင့်ကြည့်လေ့လာရေးအဖွဲ့က ဆိုသည်။

ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ကြေညာခဲ့သည်။ ဆာမို့စ်ဒေသရှိ ပြည်သူများအား ကမ်းရိုးတန်းဒေသမှ ထွက်ခွာသွားကြရန် အာဏာပိုင်များက တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား- လော့စ်အိန်ဂျလိစ်တိုင်းမ်**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် ကျန်းမာရေးဝန်ထမ်းများကို နိုင်ငံ့သူရဲကောင်းများအဖြစ် မလေးရှားဝန်ကြီးချုပ် မူယက်ဒင် ချီးကျူးဂုဏ်ပြု

**ကွာလာလမ်ပူ အောက်တိုဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ကတိကဝတ်များအတွက် ဂုဏ်ယူပါကြောင်း မလေးရှားဝန်ကြီးချုပ် မူယက်ဒင်ယာဆင်က ယနေ့ ပြောကြားလိုက်သည်။

**ချီးကျူးဂုဏ်ပြု**

ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် ရှေ့တန်းမှ ပါဝင်နေသည့် ကျန်းမာရေးဝန်ထမ်းများကို နိုင်ငံ့သူရဲကောင်းများအဖြစ် ချီးကျူးဂုဏ်ပြုပါကြောင်း မူယက်ဒင်ယာဆင်က ဆိုသည်။ "ကျန်းမာရေးဝန်ထမ်းတွေဟာ လူ့အသက်ပေါင်းများစွာ သေဆုံးစေခဲ့တဲ့ ဗိုင်းရပ်စ်အန္တရာယ်ကနေ ပြည်သူနဲ့နိုင်ငံကို ကယ်တင်ဖို့ မိသားစု၊ ချစ်ခင်ရတဲ့သူတွေကို စွန့်ခွာပြီး ရှေ့မျက်နှာစာမှာ တိုက်ပွဲဝင်နေသူတွေဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။



ကျန်းမာရေး ဝန်ထမ်းများ၏ စွန့်လွှတ်မှုများက တန်ဖိုးဖြတ်၍ မရပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံ့သူရဲကောင်းများဖြစ်ပြီး ၎င်းတို့အတွက် များစွာဂုဏ်ယူမိပါကြောင်း သူက ဆိုသည်။ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် ဆူဘန်းလေတပ်အခြေစိုက်စခန်း၌ တော်ဝင်မလေးရှားလေတပ်ဖွဲ့က ဆာဘားနှင့် ဆာရာဝပ်ပြည်နယ်တို့၌ လိုအပ်လျက်ရှိသော ကုန်ပစ္စည်းများ တင်ပို့ရန် ပြင်ဆင်နေမှုများကို မူယက်ဒင်က အစောပိုင်းတွင် စစ်ဆေးခဲ့သေးသည်။

ဆာဘားနှင့် ဆာရာဝပ်ပြည်နယ်များသို့ ကျန်းမာရေးဆိုင်ရာ ကိရိယာများ၊ ဝန်ထမ်းများ ပို့ဆောင်ရာတွင် ပျံသန်းရေးမစ်ရှင်များ ထမ်းဆောင်ခြင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် ဌာနများစွာအား ကူညီပေးနေသည့် တော်ဝင်မလေးရှားလေတပ်ဖွဲ့အား ကျေးဇူးတင်ရှိပါကြောင်း ၎င်းက ပြောသည်။

**ကိုးကား-ဘနားမား**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အသွားအလာကန့်သတ်မှု ဖြေလျှော့သည့်အနေဖြင့် မူလတန်းကျောင်းအချို့ ပြန်ဖွင့်ရန် အစ္စရေးဆုံးဖြတ်

**ဂျေရုဆလင် အောက်တိုဘာ ၃၀**

အစ္စရေးအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချမှတ်ထားသော အသွားအလာကန့်သတ်မှု ဖြေလျှော့သည့်အနေဖြင့် မူလတန်းကျောင်းတချို့ကို နိုဝင်ဘာ ၁ ရက်မှစ၍ ပြန်ဖွင့်ရန် အောက်တိုဘာ ၂၉ ရက်က ဆုံးဖြတ်ခဲ့သည်။

နိုင်ငံအတွင်းရှိ မူလတန်းကျောင်းများကို သီတင်းပတ်တစ်ပတ်လျှင် အနည်းဆုံးလေးရက်အထိ ပြန်ဖွင့်တော့မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့က ပူးတွဲထုတ်ပြန်ချက်တစ်ရပ်တွင် ကြေညာထားသည်။

ထို့အပြင် စာသင်ခန်းတစ်ခန်းတွင် ကျောင်းသားဦးရေ ၂၀ ထက်မပိုစေရန်လည်း အစ္စရေးအစိုးရက ဆုံးဖြတ်ထားသည်။

ကျောင်းသားများနှင့် ကျောင်းဝန်ထမ်းများအနေဖြင့် ပြင်ပတွင်ပြုလုပ်သော အားကစားလှုပ်ရှားမှုများ ပြုလုပ်ချိန်နှင့် ထမင်းစားချိန်မှလွဲ၍ နှာခေါင်းစည်းများကို အမြဲတမ်းဝတ်ဆင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကျောင်းဘတ်စ်ကားများပေါ်တွင် ဘတ်စ်ကားအရှေ့ဘက်နှင့် အနောက်ဘက်အကြား ထိုင်ခုံနေရာ လွတ်များချန်လှပ်ထားခြင်းအားဖြင့် ကျောင်းကားများထဲတွင် ခပ်ခွာခွာနေရေးအစီအမံများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အလျင်အမြန်ပြန်လည်ကူးစက်မှုကို ထိန်းချုပ်ရန် ပြီးခဲ့သည့် စက်တင်ဘာ ၁၈ ရက်ကတည်းက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသွားအလာကန့်သတ်မှုကို ချမှတ်ထားခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ကိုဗစ်-၁၉ လူနာများအား ဒေသတွင်းပြောင်းရွှေ့ကုသရန် ကုန်ကျစရိတ် ထောက်ပံ့ပေးမည်ဟု ဥရောပသမဂ္ဂပြောကြား

**ဘရပ်ဆဲလ် အောက်တိုဘာ ၃၀**
ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ ကိုဗစ်-၁၉လူနာများအား ဒေသတွင်းတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ ပြောင်းရွှေ့ကုသရန် ကုန်ကျမည့်စရိတ်ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ပြောကြားခဲ့သည်။ ယခုကဲ့သို့ဆောင်ရွက်ရခြင်းမှာ ဒေသတွင်းနိုင်ငံများရှိ ဆေးရုံများတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ဖြစ်ပွားသူအများအပြား တက်ရောက်ကုသနေသဖြင့် အဆိုပါဆေးရုံများတွင် ဝန်ထုပ်ဝန်ပိုးများဖြစ်မည်ကို ကာကွယ်သည့်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂခေါင်းဆောင်များအကြား ယမန်နေ့က ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသော ဆွေးနွေးပွဲတွင် ဥရောပကော်မရှင်အကြီးအကဲ ယူဆာလီယာဗွန်ဒါလီယန်က ပြောကြားရာတွင် ဥရောပသမဂ္ဂ၏ အမှုဆောင်အဖွဲ့အနေဖြင့် ကိုဗစ်-၁၉လူနာများအား ဒေသအတွင်း တစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ ပြောင်းရွှေ့ကုသရန် ကုန်ကျမည့်စရိတ်အဖြစ် ယူရိုငွေသန်း၂၂၀ ကို ခွဲဝေသတ်မှတ်ခဲ့ကြောင်း သိရသည်။

မိမိတို့အနေဖြင့် ယခုကဲ့သို့ သေချာစွာမဆောင်ရွက်ပါက ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုများသည် နိုင်ငံများ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များအား အနိုင်ရသွားနိုင်သည်ဟု ၎င်းကပြောကြားသည်။ လက်ရှိအချိန်တွင် ဥရောပကော်မရှင်အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ ရရှိနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

ယခုအချိန်တွင် AstraZeneca, Sanofi and Johnson & Johnson ဆေးဝါးလုပ်ငန်းများမှ ထုတ်လုပ်သော ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများကို ဥရောပဒေသတွင်း အသုံးပြုနေကြောင်းသိရသည်။ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ ထုတ်လုပ်ပြီးစီးသည့်အခါတွင် သင့်တော်သောစနစ်ဖြင့် ဆေးဝါးများကို ဖြန့်ဖြူးပေးသွားမည်ဟု ဥရောပကောင်စီအကြီးအကဲ ချားလ်မိုက်ကယ်က ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**


ဥရောပကော်မရှင်အကြီးအကဲ ယူဆာလီယာဗွန်ဒါလီယန်

# အမေရိကန်နိုင်ငံ၌ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်မှု စံချိန်တင်မြင့်တက်



**ဝါရှင်တန် အောက်တိုဘာ ၃၀**
အမေရိကန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါအရေအတွက်သည် ရောဂါစတင်ဖြစ်ပွားသည့်အချိန်ကစပြီး တစ်ရက်တာအတွင်း စံချိန်တင်အမြင့်ဆုံး ရောဂါကူးစက်မှု အရေအတွက်ဖြစ်ကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

လက်ရှိအချိန်တွင် အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈ ဒသမ ၉၄ သန်းရှိပြီး ကမ္ဘာ့နိုင်ငံများအနက် ရောဂါကူးစက်မှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၀၂၁ ဦး ထပ်မံသေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၂၈၆၂၅ ဦးရှိလာခဲ့ပြီး အဆိုပါ သေဆုံးမှုအရေအတွက်သည်လည်း ကမ္ဘာ့နိုင်ငံများအနက် အများဆုံးဖြစ်သည်။

အမေရိကန်နိုင်ငံ၏ တစ်ရက်တာအတွင်း ရောဂါကူးစက်မှုအမြင့်ဆုံး နောက်ဆုံးအကြိမ် စံချိန်တင်ခဲ့သည့်ရက်မှာ အောက်တိုဘာ ၂၅ ရက်ကဖြစ်ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်မှာ ၈၈၉၇၃ ဦးဖြစ်သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းသည် အနောက်အလယ်ပိုင်းတွင် ပိုမိုမြင့်တက်လျက်ရှိသည်။

အင်ဒီယားနား၊ အိုဟိုင်းယိုး၊ မိန်း၊ မင်နီဆိုတာ၊ အီလီနွိုက်၊ မြောက်ဒါကိုတာ၊ မြောက်ကာရိုလိုင်းနား၊ မီချီဂန်နှင့် အော်ရီဂွန်ပြည်နယ်များတွင် နေ့စဉ်ဗိုင်းရပ်စ်ကူးစက်မှုနှုန်း စံချိန်တင်မြင့်တက်လျက်ရှိသည်။

အမေရိကန်ရွေးကောက်ပွဲ ကျင်းပရန် လေးရက်သာလိုတော့သည့်အချိန်တွင် ဂျိုးဘိုင်ဒင်က နိုင်ငံအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုအပေါ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းများနှင့်ပတ်သက်ပြီး ဝေဖန်ထောက်ပြကာ မဲဆွယ်စည်းရုံးလျက်ရှိကြောင်း သိရသည်။ **ကိုးကား- စီအင်န်အင်န် ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ အလုပ်အကိုင်ဖန်တီးပေးမှုပမာဏ ဆက်လက်ကျဆင်းလျက်ရှိ

**တိုကျို အောက်တိုဘာ ၃၀**
ဂျပန်နိုင်ငံအတွင်း အလုပ်အကိုင်ဖန်တီးပေးမှုပမာဏသည် ဆက်လက်ကျဆင်းလျက်ရှိကြောင်း ယနေ့စစ်တမ်းတစ်ရပ်အရ သိရသည်။

အလုပ်အကိုင်ဖန်တီးပေးမှုပမာဏသည် စက်တင်ဘာလတွင် ၃ ရာခိုင်နှုန်းသာရှိခဲ့ကြောင်းနှင့် လွန်ခဲ့သောရှစ်လတာကာလအတွင်း အလုပ်လက်မဲ့ဦးရေ ၄၂၀၀၀၀ အထိ မြင့်တက်လာကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အလုပ်အကိုင်ဖန်တီးပေးမှုပမာဏသည် ကိုးလတာကာလအတွင်း ဆက်တိုက်ကျဆင်းလာခဲ့သည်။ အလုပ်လျှောက်ထားသူ ၁၀၀ လျှင် တစ်ယောက်အတွက်သာ အလုပ်အကိုင်ခေါ်ယူမှုရှိသည်။ အဆိုပါ အလုပ်အကိုင်ဖန်တီးပေးမှုနှုန်းကျဆင်းခြင်းသည် လွန်ခဲ့သောခုနစ်နှစ်တာကာလအတွင်း အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

ဖျော်ဖြေရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းနှင့် အခြားသောလုပ်ငန်းကဏ္ဍများတွင် အလုပ်အကိုင်ဖန်တီးပေးမှု ၃၀ ရာခိုင်နှုန်းကျဆင်းလျက်ရှိကြောင်း တွေ့ရှိရသည်။

သို့သော် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် တိုးတက်မှုများရှိလာခဲ့ပြီး နိုင်ငံ၏ ကုန်ထုတ်လုပ်မှုညွှန်းကိန်းသည် ဩဂုတ်လမှစပြီး ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ အဓိကအားဖြင့် မော်တော်ကားနှင့် စက်ယန္တရားစက်ရုံများတွင် ကုန်ထုတ်လုပ်မှုပမာဏ ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရသည်။ လာမည့်လများတွင်လည်း အဆိုပါကုန်ထုတ်လုပ်မှုကဏ္ဍများတွင် တိုးတက်မှုများ ဆက်လက်ရှိနေမည်ဟု မျှော်လင့်ရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၅၄၉၆၂၉၉ | ဦး |
| သေဆုံးသူ | ၁၁၈၈၄၄၄ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၃၀၆၆၁၁၅ | ဦး |



# စင်ကာပူနိုင်ငံက ကိုဗစ်-၁၉ ရောဂါကင်းစင်သော တရုတ်နိုင်ငံသားများအား ရက်တိုပြည်ဝင်ခွင့် ပေးမည်

**စင်ကာပူ အောက်တိုဘာ ၃၀**
စင်ကာပူနိုင်ငံက ကိုဗစ်-၁၉ ရောဂါကင်းစင်သော တရုတ်နိုင်ငံသားများအား ရက်တိုပြည်ဝင်ခွင့်ပေးမည်ဖြစ်ကြောင်းနှင့် ၎င်းတို့အနေဖြင့် ၁၄ ရက်ကြာ သီးခြားနေထိုင်ရန် မလိုအပ်ကြောင်း စင်ကာပူလေကြောင်းအာဏာပိုင်အဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်ကို နိုဝင်ဘာ ၆ ရက်မှစတင်သွားမည်ဖြစ်ပြီး တရုတ်ခရီးသွားများသည် စင်ကာပူလေဆိပ်သို့ ရောက်ရှိပါက ပီစီအာစမ်းသပ်စစ်ဆေးမှုကို ခံယူရမည်ဖြစ်သည်။ ဆေးစစ်မှုခံယူပြီးပါက မိမိနေထိုင်မည့်နေရာသို့ သွားလာနိုင်မည်ဖြစ်ပြီး စစ်ဆေးမှုရလဒ်ကို နှစ်ရက်အတွင်း သိရှိရမည်ဖြစ်သည်။

သို့သော် အဆိုပါခရီးသွားများအနေဖြင့် ဆေးစစ်ဆေးမှုရလဒ် မထွက်သေးမီကာလအတွင်း မိမိတို့နေထိုင်ရာနေရာတွင်သာ ရှိနေရမည်ဖြစ်သည်။ ရောဂါကူးစက်ခြင်းမရှိမှသာ မိမိသွားလိုရာနေရာများသို့ ဆက်လက်သွားလာနိုင်မည်ဖြစ်ကြောင်း စင်ကာပူလေကြောင်း အာဏာပိုင်များက ဆိုသည်။

ခရီးသွားများသည် အောက်တိုဘာ ၃၀ ရက်မှစတင်ပြီး ပြည်ဝင်ခွင့်လျှောက်လွှာများ စတင်လျှောက်ထားနိုင်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံက တရုတ်ခရီးသွားများအား ရက်တိုပြည်ဝင်ခွင့်ပေးသည့်အစီအစဉ်သည် ဗီယက်နမ်၊ နယူးဇီလန်၊ ဘရူနိုင်းနှင့် ဩစတြေးလျနိုင်ငံများမှ ခရီးသွားများအား နယ်စပ်ဒေသဆိုင်ရာ စည်းမျဉ်းများ ပြန်လည်ဖြေလျှော့ခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မတ် ၂၃ ရက်မှစပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်သည့်အနေဖြင့် နိုင်ငံခြားသားခရီးသည်များအား ပြည်ဝင်ခွင့်စတင်ပိတ်ပင်ခဲ့ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ် အစည်းအဝေးကို လာမည့်နှစ်ဩဂုတ်လတွင် ကျင်းပမည်

**နယူးယောက် အောက်တိုဘာ ၃၀**

ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားလက်နက် ထိန်းချုပ်ရေးစာချုပ် အစည်းအဝေးကို လာမည့်နှစ်ဩဂုတ်လတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါအစည်းအဝေးကို ဩဂုတ် ၂ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ သတင်းရင်းမြစ်များအရ သိရသည်။

ငါးနှစ်တစ်ကြိမ်ကျင်းပသည့် ယင်းအစည်းအဝေးကို ဧပြီ ၂၇ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ဌာနချုပ်၌ ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပရန် ရွှေ့ဆိုင်းခဲ့ရသည်။

အစည်းအဝေးဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဂူစတာဗို ဇာလုဗီနန်က အစည်းအဝေးကျင်းပမည့်ရက်ကို ဩဂုတ်လထိ ထပ်မံရွှေ့ဆိုင်းခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် စတင်အသက်ဝင်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ်တွင် သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံများမှာ နျူကလီးယားလက်နက် ပိုင်ဆိုင်သည့် နိုင်ငံများဖြစ်သည့် အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်နှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။

လက်ရှိအချိန်တွင် နျူကလီးယားလက်နက်ပိုင်ဆိုင်ထားသည့် နိုင်ငံများနှင့် နျူကလီးယားလက်နက်ပိုင်ဆိုင်မှုမရှိသေးသည့် နိုင်ငံများအကြား နျူကလီးယားလက်နက်ဖျက်သိမ်းရေးနှင့်ပတ်သက်ပြီး သဘောထားကွဲလွဲမှုများ ဆက်လက်ရှိနေသည်။ အချို့နျူကလီးယားလက်နက်ပိုင်ဆိုင်သောနိုင်ငံများသည် နျူကလီးယားလက်နက်ဖွံ့ဖြိုးရေးကို ကာကွယ်ရေးစွမ်းပကားတိုးမြှင့်ရေးအတွက် အသုံးပြုလျက်ရှိသည်။

ကုလသမဂ္ဂအဖွဲ့ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် နာကာမတ်ဆု ဆူမီက ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ် အစည်းအဝေးကို ဩဂုတ်လတွင် အောင်မြင်စွာကျင်းပနိုင်ရန် မျှော်လင့်ကြောင်းနှင့် နျူကလီးယားဗုံးဒဏ်သင့်ခဲ့သော ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များတွင် နျူကလီးယားဗုံးဖောက်ခွဲမှု အောက်မေ့ဖွယ်ရာ နှစ်ပတ်လည်အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**



အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဂူစတာဗို ဇာလုဗီနန်



# သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၉၀၀၀ ကျော်ရှိ

**ကိုလံဘို အောက်တိုဘာ ၃၀**

သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၉၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း၊ ၎င်းအရေအတွက်သည် ထပ်မံမြင့်တက်လာနိုင်ကြောင်း ယမန်နေ့က ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ တာဝန်ရှိသူများ၏ ပြောကြားချက်အရ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စောင့်ကြည့်ခံရသူ ၅၀၀၀၀ ရှိပြီး ရောဂါဖြစ်ပွားသူပေါင်း ၉၂၀၅ ဦးရှိကြောင်း သိရသည်။ ၎င်းတို့အနက်မှ ၄၁၄၂ ဦးမှာ ရောဂါသက်သာပြီး ဆေးရုံမှပြန်ဆင်းသွားကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ကိုလံဘိုမြို့၏ ဆင်ခြေဖုံးအရပ်ဖြစ်သော မီနူဝမ်ဂိုဒါနှင့် ကိုလံဘိုမြို့၏ ငါးဈေးဖြစ်သော ပါလီရာဂိုဒါတွင်လည်း လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ တွေ့ရှိရကြောင်း သိရသည်။ လွန်ခဲ့သော ၁၀ ရက်အတွင်း ကိုလံဘိုမြို့ရှိ အဆိုပါ ငါးဈေးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၀ ခန့်တွေ့ရှိခဲ့ကြောင်း သိရသည်။

ကိုလံဘိုမြို့၏မြောက်ပိုင်းရှိ ဒေသအများအပြားကို ယခုသီတင်းပတ်အတွင်းတွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း တာဝန်ရှိသူများကပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူအရေအတွက်များပြားလာသဖြင့် နိုင်ငံသားများအား နှာခေါင်းစည်းများဝတ်ဆင်ရန်၊ တစ်ဦးနှင့်တစ်ဦးအကြား ခပ်ခွာခွာနေထိုင်ရန်နှင့် လက်ဆေးရန် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ ထိုညွှန်ကြားချက်ကို ချိုးဖောက်သူများအနေဖြင့် ဒဏ်ငွေ ကန်ဒေါ်လာ ၅၄ ဒေါ်လာ ပေးဆောင်ရမည်ဖြစ်ပြီး ထောင်ဒဏ် ခြောက်လကျခံရမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား -ဆင်ဟွာ**
**ဘာသာပြန် -စိုးသူရ**

# တရုတ်၊ တောင်ကိုရီးယားနှင့် အခြား ခြောက်နိုင်ငံမှ ခရီးသည်များကို ပြည်ဝင်ခွင့်တားမြစ်မှု ဂျပန်ဖြေလျှော့မည်

**တိုကျို အောက်တိုဘာ ၃၀**

ဂျပန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် တရုတ်၊ တောင်ကိုရီးယား၊ အခြားခြောက်နိုင်ငံနှင့် တရုတ်(တိုင်ပေ)မှ ခရီးသည်များကို နိုင်ငံအတွင်း ဝင်ရောက်ခြင်းမှ တားမြစ်ပိတ်ပင်မှုကို နိုဝင်ဘာ ၁ ရက်မှစ၍ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ဩစတြေးလျ၊ ဘရူနိုင်း၊ နယူးဇီလန်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၎င်းတို့၏ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကျယ်ကျယ်ပြန့်ပြန့် ထိန်းချုပ်နိုင်ခဲ့သည့်အတွက် နိုင်ငံအတွင်း ဝင်ရောက်ခြင်းမှ တားမြစ်မှုဖြေလျှော့သည့် နိုင်ငံများစာရင်းတွင် ပါဝင်ကြောင်း တာဝန်ရှိသူများက ထပ်မံပြောကြားသည်။

ဂျပန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် နိုင်ငံနှင့် ဒေသပေါင်း ၁၅၂ ခုကို နိုင်ငံအတွင်း ဝင်ရောက်ခြင်းမှ တားမြစ်ထားကြောင်း သိရသည်။

**ကိုးကား - ဂျိဒိုနယူးစ်၊ ဘာသာပြန် - ဂျေတီ**





# အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၉၇ ဦး တွေ့ရှိပြီး ၈၁ ဦး ထပ်မံသေဆုံး

**ဂျကာတာ အောက်တိုဘာ ၃၀**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၉၇ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၀၆၉၄၅ ဦး ရှိလာကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၈၁ ဦး ထပ်မံသေဆုံးခဲ့ရာ အင်ဒိုနီးရှား၌ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၇၈၂ ဦး ရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၄၅၁၇ ဦးသည် တစ်ရက်အတွင်း ရောဂါ ကင်းစင်ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၃၄၂၉၅ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားခဲ့ပြီး အထူးသဖြင့် မြို့တော်ဂျကာတာ၌ ၆၁၂ ဦး၊ အနောက်ဂျားဗား၌ ၃၂၀ ၊ အနောက်ဆူမတြား၌ ၃၀၁ ဦး၊ အရှေ့ဂျားဗား၌ ၂၂၂ ဦးနှင့် အရှေ့ကာလီမန်တန်၌ ၂၀၅ ဦး စသည်ဖြင့် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ အသီးသီး ကူးစက်ခံခဲ့ရသည်။

သို့သော် အရှေ့နူဆာတင်ဂါရာ၊ အလယ်ဆူလာဝေဆီနှင့် မာလူကူစသည့်ပြည်နယ်နှင့် ဒေသသုံးခုတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်ဦးမျှမရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**


# မင်္ဂလာဒုံမြို့နယ်၌ ငွေကျပ် ၅ ဒသမ ၃၄ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်  အောက်တိုဘာ  ၃၀**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၃၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို အောက်တိုဘာ ၂၆ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၆ ရက် နံနက် ၅ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီး မိုင်တိုင်အမှတ်(၅)နှင့် (၆)အကြား၌ မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်း သတင်းအရ စိုင်းရွှေ(ခ)စိုင်းသိန်းနိုင်နှင့် တင်ဆန်းဦးတို့အား Nissan Diesel အမျိုးအစား ယာဉ်နှင့်အတူ တွေ့ရှိရ၍ ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ကြမ်းခင်း အံဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၀၀၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း။

၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံများအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း၊ စိုင်းရွှေ(ခ) စိုင်းသိန်းနိုင်မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၇ ရက်က အင်းစိန်မြို့နယ် မြို့သစ် (ဂ) ရပ်ကွက် အမှတ်-၁၂၀(က)တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅၄၆၉ သန်း သိမ်းဆည်းရမိမှုနှင့် ၂၀၁၉ ခုနှစ် မတ် ၃ ရက်က မောင်တောမြို့နယ် ဝေသာလီကျေးရွာ မောင်တော-အငူမော်ကားလမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၇၇၅ သန်း သိမ်းဆည်းရမိခဲ့သည့်အမှုတို့မှ ကွင်းဆက်တရားခံပြေးတစ်ဦးဖြစ်ကြောင်း၊ တင်ဆန်းဦးမှာလည်း ၂၀၁၉ ခုနှစ် မတ် ၂၄ ရက်က ကော့သောင်းမြို့နယ် မြောက်တော်ဝင်ကျွန်းအနောက်ဘက် ရေမိုင် ၂၀ ခန့်အကွာတွင် အိုက်စ် ၁၇၃၇ ကီလို သိမ်းဆည်းရမိခဲ့သည့်အမှုမှ ကွင်းဆက်တရားခံပြေးတစ်ဦးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

စိုင်းရွှေ(ခ)စိုင်းသိန်းနိုင်နှင့် တင်ဆန်းဦးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။




# ကျောက်မဲမြို့၌ မူးယစ်ကွင်းဆက်တရားခံပြေးက ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးစဉ် သေဆုံး

**နေပြည်တော်  အောက်တိုဘာ  ၃၀**
ကျောက်မဲမြို့၌ ယနေ့တွင် မူးယစ်ကွင်းဆက်တရားခံပြေးက ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးစဉ် သေဆုံးသွားကြောင်း သိရသည်။

ကျောက်မဲမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ကျောက်မဲမြို့မရဲစခန်း၏ မူးယစ်ကွင်းဆက်တရားခံပြေး ကွမ်းဖုန်းသည် ကျောက်မဲမြို့ (၈) ရပ်ကွက်ရှိ ၎င်း၏ နေအိမ်သို့ ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ ယနေ့မွန်းလွဲပိုင်းတွင် ဝင်ရောက်စီးနင်းရှာဖွေစဉ် ကွမ်းဖုန်းက အရိုးအသွား ၂၀ လက်မခန့်ရှိ ဓားမဖြင့် ခုတ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ဦးခေါင်း၌ ပြတ်ရှဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့ပြီး နေအိမ်၌ ရောက်ရှိနေသူ ကျော်မင်းကလည်း ၎င်းကိုင်ဆောင်ထားသည့် ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းတို့ နှစ်ဦးစလုံး ကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး နေအိမ်ကို အသေးစိတ်ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ရှစ်ခွက်(အလေးချိန် ၈၀ ဂရမ်ခန့်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ ၊ ဓားမတစ်လက်၊ ဓားမြှောင်တစ်လက်၊ CZP-07 9mm အမျိုးအစား ပစ္စတိုတစ်လက်၊ ကျည်ကတ်တစ်ခု၊ ၉ မမကျည်ကိုးတောင့်တို့ သိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့ပြင် နေအိမ်အတွင်း မူးယစ်ဆေးဝါးဝယ်ယူသုံးစွဲရန် ရောက်ရှိနေသည့် အိုက်စိုင်း(ခ)အောင်သိန်း၊ ထက်သူပိုင်နှင့် ကျော်မင်းနောင်(ခ) အိုက်နောင့်တို့ သုံးဦးကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေးနှင့် ဖမ်းဆီးရေးဆောင်ရွက်ရာတွင် အချို့က ပြန်လည်ခုခံတုံ့ပြန်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ထိခိုက်သေကျေ ဒဏ်ရာရရှိမှုများ ရှိခဲ့သဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေအား အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

# ပင်လည်ဘူး၊ နောင်ချို၊ တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်  အောက်တိုဘာ  ၃၀**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညပိုင်း၌ ပင်လည်ဘူးမြို့နယ် ပင်လောင်ကျေးရွာအနီး ကားလမ်း၌ ကျော်မိုး မောင်းနှင်ပြီး တင်ချိုဝင်း လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၃၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွားကားလမ်း၌ ခရီးသည်တင်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ခရီးသည် ဇေယျာလင်းနှင့် အောင်အောင်မျိုး(ခ)အောင်မျိုးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ ကိုလည်းကောင်း။

ထို့အတူ အောက်တိုဘာ ၂၈ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ)နေ စိုင်းတစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၃၀ ကိုလည်းကောင်း၊ ထို့ပြင် အောက်တိုဘာ ၂၉ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့မရဲစခန်း (ပ)၃၇၄/၂၀၂၀၊ ရှမ်းပြည်နယ် လက်နက်အမိန့်အပိုဒ် ၁၂(က)/၁၂(ဂ) အမှုမှ တရားခံ အားဂျူးအား စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းနေထိုင်သည့် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အားစောနှင့် အားချာ တို့အားတွေ့ရှိပြီး Ecstasy ဆေးပြား ၁၇၀ ၊ ဆေးခြောက် သုည ဒသမ ၀၅၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



စိုင်းတစ်၊ အားစော၊ အားချာ၊ အားဂျူးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။ (ဝဲမှ ယာ)

# အသိပေးနှိုးဆော်ချက်

COVID-19 ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြည်သူလူထုကလည်း လိုက်နာဆောင်ရွက်လျက်ရှိပြီး အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် Stay at Home အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုကာလသည် ရွေးကောက်ပွဲအကြိုကာလ အချိန်အခါလည်းဖြစ်သဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရလျက်ရှိပါသည်။

သို့သော် မကြာမီရက်များတွင် သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ ရောက်ရှိပြီး ယင်းကာလကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ မြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများကလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။

သို့ဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ မြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ ထိန်းချုပ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော်  အောက်တိုဘာ  ၃၀**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၇ စီး၊ သွင်းကုန် အစီး၂၇၀ ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၉၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။


အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၃၀၀ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် ဘေထုပ် (1x40 Kg) (5 pkgs) အား သိမ်းဆည်းရမိကြောင်း သိရသည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။




# ရန်ကုန်တိုင်းဒေသကြီး၌ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ ဒုတိယနေ့ ကြိုတင်ဆန္ဒမဲပေး

**ရန်ကုန်  အောက်တိုဘာ ၃၀**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများနှင့် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဒုတိယနေ့ ကြိုတင်ဆန္ဒမဲပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများတွင် ယနေ့နံနက်ပိုင်းမှစတင်၍ ဆက်လက်ဆောင်ရွက်ကြရာ ကြိုတင်ဆန္ဒမဲပေးရန် စိတ်ဝင်စားမှုများလာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

"မနေ့ကစပြီး အသက် ၆၀ နှင့်အထက် အသက်အရွယ်ကြီးရင့်သူတွေ ကြိုတင်ဆန္ဒမဲပေးနိုင်အောင် အိမ်တိုင်ရာရောက် စာရင်းလိုက်ကောက်ကြတယ်။ လိုက်ကောက်ကြတဲ့အခါ လူတော်တော်များများက ကြိုတင်မဲပေးလို့ရတယ်ဆိုတာ သိကုန်ကြတယ်။ တချို့လည်း ငါ့တို့ရပ်ကွက် ငါ့တို့လမ်းတွေ ဘယ်တော့လာမလဲ မေးတာတွေ ရှိနေကြပါတယ်။ မနေ့က အိမ်တိုင်ရာရောက် လိုက်ကောက်တဲ့ အဖွဲ့တွေရဲ့ အတွေ့အကြုံအရ လိုအပ်ချက်တွေ အားနည်းချက်တွေ ပြုပြင်လိုက်တဲ့အတွက် ဒီနေ့မှာတော့ အဆင်ပြေပြေ ကောက်ယူလို့ရပါတယ်။ လူတွေကလည်း မဲထည့်ဖို့ စိတ်ဝင်စားလာကြပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က ပြောသည်။

လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မရှိစေရန်အတွက် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ အသက် ၆၀ နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် မိုဘိုင်းရွေ့လျားစနစ်ဖြင့် ဆန္ဒမဲကောက်ယူရေးဆောင်ရွက်လျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်ဆန္ဒမဲမထည့်လိုက်ရသည့်သူများအနေဖြင့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနေ့တွင် မဲလာရောက်ထည့်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။



ဒလမြို့နယ်တွင် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများ ကြိုတင်ဆန္ဒမဲပေးစဉ်။

"ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမဖြစ်အောင် အသက် ၆၀ နှင့်အထက်တွေကို မဲရုံမှာလာပြီး လူစုလူဝေးမဖြစ်အောင် နေအိမ်အရောက် ကောက်တာကို ဆောင်ရွက်ရတာပါ။ အသက် ၆၀ ကျော်တွေ အခုကြိုတင်မဲကို မဖြစ်မနေပေးရမှာ မဟုတ်ပါဘူး။ လာကောက်လို့ ကျန်နေခဲ့ရင်လည်း ရပ်ကွက်၊ ကျေးရွာ ကော်မရှင်ရုံးကို အကြောင်းကြားပြီး ပေးလို့ရပါတယ်။ ကိုယ်ကသွားလာနိုင်တယ်ဆိုရင် ရုံးမှာ သွားပေးလို့ရတယ်။ မသွားမလာနိုင်ဘူးဆိုရင်လည်း ဆက်သွယ်ပြီး အိမ်မှာပေးလို့ရပါတယ်။ မသန်စွမ်းတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ ကလေးမီးဖွားပြီး မိခင်များလည်း ကြိုတင်မဲပေးလို့ရပါတယ်။ မဲစာရင်းမှာ မိမိနာမည်ပါဖို့တော့လိုပါတယ်။ ဒီအချိန်ကတော့ မဲစာရင်းမှာပါတဲ့သူတွေ ပေးခွင့်ရပါတယ်။

ကြိုတင်မဲတွေကို မိုဘိုင်းလိုက်ကောက်တဲ့အပြင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်ရုံးမှာလည်း အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းပြီး ကြိုတင်မဲထည့်နိုင်အောင် ဆောင်ရွက်ထားပါတယ်။ အဲဒီနေရာတွေမှာ နိုင်ငံ့တာဝန်ထမ်းဆောင်နေသူတွေ၊ လုပ်ငန်းတာဝန်တစ်ခုခုနဲ့ ခရီးသွားမယ့်သူတွေ ရွေးကောက်ပွဲကာလမှာ တာဝန်ထမ်းဆောင်မယ့် ကော်မရှင်အဖွဲ့ဝင်တွေ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနဲ့ အဖွဲ့ဝင်တွေက ခန့်အပ်လွှာပြပြီး ကြိုတင်ဆန္ဒမဲပေးလို့ရပါတယ်။ အလားတူပဲ မဲပေးတဲ့နေ့မှာ အရေးပေါ် မဖြစ်မနေ ခရီးသွားရမယ့်သူတွေက ၁၀ ရက် ကြိုတင်မဲထဲမှာလာပြီး ပေးလို့ရပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဲရုံများသို့ လာရောက် ဆန္ဒမဲပေးထားသည့် ကြိုတင်မဲများနှင့် ကောက်ယူထားသည့် ကြိုတင်မဲများအား လုံခြုံမှုရှိစေရန် ရွေးကောက်ပွဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်ထားကြောင်း သိရသည်။

"သန်လျင်မြို့နယ်မှာ မဲပေးပိုင်ခွင့်ရှိသူဦးရေက နှစ်သိန်းနှစ်သောင်းကျော်တယ်။ အဲဒီထဲမှာ အသက် ၆၀ နဲ့အထက် မဲပေးပိုင်ခွင့်ရှိသူက နှစ်သောင်းခုနစ်ထောင်ကျော်ရှိတယ်။ ဒုတိယနေ့မှာ သန်လျင်တစ်မြို့နယ်လုံး ရပ်ကွက်၊ ကျေးရွာအလိုက် ကြိုတင်မဲကောက်ယူရေး အဖွဲ့တွေက နံနက်ပိုင်းကစပြီး ကြိုတင်မဲတွေလိုက်လံကောက်ယူနေပါတယ်။ ဒီနေ့က မိုးရွာနေတော့ အခက်အခဲတော့ရှိတယ်။ ကျွန်တော်တို့ မြို့နယ်မှာတော့ ရပ်ကွက်၊ ကျေးရွာကော်မရှင်ရုံးတွေမှာ မဲလာပေးတာ နည်းတယ်။ လိုက်လံကောက်ယူတာများတယ်။ ရွေ့လျားမဲစာရင်း ကောက်ယူရေးမှာ အခက်အခဲတွေတော့ရှိတယ်။ မြို့ပေါ် ရပ်ကွက်တွေနဲ့မတူဘူး။ ဒီဘက်မှာက ကျေးရွာတွေအထိ ဆင်းကောက်ရတော့ တချို့က လယ်ကွင်းတွေထဲ နေတဲ့ အိမ်ထောင်စုတွေရှိတယ်။ မဲစာရင်းကောက်ယူတဲ့သူတွေ အနေနဲ့ လယ်ကွင်းတွေထဲထိဆင်းပြီး ကောက်ယူရတယ်။ ဗွက်တောတွေထဲ ဖြတ်သွားရတယ်။ ချောင်းတွေ မြောင်းတွေ ဖြတ်ပြီး သွားရတယ်။ အခက်အခဲတွေကြားထဲကပဲ မညည်းမညူနဲ့ လုပ်ကြပါတယ်" ဟု သန်လျင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်မင်းသန်းက ပြောသည်။

သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်နေ အသက် ၈၀ အရွယ် ဦးစိုးသိန်းက "ဒီနေ့ ထန်းပင်ကုန်းရပ်ကွက် မူလတန်းကျောင်းမှာဖွင့်ထားတဲ့ မဲရုံမှာ ကြိုတင်မဲသွားပေးခဲ့ပါတယ်။ အဘအမြင်ပြောရရင် ဒီနေ့မဲပေးတဲ့နေရာမှာ ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတပါတယ်။ တော်တော်များများလည်း ကြိုတင်မဲ လာပေးတာတွေ့ရတယ်။ မဲရုံမှူးတွေ ရဲ့ ဆက်ဆံရေးလည်း ကောင်းပါတယ်။ မဲရုံမှာလည်း ကျန်းမာရေးဌာနက ညွှန်ကြားထားတဲ့အတိုင်း ဆောင်ရွက်ထားတာ တွေ့ရပါတယ်။ အဘအနေနဲ့ ခေတ်အဆက်ဆက်လည်း မီလာခဲ့ပါတယ်" ဟု ပြောသည်။


နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီးတွင် မဲရုံပေါင်း ၅၉၀၈ ရုံ ပြင်ဆင်ဆောင်ရွက်ထားပြီး မဲပေးပိုင်ခွင့်ရှိသူဦးရေ ၅၈ သိန်းကျော်ရှိကြောင်း၊ ထိုအထဲတွင်မှ အသက် ၆၀ နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူ ရှစ်သိန်းကျော်ရှိကြောင်း၊ ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုကိုးကျွန်းမြို့နယ်တွင် မဲရုံနှစ်ရုံ ပြင်ဆင်ဆောင်ရွက်ထားပြီး မဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၄၆၆ ဦးခန့်ရှိကြောင်း၊ ထိုအထဲတွင်မှ အသက် ၆၀ နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၉၉ ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**သတင်း-မင်းသစ်(MNA)၊**
**ဓာတ်ပုံ-ဇော်မင်းလတ်**

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

- ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP)ကို ဖျက်သိမ်းပြီး ဖြစ်ပါသည်။
- ယင်းပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒပြုရန်မလိုပါ။
- ဆန္ဒပြုခဲ့ပါလျှင် ပယ်မဲအဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



# သည်းခံရမယ်၊ တောင့်ခံရမယ်



ပြည်သူတွေစိတ်ထဲက နည်းနည်းစိတ်ပင်ပန်းလား မသိဘူး။ ဒါပေမယ့် သည်းခံရမယ်၊ တောင့်ခံရမယ်။ တောင့်ခံရမယ်ဆိုတာ တစ်ကမ္ဘာလုံးမှာ ဒီလိုဖြစ်နေတာ။ တချို့နိုင်ငံတွေမှာဆိုရင် တတိယလှိုင်းလို့တောင် ခေါ်ရလောက်အောင် တော်တော်များများ၊ ကျယ်ကျယ်ပြန့်ပြန့် ရောဂါပိုးတွေ တွေ့နေတာတွေ ရှိပါတယ်။ ဒီနိုင်ငံအခြေအနေက အဆိုးဆုံးထဲမှာ မဟုတ်ပါဘူး။ ဒါပေမယ့် အကောင်းဆုံးထဲမှာလည်း မဟုတ်ဘူး။ ၈ လပိုင်းမတိုင်ခင်တုန်းက အခြေအနေအကောင်းဆုံး နိုင်ငံတွေထဲမှာလို့ ပြောလို့ရတယ်။ အခုအချိန်မှာတော့ ပြောလို့မရဘူး။ ဒါပေမယ့်လည်း အခုစပြီး ထိန်းနိုင်ပြီဆိုရင်တောင် အများကြီးတိုးတက်မှုလို့ ပြောလို့ရပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃-၁၀-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၀-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

၁။ (၂၉-၁၀-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁၃၃၁) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်တောင်စုနယ်မြေ အမည်/နေရာ | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၆၂ |
| | | မင်္ဂလာတောင်ညွန့် | ၄၁ |
| | | မင်္ဂလာဒုံ | ၆၆ |
| | | ကမာရွတ် | ၆၅ |
| | | စမ်းချောင်း | ၅၂ |
| | | ရန်ကင်း | ၅၇ |
| | | တာမွေ | ၅၆ |
| | | မြောက်ဥက္ကလာပ | ၄၅ |
| | | တောင်ဥက္ကလာပ | ၄၅ |
| | | မြောက်ဒဂုံမြို့သစ် | ၃၄ |
| | | သင်္ဃန်းကျွန်း | ၃၄ |
| | | ဗဟန်း | ၃၁ |
| | | လှိုင် | ၃၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၂ |
| | | သန်လျင် | ၂၀ |
| | | သင်္ဃန်း | ၁၈ |
| | | ရွှေပြည်သာ | ၁၉ |
| | | မရမ်းကုန်း | ၁၀ |
| | | ဒဂုံ | ၁၅ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၆ |
| | | ပုဇွန်တောင် | ၁၀ |
| | | ဆိပ်ကြီးခနောင်တို | ၁၄ |
| | | ကြည့်မြင်တိုင် | ၁၂ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၀ |
| | | ကျောက်တန်း | ၁၀ |
| | | မှော်ဘီ | ၁၀ |
| | | ရန်ကင်း | ၇ |
| | | ဒေါပုံ | ၇ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၇ |
| | | လမ်းမတော် | ၆ |
| | | ဒလ | ၆ |
| | | အလုံ | ၅ |
| | | အင်းစိန် | ၄ |
| | | ကျိုက်လတ် | ၄ |
| | | ပန်းဘဲတန်း | ၄ |
| | | သုံးခွ | ၄ |
| | | တွံတေး | ၃ |
| | | ပန်းပဲတန်း | ၁ |
| | | [illegible] | ၁ |
| | | ထိုက်ကြီး | ၁ |
| | | ကော့မှူး | ၁ |
| | | | စုစုပေါင်း ၈၇၈ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး | ၂၀ |
| | | လက်ပံတန်း | ၁၈ |
| | | ဒေါ | ၁၄ |
| | | မိုးညို | ၁၂ |
| | | ပဲခူး | ၁၀ |
| | | မင်းလှ | ၉ |
| | | ဖြူး | ၈ |
| | | တောင်ငူ | ၇ |
| | | ပန်းတောင်း | ၄ |
| | | ပေါက်ခေါင်း | ၄ |
| | | ကဝ | ၃ |
| | | နတ်တလင်း | ၃ |
| | | သနပ်ပင် | ၁ |
| | | ရေတာရှည် | ၁ |
| | | | စုစုပေါင်း ၁၀၅ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၂၅ |
| | | ချမ်းအေးသာဇံ | ၁၈ |
| | | ချမ်းမြသာစည် | ၇ |
| | | မြင်းခြံ | ၇ |
| | | မြစ်သား | ၅ |
| | | ပြည်ကြီးတံခွန် | ၅ |
| | | ဓမ်းကျွန်း | ၄ |
| | | အမရပူရ | ၂ |
| | | မိတ္ထီလာ | ၂ |
| | | မတ္တရာ | ၁ |
| | | နွားထိုးကြီး | ၁ |
| | | ပုသိမ်ကြီး | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | သာစည် | ၁ |
| | | စဉ့်ကူး | ၁ |
| | | | စုစုပေါင်း ၈၂ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၃၀ |
| | | မအူပင်ကျွန်း | ၁၄ |
| | | ဓနုဖြူ | ၅ |
| | | ကျိုက်လတ် | ၄ |
| | | မအူပင် | ၂ |
| | | ပုသိမ် | ၂ |
| | | ကြံခင်း | ၁ |
| | | လေးမျက်နှာ | ၁ |
| | | ဟင်္သာတ | ၁ |
| | | | စုစုပေါင်း ၆၀ |
| ၅။ | ရခိုင်ပြည်နယ် | အမ်း | ၁၂ |
| | | ကျောက်ဖြူ | ၆ |
| | | ကျောက်တော် | ၃ |
| | | မောင်တော | ၃ |
| | | ပုဏ္ဏားကျွန်း | ၃ |
| | | တောင်ကုတ် | ၂ |
| | | မြေပုံ | ၁ |
| | | | စုစုပေါင်း ၃၀ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၂၀ |
| | | ထားဝယ် | ၁ |
| | | ကော့သောင်း | ၁ |
| | | ထားဝယ် | ၁ |
| | | | စုစုပေါင်း ၂၃ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး | တမူး* | ၈ |
| | | ကလေး | ၄ |
| | | ရွှေဘို | ၃ |
| | | မုံရွာ | ၂ |
| | | ယင်းမာပင် | ၁ |
| | | | စုစုပေါင်း ၁၈ |
| ၈။ | နေပြည်တော် | ဇမ္ဗူသီရိ | ၅ |
| | | ပုဗ္ဗသီရိ | ၃ |
| | | လယ်ဝေး | ၁ |
| | | | စုစုပေါင်း ၉ |
| ၉။ | မွန်ပြည်နယ် | ဘီးလင်း | ၂ |
| | | သထုံ | ၂ |
| | | ရေး | ၁ |
| | | သံဖြူဇရပ် | ၁ |
| | | မော်လမြိုင် | ၁ |
| | | | စုစုပေါင်း ၇ |
| ၁၀။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၁ |
| | | ချောက် | ၁ |
| | | နတ်မောက် | ၁ |
| | | ပခုက္ကူ | ၁ |
| | | | စုစုပေါင်း ၄ |
| ၁၁။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၂ |
| | | | စုစုပေါင်း ၂ |
| ၁၂။ | ချင်းပြည်နယ် | ဟားခါး | ၁ |
| | | | စုစုပေါင်း ၁ |
| ၁၃။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | နမ္မတူ | ၁ |
| | | | စုစုပေါင်း ၁ |
| ၁၄။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | တောင်ကြီး | ၁ |
| | | | စုစုပေါင်း ၁ |
| (၂၉-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၃၃၁) ဦး |

*ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ (၅) ဦးအား အသွားအလာကန့်သတ်ထားခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၂၉-၁၀-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၃၁) ဦးတွင် အနံ့မရရှိသူ (၂၆၇) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးကြ

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲများပေးခြင်းကို ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအသီးသီး၌ အသက် ၆၀ နှင့်အထက် မဲပေးခွင့်ရှိသူများ မဲပေးကြသည်။ ထိုသို့ ကြိုတင်ဆန္ဒမဲပေးရာတွင် ကိုဗစ်-၁၉ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေး တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။


ရေတာရှည်
ဓာတ်ပုံ - ကိုလွင်(ဆွာ)


ကော့မှူး
ဓာတ်ပုံ - ကျော်သူရ(မြန်/ဆက်)


ဟိုပုံး
ဓာတ်ပုံ - နန်းခမ်းဖြိုး(မြန်/ဆက်)


သင်္ဃန်းကျွန်း
ဓာတ်ပုံ - တင်ကြည်(သင်္ဃန်းကျွန်း)


မရမ်းကုန်း
ဓာတ်ပုံ - ညီညီ(သမိုင်း)


ဗဟန်း
ဓာတ်ပုံ - မြင့်မောင်


ဖျာပုံ
ဓာတ်ပုံ - သပြေထွန်း


မအူပင်
ဓာတ်ပုံ - မြို့နယ်(မြန်/ဆက်)


ကသာ
ဓာတ်ပုံ - အေးမြသက်ထား


ကျောင်းကုန်း
ဓာတ်ပုံ - ဝင်းကြိုင်(မြန်/ဆက်)

# ရှေ့နေနှင့် ဓမ္မဆီမီး

**ဦးဟန်ညွန့် (ဥပဒေ)**

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ် ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"


"ရှေ့နေနှင့် ဓမ္မဆီမီး ပါတဲ့"

"ဘာအဓိပ္ပာယ်လဲ ဆရာ"

"ဒီနေ့သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာနေ့) ဖြစ်ပါတယ်။ ဒီလိုနေ့ထူးနေ့မြတ်မှာ ပူဇော်၊ ကြည်ညို ဖတ်ရှုလေ့လာခွင့်ရတဲ့တရားဓမ္မ(ဓမ္မဆီမီး)စာအုပ်တွေထဲက မှတ်သားစရာတွေကို ကောက်နုတ်ပြီး ပြန်လည်တင်ပြရေးသားချင်လို့ပါ။ တရားဓမ္မစာစု ဂရုပြုတဲ့ သဘောပါ"

"အထူးကြည်ညိုမိပါတယ်ဆရာ"

"ဒါဖြင့် ၊ ဖတ်ကြည့်ကြစို့"



ပုံ-၁

**ဘဝခရီးနှင့် ဓမ္မဆီမီး**

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ ဘဝခရီးနှင့် ဓမ္မဆီမီး ကျမ်းစာအုပ်တော်ကြီးကို မြသန်းစံ (အရှင်ပညာနန္ဒ) ရေးသားပူဇော်သည်။ အခန်းပေါင်း (၂၃)ခန်း၊ စာမျက်နှာပေါင်း (၆၄၉)ပါရှိသည်။ ရန်ကုန်မြို့ ရွှေပြည်နန်းကုမ္ပဏီက ပထမအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ပုံနှိပ်ထုတ်ဝေသည်။ (ပုံ-၁)

**သင်းပျံ့မွှေးသော ပန်းရနံ့တို့ကို သယ်ဆောင်ပေးခဲ့သော လေညင်း (သို့မဟုတ်) စာရေးသူ၏ စကားဦး**


မြသန်းစံ(အရှင်ပညာနန္ဒ)က 'သင်းပျံ့သောဂုဏ်ရနံ့'တို့ပိုင်ရှင် ပါမောက္ခချုပ်ဆရာတော်ကြီး၏ ဘဝခရီးနှင့် ဓမ္မဆီမီးကို ရေးသားပြုစုခဲ့သည့် စာရေးသူအနေဖြင့် စာဖတ်သူတို့ထံပို့ဆောင်ပေးခဲ့သော 'လေပြေလေညင်း'၏ တာဝန်ကိုယူခဲ့ခြင်းသာ ဖြစ်ပါသည်။ စာဖတ်သူတို့အနေဖြင့် ပါမောက္ခချုပ်ဆရာတော်ကြီး၏မွှေးပျံ့သင်းကြိုင်လှသော "သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ခံစားခွင့်ရခဲ့ပြီဆိုပါလျှင် ဤစာအုပ်ကို ရေးသားပြုစုရကျိုးနပ်ခဲ့ပြီ"ဟု စကားဦးရေးသားခဲ့သည်။

**ဓမ္မအသိဉာဏ်ရစေဖို့**

"ယနေ့ကမ္ဘာ၊ ငြိမ်းချမ်းသာလျက်
ဘာသာပွင့်လင်း၊ တရားချဉ်း၍
မျိုးချင်းစာနာ၊ ရိုင်းပင်းကာဖြင့်
မကွာတူမျှ၊ နေထိုင်ကြလျက်
ဓမ္မမှန်သိ၊ ဉာန်(ဉာဏ်)ရရှိသည်....
မသိပျောက်ကြပါစေသော်..."တဲ့။

အဆုံးသတ်အချုပ်ဒ်လေးသည် ပါမောက္ခချုပ်ဆရာတော်ကြီး၏ တရားပွဲများ၏အဆုံးသတ် ရေစက်ချအမျှဝေသည့်အခါ ဆရာတော်ကြီးတိုင်ပေးသည့်အတိုင်း လိုက်လံရွတ်ဆိုသည့်အသံကို အမှတ်ရမိစေ၏။

"ဘုရားတပည့်တော်တို့သည်၊ ဓမ္မအသိဉာဏ်ရရှိမှသာလျှင် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ပါသောကြောင့် ဓမ္မအသိဉာဏ်ရရှိစေရန် ရည်သန်ကြလျက်...."



ပုံ-၂

ဓမ္မအသိဉာဏ်ဟူသည် ပေးဝေသူရှိမှ ရရှိမည်ဖြစ်သလို ရရှိပြီးပါကလည်း ကိုယ်စီသန္တာန်တို့တွင် ကိန်းဝပ်တည်နေနိုင်ဖို့အတွက် ကိုယ်စီဆက်လက်ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ရှိ၏။ ထို့ကြောင့် ဆရာတော်ကြီး ရေးသားထုတ်ဝေခဲ့သမျှ ဓမ္မစာအုပ်မှန်သမျှတို့တွင် "ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်" ဟူသော သတိပေးစာတန်းကလေးကို အမြဲတွေ့ရခြင်းဖြစ်ပါ၏။ (စာ-၁၈၈) ဟု မြသန်းစံ(အရှင်ပညာနန္ဒ)က ရေးသားပူဇော်ခဲ့ပါသည်။

**လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ ကြိုးပမ်းချက် (ဒုတိယတွဲ)**

ပါမောက္ခချုပ် ဆရာတော်ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၏ လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ ကြိုးပမ်းချက် (ဒုတိယတွဲ) စာအုပ်ကို ပဋ္ဌာဂံစာအုပ်တိုက်က ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ အခန်းပေါင်း(၄၀)ပါဝင်သည်။ (ပုံ-၂)

ဖတ်ရှုစရာများစွာမှ အချို့ကို ကောက်နုတ်တင်ပြပါရစေ-

**ဓမ္မဆိုတာ ဘာကိုပြောတာတုန်း**

"ဓမ္မဆိုတာ ဘာကိုပြောတာတုန်းဆိုတော့ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်၊ အဲဒီအဆင့်မြင့်တရားကို ဒီနေရာမှာ ဓမ္မလို့ခေါ်တယ်။ ဓမ္မံ သရဏံ ဂစ္ဆာမိ ဆိုတဲ့နေရာမှာလည်း ဒီဓမ္မကို ရည်ညွှန်းတာ၊ ဒီဓမ္မကမှ သံသရာဝဋ်ဆင်းရဲက လွတ်ကင်းစေနိုင်တာပေါ့။ အနုဓမ္မဆိုတာ အဲဒီဓမ္မကို ရောက်စေနိုင်တဲ့၊ ဓမ္မကိုမျက်မှောက်ပြုစေနိုင်တဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်။ တစ်နည်းအားဖြင့် ပြောရင် မဂ္ဂင်(၈)ပါး အကျင့်တရားကို အနုဓမ္မလို့ ခေါ်တယ်။ ပဋိပတ္တိက အဲဒီအနုဓမ္မကို ကျင့်သုံးတာ၊ ဆိုလိုတာက မဂ်ဖိုလ်နိဗ္ဗာန်ရချင်ရင် ဘာလုပ်ရမလဲ၊ အနုဓမ္မဆိုတဲ့ သီလ သမာဓိ ပညာ ဒီကျင့်စဉ်ကို ကျင့်လို့ဆိုတာပဲ။ ဒီတော့ သောတာပန်ဖြစ်ချင်ရင် အကျင့်မပါဘဲနဲ့ မဖြစ်ဘူး၊ ဒီလိုပြောတာ၊ ကျင့်ရမယ်"ဟု ပါမောက္ခချုပ်ဆရာတော်ကြီးက လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ ကြိုးပမ်းချက် ဒုတိယတွဲ(စာ-၄၅၆) တွင် ဖော်ပြဟောကြားသည်။

**နားထောင်တာဟာ သင်ကြားခြင်းတစ်ခုပဲ**

"ကျင့်တယ်ဆိုတဲ့နေရာမှာ နံပါတ်(၁) သီလလုံခြုံအောင် ဆောက်တည်ရမယ်၊ မိမိက ပြီးပြည့်စုံတဲ့ အသိဉာဏ်တွေရှိပြီဆိုလို့ရှိရင်တော့ သီလပေါ် အခြေခံပြီးတော့ အခုလိုတရားနာရင်းနဲ့လည်း မြတ်စွာဘုရားလက်ထက်တော်မှာ ဘုရားတရားနာရင်းက နေပြီးတော့ သမာဓိတွေရပြီး အသိပညာတွေဖြစ်ပြီး တစ်မဂ် တစ်ဖိုလ် ရသွားတာရှိတယ်။ အဲဒါကြောင့်မို့ အနုဓမ္မပဋိပတ္တိဆိုတဲ့အထဲမယ် တရားနာတာလည်းပါတယ်။ မဂ်လသုတ်ထဲမှာလည်း ရှိတယ်မဟုတ်လား၊ ကာလေန ဓမ္မဿဝနံ ဆိုတာ၊ တရားနာရမယ်၊ နာခြင်းဟာ အသိဉာဏ်တွေ တိုးပြီးတော့ လက်တွေ့ကျင့်သုံးရန်အတွက် အများကြီးအထောက်အကူဖြစ်တယ်လို့ ဒီလိုဆိုတာ။ လောကီပညာလည်း နားထောင်ရတာပဲမဟုတ်လား။ နားထောင်တာဟာ သင်ကြားခြင်းတစ်ခုပဲ၊ နားထောင်တယ်ဆိုတာ အပျင်းပြေ နားထောင်တာ မဟုတ်ဘူး၊ လေးလေးနက်နက်မှတ်သား အာရုံစိုက်ပြီး၊ နားထောင်ပြီး မိမိရဲ့ဘဝနဲ့ ဆက်စပ်ပြီးတော့ နားထောင်မှတ်သား၊ မှတ်သားပြီးတော့ လိုက်နာ၊ ဟောဒီအဆင့်ကိုဆိုလိုတယ်" (စာ-၄၅၇) ဟုလည်း ဟောကြားသည်။

**စိတ် စင်ကြယ်ကြောင်းတရား**

"စိတ် စင်ကြယ်ကြောင်းတရားနှင့်စပ်လျဉ်း၍-

အာဠ္ဂဝကကြီးရဲ့ (၈)ခုမြောက်မေးခွန်းက "ကထံ သု ပရိသုဇ္ဈတိ" တဲ့၊ ဘာနဲ့မှ လူတွေရဲ့စိတ်အစဉ်ဟာ စင်ကြယ်နိုင်တုန်း လို့မေးတယ်။ လူတွေရဲ့စိတ်ဟာ စင်ကြယ်နေတာ မဟုတ်ဘူး၊ လူတွေရဲ့စိတ်ဟာ မစင်ကြယ်တာကို မသိဘူး၊ အပြင်ဘက်ကရုပ်နဲ့ပတ်သက်ပြီးတော့ မသန့်ရှင်းရင်တော့သိကြတယ်၊ အဝတ်မသန့်ရှင်းရင် သိတယ်၊ ဘာကျတော့ မသိတာတုန်းဆို စိတ်မသန့်ရှင်းတာကျတော့ သိပ်မသိဘူး၊ အဝတ်သန့်ရှင်းဖို့ထက် စိတ်သန့်ရှင်းဖို့၊ လူတွေကတော့ နေ့စဉ်နှင့်အမျှကိုယ့်ကိုကိုယ်သန့်ရှင်းအောင်လုပ်နေကြတယ်၊ ကိုယ့်စိတ်ထဲမှာမကောင်းတဲ့ စိတ်တွေဖြစ်နေရင် သန့်ရှင်းရမှာမသိကြဘူးတဲ့။ သိတဲ့ပညာဟာ သန့်ရှင်းစေနိုင်တယ်။"

ဒါကြောင့်မို့ မြတ်စွာဘုရားကဖြေတယ်။ "ပညာယပရိသုဇ္ဈတိ" တဲ့ အသိပညာနဲ့မှ အညစ်အကြေးတွေ ဖယ်ရှားနိုင်ပါတယ်။ စင်ကြယ်သန့်ရှင်းနိုင်ပါတယ်၊ သိမှုဟာ ငါ့မှာ ဘယ်လိုက စရမှာတုန်းဆို ငါ့စိတ်ထဲမှာ ကိလေသာ အညစ်အကြေးတွေ ရှိနေပါလားလို့ သိဖို့ရာကစရမယ်၊ အဲဒီလို သိလာလို့ရှိရင် ဘယ်နည်းလမ်းနဲ့ သန့်ရှင်းအောင်လုပ်ရမယ်ဆို၊ မဂ္ဂင်(၈)ပါး အကျင့်တရားကို သိပြီးတော့ ပညာလမ်းကြောင်းကနေသွားမှ စင်ကြယ်နိုင်တယ်လို့၊ ဒီအဖြေလေးကိုနာရတာနဲ့ ဒေါသမာန်တွေအားကြီးတဲ့ အာဠ္ဂဝကကြီးဟာ သောတာပန်ဖြစ်သွားတယ်။ (စာ-၄၈၄) ဟု ပါမောက္ခချုပ် ဆရာတော်ကြီးက ဟောကြားတရားပြသည်။ ထိုအကြောင်းကို ပန်းချီဆရာမြင့်ကျော်ထက်က သရုပ်ဖော်ပုံကိုပီပြင်စွာရေးသားတင်ပြထားသည်။ (ပုံ-၃)



ပုံ-၃

**မေတ္တာပွားနေသူကို ပြစ်မှားခြင်း**

မေတ္တာနှင့်စပ်လျဉ်း၍ မုဆိုးကြီးတစ်ဦးကို ဥပမာပေးပြီး-

" မုဆိုးထိုင်ထိုင်ပြီးတော့ မြတ်စွာဘုရားဘက်ကို မြားနဲ့ပစ်လိုက်တယ်ဆိုပါစို့၊ ခါတိုင်းဆိုလို့ရှိရင် လေးတင်ပြီးတော့ ခလုတ်ဖြုတ်လိုက်တာနဲ့မြားဟာ သူပစ်တဲ့ဆီသွားတယ်၊ ဒီနေ့ကျတော့ သူ့မြားဟာဖြုတ်လို့မရဘူးဖြစ်နေတယ်၊ ချလို့လည်းမရ၊ တစ်ကိုယ်လုံးပင်ပန်းပြီးတော့ ဆင်းရဲဒုက္ခ ရောက်နေတယ်၊ နေရာကလည်း မရွေ့နိုင်အောင် ခန္ဓာကိုယ်ဟာ ခါတိုင်းနဲ့မတူ ထူးခြားတဲ့အနေအထားမျိုးတွေဖြစ်လာတယ်၊ ဘာဖြစ်လို့ဒီလိုဖြစ်တာတုန်း၊ မြတ်စွာဘုရားက မေတ္တာပွားနေတာနော်၊ မေတ္တာပွားနေတဲ့ပုဂ္ဂိုလ်ကို ပြစ်မှားမယ်ဆိုရင် တစ်မျိုးတစ်မည်ဖြစ်သွားတယ်ပေါ့။ (စာ-၅၄၅) ဟု ပါမောက္ခချုပ် ဆရာတော်ကြီးက ဟောကြားခဲ့သည်။ ပန်းချီဆရာစိုးဝင်းအောင်က ထိုအကြောင်းကို သရုပ်ဖော်ရေးသားထားပါသည်။ (ပုံ-၄)



ပုံ-၄

**ဓမ္မအသိဉာဏ်ဟူသည် ပေးဝေသူရှိမှ ရရှိမည်ဖြစ်သလို ရရှိပြီးပါကလည်း ကိုယ်စီသန္တာန်တို့တွင် ကိန်းဝပ်တည်နေနိုင်ဖို့အတွက် ကိုယ်စီဆက်လက်ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ရှိ၏. . .**
**ဓမ္မဆိုတာ ဘာကိုပြောတာတုန်းဆိုတော့ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်၊ အဲဒီအဆင့်မြင့်တရားကို ဒီနေရာမှာ ဓမ္မလို့ခေါ်တယ်။ ဓမ္မံ သရဏံ ဂစ္ဆာမိ ဆိုတဲ့နေရာမှာလည်း ဒီဓမ္မကိုရည်ညွှန်းတာ၊ ဒီဓမ္မကမှ သံသရာဝဋ်ဆင်းရဲက လွတ်ကင်းစေနိုင်တာပေါ့. . .**

**နိဂုံး**

မြင့်မြတ်သော ဤအဘိဓမ္မာ အခါတော်နေ့တွင် တရားဓမ္မစာအုပ်စာပေများကို ဖတ်ရှုနာယူ ပူဇော်ရသော အကျိုးအားကြောင့် ဓမ္မဆီမီးရောင်စုံ ထိန်ညီးလျက်၊ မြင့်မြတ်ဖြူစင်အေးမြကြည်လင်သော စိတ်နှလုံးရွှင်ပြုံးနိုင်ကြပါစေသတည်း . . .॥ ॥

○ ○ ○

# ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့်ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲနေ့ မဲရုံတွင်မဲပေးရာတွင်လည်းကောင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးရာတွင်လည်းကောင်း အမှန်အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ခိုင်လုံမဲ နမူနာပုံစံများ













မှတ်ချက်။ ။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

စာမျက်နှာ ၂၁ သို့

# ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

■ စာမျက်နှာ ၂၀ မှ

## ခိုင်လုံမဲ နမူနာပုံစံများ



ပုံစံ (၇)
- ကိုယ်စားလှယ်လောင်း တစ်ဦးထိုသာ ဆန္ဒပြုထားကြောင်း ထင်ရှားသည့်မဲ



ပုံစံ (၈)
- ကိုယ်စားလှယ်လောင်း တစ်ဦးထိုသာ ဆန္ဒပြုထားကြောင်း ထင်ရှားသည့်မဲ


ပုံစံ (၉)
- တံဆိပ်တုံးတစ်ကြိမ်နှင့်အထက် ရိုက်နှိပ် ထားသော်လည်း ကိုယ်စားလှယ်လောင်းတစ်ဦးကို သာ ဆန္ဒပြုထားသောမဲ

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။


ပုံစံ (၁၀)
- တံဆိပ်တုံးတစ်ကြိမ်နှင့်အထက် ရိုက်နှိပ် ထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကို သာ ဆန္ဒပြုထားသောမဲ


ပုံစံ (၁၁)
- တံဆိပ်တုံး တစ်ကြိမ်နှင့်အထက် ရိုက်နှိပ် ထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသောမဲ


ပုံစံ (၁၂)
- တံဆိပ်တုံးတစ်ကြိမ်နှင့်အထက် ရိုက်နှိပ် ထားသော်လည်း ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒပြုထားသောမဲ

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)



## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေဘိုမြို့နယ် မဲရုံများတွင် ကြိုတင်ဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေး

**ရွှေဘို အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ လိုက်ပါ၍ ယနေ့ နံနက် ၈ နာရီက ရွှေဘိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပြည်သူများ ဆန္ဒမဲပေးမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေဘိုမြို့နယ် သီးလုံး၊ နှမစားရစ်၊ ဆိပ်ခွန်၊ ဇီးဖြူကုန်း၊ ချီပါနှင့်မင်းကုန်း စသည့် ကျေးရွာ ခြောက်ရွာရှိ မဲရုံများတွင် အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်ပြည်သူများ စိတ်ချမ်းမြေ့ လုံခြုံစွာ ကြိုတင်ဆန္ဒမဲပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ မဲရုံများ၌ ကြိုတင်ဆန္ဒမဲပေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မိဘပြည်သူများ စိတ်ချမ်းမြေ့လုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများမှ တာဝန်ပေးအပ်ထားသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို တွေ့ဆုံအားပေးစကားများ ပြောကြားကာ ဆန္ဒမဲပေးရာတွင် ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားမကူးစက်ရေးအတွက်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ အားလုံး စနစ်တကျ ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပွင့်ဖြူမြို့နယ်၌ ကြိုတင်ဆန္ဒမဲလာရောက်ပေး

**ပွင့်ဖြူ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို သည် တိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီးဦးမြင့်ဆွေ လိုက်ပါ၍ အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် သက်တော်ရှည်ရပ်ကွက်သို့လာရောက်ပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲ လာရောက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြိုတင်ဆန္ဒမဲ လာရောက်ပေးရာတွင် ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အဖွဲ့အား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်စန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်ရှိ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ စနစ်တကျ မဲပေးနိုင်ရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**



## တနင်္သာရီ၌ မသန်စွမ်းမဲဆန္ဒရှင်များ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန် စီစဉ်ထား

**တနင်္သာရီ အောက်တိုဘာ ၃၀**

ရွေးကောက်ပွဲ၌ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် အတွင်း မဲရုံ ၉၇ ရုံရှိပြီး မဲဆန္ဒရှင် ပြည်သူပေါင်း ၈၀၀၀၀ ကျော်ရှိသည့် အနက် မသန်စွမ်းသူ မဲဆန္ဒရှင် ပြည်သူ ၉၃ ဦးရှိပြီး အဆိုပါ မဲဆန္ဒရှင်များ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

အမြင်အာရုံမသန်စွမ်းသူ ၁၀ ဦး၊ ဉာဏ်ရည်မသန်စွမ်းသူ ကိုးဦး၊ ကိုယ်အင်္ဂါမသန်စွမ်းသူ ၅၆ ဦးနှင့် အပြော/အကြားမသန်စွမ်းသူ ၁၈ဦး စုစုပေါင်း မသန်စွမ်းသူ မဲဆန္ဒရှင် ၉၃ ဦးရှိကြောင်း၊ ၎င်းမသန်စွမ်းသူမဲဆန္ဒရှင် ပြည်သူများအနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်ချက်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်များ အတိုင်း လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် လူမှုရေး အဖွဲ့အစည်းများဖြင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညောင်လေးပင်၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ညောင်လေးပင် အောက်တိုဘာ ၃၀**

၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန် ဒေါက်တာသောင်းဒန်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးစောနိုင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်က အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် အတွင်းရေးမှူး ဒေါ်ယုယုခိုင်တို့က လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကာတက်ရောက်လာကြသူများ၏ သိလိုသည်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

**ပိန်းဇလုပ်သိန်းညွန့်**

## ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**ရှမ်းရွာသစ် အောက်တိုဘာ ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ သိရှိလိုက်နာရမည့်အချက်များကို အသိပညာပေးဆင့်ပွားသင်တန်းအား ယနေ့ နံနက်ပိုင်းက ရှမ်းရွာသစ်မြို့ပေါ် လေးရပ်ကွက်နှင့် ကျီးလေးကျေးရွာတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဆင့်ပွားသင်တန်းကို အောက်တိုဘာ ၂၈ ရက်တွင် မဲရုံမှူး၊ဒုမဲရုံးမှူးများနှင့် အဖွဲ့ဝင်များ အသိပညာပေး သင်တန်းတက်ရောက်ခဲ့သော မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စုများတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိနိုင်စေရန် အတွက် ရွေးကောက်ပွဲဆိုင်ရာ သိရှိလိုက်နာရမည့် အချက်များ၊ ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မီဒီယာကိစ္စများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ခိုင်လုံမဲ၊ ပယ်မဲနှင့် ပူးတွဲပုံစံများ၊မဲရေတွက်ခြင်း/ထုပ်ပိုးခြင်း၊ မဲရလဒ်ပုံစံ (၁၆)/၁၆-က ရေးသွင်းခြင်း၊ မဲရုံခင်းကျင်းခြင်း၊ လက်တွေ့သရုပ်ပြခြင်းတို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

## ရွေးကောက်ပွဲ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ရှင်းလင်း

**ညောင်ရွှေ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်၌ ရွေးကောက်ပွဲကျင်းပနေစဉ်ကာလအတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအတွက် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိမဲရုံအသီးသီး၌ ကြီးကြပ်ရေးတာဝန် ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကောင်းမြတ်က ရှင်းလင်းပွဲ ဆောင်ရွက်ရခြင်းအကြောင်းရင်းကို ရှင်းလင်းတင်ပြကာ မြို့နယ်ကျန်းမာရေးမှူး ဦးခင်မောင်ဦးက ကျန်းမာရေးဌာနမှဝန်ထမ်းများ တာဝန်ခွဲဝေချထားမှု အခြေအနေ၊ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ (ပြန်/ဆက်)**

## ငရုတ်ကောင်းမြို့၌ မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆွေးနွေးမှာကြား

**ငရုတ်ကောင်း အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့၌ ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်မည့် မဲရုံအဖွဲ့ဝင် ဆရာ ဆရာမများအား တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက ငရုတ်ကောင်းမြို့(အထက)ရွှေရတုခန်းမ၌ ပြုလုပ်သည်။

မဲရုံမှူးများက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် မဲရုံအဖွဲ့ဝင် ဆရာ ဆရာမများအနေဖြင့် ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသောညွှန်ကြားချက်များကို ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်း၊ ကိုဗစ်-၁၉ရောဂါ မဖြစ်ပွားစေရေးအတွက် ညွှန်ကြားချက်များကိုအလေးထား လိုက်နာဆောင်ရွက်သွားစေလိုကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ပညာရေးဝန်ထမ်းမဲရုံအဖွဲ့ဝင် ဆရာ ဆရာမများက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ကြမည့် လုပ်ငန်းများအပေါ် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ မဲရုံမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

## တိုင်းဒေသကြီးအစိုးရအဖွဲ့ မြေလျော်ကြေးနှင့် သီးနှံနစ်နာကြေးများ ပေးအပ်

**မြိတ် အောက်တိုဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကျောက်ဖျာမြို့သစ်စီမံကိန်းဧရိယာအတွင်းရှိ အုပ်ချုပ်မှုဇုန်မြေဧရိယာတွင် ပါဝင်သော တောင်သူငါးဦးအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒုတိယအကြိမ် မြေလျော်ကြေးနှင့် သီးနှံနစ်နာကြေးများကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ပုလဲရတနာခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

မြေလျော်ကြေးနှင့် သီးနှံနစ်နာကြေးပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောက်ဖျာမြို့သစ်စီမံကိန်းဧရိယာအတွင်းရှိ အုပ်ချုပ်မှုဇုန်မြေဧရိယာ၌ ပါဝင်သော တောင်သူငါးဦးအား မြေလျော်ကြေးနှင့် သီးနှံနစ်နာကြေးများကို မြေတစ်ကေငွေကျပ်သိန်း ၉၀ ဖြင့် မြေ ၁၈ ဒသမ ၅ ကေအတွက် ငွေကျပ် ၁၆၆၅ သိန်းကို မြေကေများအလိုက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ပေးအပ်ခဲ့ကြရာ မြေလျော်ကြေးနှင့် သီးနှံနစ်နာကြေးရရှိသည့် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်ပေးမည့်မြေဧရိယာ ၉၂ ဒသမ ၆၀၄ ကေအတွက် လျော်ကြေး၊ နစ်နာကြေးပေးချေရေးကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေများဖြင့် မြေဧရိယာ ၄၇ ဒသမ ၃၆ ကေအတွက် လျော်ကြေး၊ နစ်နာကြေးကို ဇူလိုင်လ၌လည်းကောင်း၊ မြေဧရိယာ ၈ ဒသမ ၈၉ ကေအတွက် လျော်ကြေးနစ်နာကြေးကို စက်တင်ဘာလ၌လည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က တောင်သူများအား စုစုပေါင်း မြေဧရိယာ ၅၆ ဒသမ ၂၅ ကေအတွက် မြေလျော်ကြေးနှင့် သီးနှံနစ်နာကြေးများ ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**





## RBE ရထားတွဲများ ရန်ကုန်မြို့ပတ်လမ်းပိုင်းတစ်လျှောက် စမ်းသပ်ပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် High Aims (Asia)ကုမ္ပဏီလီမိတက်နှင့် S.M.H Rail ( Malaysia ) ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ဒုတိယအသုတ်RBE ရထားတွဲ ရှစ်စင်းအား ပြုပြင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရထားတွဲလေးစင်း ပြုပြင်ဆောင်ရွက်ပြီးစီး၍ ရန်ကုန်မြို့ပတ်လမ်းပိုင်းတစ်လျှောက် အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းမှ ညနေပိုင်းအထိ စမ်းသပ်မောင်းနှင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

မြန်မာ့မီးရထားမှ အဆိုပါ RBE ရထားတွဲများပြုပြင်ဆောင်ရွက်ရန်အတွက် မလေးရှားနိုင်ငံမှ ပညာရှင် ၁၁ ဦးအား ခေါ်ယူငှားရမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ပညာရှင်များဖြင့် လက်ရှိအသုံးပြုနေသည့် RBE ရထားတွဲ လေးစင်း၏ အင်ဂျင်အဟောင်းများကိုဖြုတ်ယူ၍ Branded သံမဏိ Cummins အင်ဂျင်အသစ်များဖြင့် လဲလှယ်ဆောင်ရွက်ကာ ဂီယာဘောက်စ်များကိုလည်း ဂျာမနီနိုင်ငံထုတ် ဂီယာဘောက်စ်အသစ်များဖြင့် လဲလှယ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ RBE ရထားတွဲဘော်ဒီပြုပြင်ခြင်းနှင့် ဆေးသုတ်လုပ်ငန်းများအတွက် RBE အကြီးတန်းပြင်စက်ရုံမှ ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ကြောင်း RBE အကြီးတန်းပြင်စက်ရုံ၏ လက်ထောက် အထွေထွေမန်နေဂျာ ဦးဌေးလှက ပြောကြားသည်။

RBE အကြီးတန်းပြင်စက်ရုံ အနေဖြင့် ၂၀၁၉ ခုနှစ်က ပထမအသုတ် RBE ရထားတွဲ ငါးစင်းအား ပြုပြင်ဆောင်ရွက်ခဲ့ရာ လေးစင်းမှာ ယခုအခါ ကောလင်း-မန္တလေးလမ်းပိုင်း၌ ပြေးဆွဲနေပြီဖြစ်ကြောင်း၊ ယခုနှစ်အတွက် ဒုတိယအသုတ် RBE ရထားတွဲ ရှစ်စင်းအား ပြုပြင်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုပြုပြင်ဆောင်ရွက်ပြီးစီးသည့်RBE ရထားတွဲ လေးစင်း အပါအဝင် လာမည့်နိုဝင်ဘာလတွင် ပြုပြင်ဆောင်ရွက်ပြီးစီးမည့် ကျန် RBE ရထားတွဲ လေးစင်းဆောင်ရွက်ပြီးစီးပါက ဒီဇင်ဘာလတွင် အပြီးသတ် ဆောင်ရွက်၍ မြန်မာ့မီးရထား (သွားလာရေး/တိုင်း)အား လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ရာ အဆိုပါ RBE ရထားတွဲများအား ခရီးတိုလမ်းပိုင်းများအတွက် အသုံးပြုပြေးဆွဲရန်စီစဉ်ဆောင်ရွက်ထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## မိတ္ထီလာမြို့နယ်၌ စက္ကူရောင်စုံမီးပုံးများနှင့် ဆီမီးခွက်များ ရောင်းအားကောင်း

**မိတ္ထီလာ အောက်တိုဘာ ၂၀**

မိတ္ထီလာမြို့နယ်၌ သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဆီမီးပူဇော်ရန်အတွက် စက္ကူဖြင့်ပြုလုပ်ထားသော ရောင်စုံမီးပုံးများနှင့် ဆီမီးခွက်များ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များအနက် သီတင်းကျွတ်မီးထွန်းပွဲတွင် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဇရပ်များ၊ လမ်းများ၊ နေအိမ်များတွင် ဘုရားဆီမီးပူဇော်ခြင်း၊ ဖယောင်းတိုင်ထွန်းပူဇော်ခြင်းအပြင် စက္ကူဖြင့်ပြုလုပ်ထားသောရောင်စုံမီးပုံးများဖြင့် အလှဆင်လျက်ရှိသည်။ ၎င်းအပြင် ကလေးများကလည်း ရောင်စုံကားလေးများ၊ အရုပ်လေးများဖြင့် ဆော့ကစားကြလျက်ရှိသည်။

ထိုသို့ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဇရပ်များ၊လမ်းများတွင် ဆီမီးပူဇော်ရန်အတွက် အသုံးပြုလျက်ရှိသောဆီမီးခွက်များကို မိတ္ထီလာမြို့နယ်အတွင်းရှိ သီတက္ကန်ကျေးရွာမှ ထွက်ရှိသော ဆီမီးခွက်များကို မိတ္ထီလာဈေးသို့ နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၂ ရက်နှင့် ၁၃ ရက်များတွင် လာရောက်ရောင်းချပေးလျက်ရှိရာ ယခုနှစ်တွင်လည်း မိတ္ထီလာဈေးသို့ ဆီမီးခွက် ၁၀ ခွက်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့်ရောင်းချရာ ယခင်နှစ်များနည်းတူ ရောင်းချရကြောင်း ဝက်ချောက်ကျေးရွာမှ ဆီမီးခွက်ရောင်းချသူတစ်ဦးထံမှ သိရသည်။

ဆက်လက်၍ နေအိမ်များတွက် အလှဆင်သောစက္ကူရောင်စုံမီးပုံးများနှင့် ကလေးများဆော့ကစားသည့် ရောင်စုံကားလေးများ၊ အရုပ်လေးများကို မြင်းခြံမြို့မှ ဝယ်ယူရောင်းချရာ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွား၍ ရောင်စုံမီးပုံးများဝယ်ယူရန် အခက်အခဲရှိသဖြင့် ကြိုတင်ဝယ်ယူထားရှိသော ရောင်စုံမီးပုံးများသာ ရောင်းချပေးလျက်ရှိသည်။

မိတ္ထီလာမြို့နယ်တွင် သီတင်းကျွတ်မီးထွန်းပွဲတွင် ဆီမီးထွန်းခြင်း၊ ရောင်စုံမီးပုံးများဖြင့် နှစ်စဉ် မီးပူဇော်ရာမှ ကိုဗစ်-၁၉ ရောဂါဖြစ်ပွား၍ လူစုလူဝေးဖြင့် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဆီမီးပူဇော်ခြင်းမပြုလုပ်သော်လည်း သက်ဆိုင်ရာဂေါပကများက ဆီမီးပူဇော်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ကိုဗစ်-၁၉ ကုသရေး စေတနာ့ဝန်ထမ်း သူနာပြုဆရာမများအား မြန်မာနိုင်ငံဆရာဝန်အသင်း (ဧရာဝတီတိုင်းဒေသကြီး) ဂုဏ်ပြုချီးမြှင့်

**ပုသိမ် အောက်တိုဘာ ၂၀**

ရန်ကုန်မြို့ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန(လှိုင်)တွင် အရေးပေါ်တွဲဖက်တာဝန်ထမ်းဆောင်ရန် လိုအပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုင်း၊ ခရိုင်၊ မြို့နယ်ဆေးရုံများမှ စေတနာ့ဝန်ထမ်း အထက်တန်းသူနာပြုဆရာမ ၁၇ ဦးတို့ကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (ဧရာဝတီတိုင်းဒေသကြီး) အထွေထွေအတွင်းရေးမှူး ဒေါက်တာကြည်ဖေက ဂုဏ်ပြုချီးမြှင့် ငွေကျပ် ၅၄၀၀၀၀



နှင့် ရောဂါကာကွယ်ရေး ဦးထုပ်၊ နှာခေါင်းစည်း၊ လက်အိတ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

## မော်လမြိုင်မြို့နယ် ကျေးရွာ ၁၆ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သောက်သုံးရေရရှိရေး လုပ်ငန်းသုံးခုကို ရိုးဂိုး၊ မင်းရွာ၊ ကော့တွန်း (ကွင်းပိုင်) စသည့် ကျေးရွာသုံးရွာတွင်လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးရွာ ၁၀ ရွာတွင်လည်းကောင်း ၊ Cash for Work စီမံကိန်းလုပ်ငန်းကို ကော့ခပိုကျေးရွာနှင့် ကတိုးကျေးရွာတွင်လည်းကောင်း၊ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းကို ကော့လှာကျေးရွာတွင်လည်းကောင်း စုစုပေါင်းကျေးရွာ ၁၆ ရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၀၄ ဒသမ ၉ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၀၄ သန်း စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၂၁၃ ဒသမ ၉၄ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**


# ၂၀၂၀ ပြည့်နှစ် မေလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်ပါ လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ/အေဂျင်စီများ၊ အာဆီယံနှင့် ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကော်မတီ၏ ၁-၅-၂၀၂၀ ရက်နေ့မှ ၃၁-၈-၂၀၂၀ ရက်နေ့အထိ လေးလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို အကျဉ်းချုပ်၍ ပြည်သူများသို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။


**(ယမန်နေ့မှအဆက်)**

## လေကြောင်းသယ်ယူပို့ဆောင်ရေး

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် (၄)ထောင်ကာလအလိုက် ပြည်တွင်းခရီးစဉ်များ ဖြန့်သန်းပို့ဆောင်ပေးနိုင်မှုများကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-




## ရေကြောင်းသယ်ယူပို့ဆောင်ရေး


ကျွန်းပနန်း-၃ ရေယာဉ်

ကျွန်းပနန်း-၁၊ ကျွန်းပနန်း-၃၊ ဆောင်တံခွန် (၁၊ ၂၊ ၇) ရေယာဉ်များဖြင့် စစ်တွေ- မြေပုံ- ကျောက်ဖြူ၊ စစ်တွေ-ဘူးသီးတောင်ခရီးစဉ်များကို ပြေးဆွဲလျက်ရှိပါသည်။

ရခိုင်ပြည်နယ်အတွင်း ရေကြောင်းအန္တရာယ် ကင်းရှင်းရေးအတွက် သင်္ဘော၊ စက်လှေများ၏ ဝင်လယ်လုံခြုံမှု(LSA Certificate)အား အစီရင်ခံသည့်ကာလအတွင်း (၉၅)ကြိမ် ထုတ်ပေးနိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

## တယ်လီဖုန်း၊ အင်တာနက်နှင့် ဆက်သွယ်ရေးကဏ္ဍ




မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရခိုင်ပြည်နယ်အတွင်း တယ်လီဖုန်း၊ အင်တာနက်၊ ဆက်သွယ်ရေးဝန်ဆောင်မှု တိုးတက်ရရှိစေရန် မြို့နယ်အလိုက်တိုးချဲ့ဆောင်ရွက်ပေးမှုအခြေအနေမှာ-

| စဉ် | အကြောင်းအရာ | (၁-၁-၂၀၁၁)မှ (၃၁-၁၂-၂၀၁၁) ထိ | (၁-၁-၂၀၁၅)မှ (၃၁-၈-၂၀၁၅) ထိ | (၁-၉-၂၀၁၅) မှ (၃၁-၁၂-၂၀၁၉) ထိ | (၁-၁-၂၀၂၀)မှ (၃၀-၄-၂၀၂၀) ထိ | (၁-၅-၂၀၂၀) မှ (၃၁-၈-၂၀၂၀) ထိ |
|---|---|---|---|---|---|---|
| ၁ | မိုဘိုင်းရေဒီယိုစခန်း တည်ဆောက်မှု | (၂၇၀) ခု | (၁၅၂) ခု | (၃၂) ခု | (၃၂) ခု | (၁၂) ခု |
| ၂ | Fibre Optic Cable | (၂၀၇) Km | (၂၈၀) Km | (၇၆၇.၅၅) Km | - | (၄၀) Km |
| ၃ | စာတိုက်ဝန်ဆောင်မှု | (၃၀) ခု | - | - | - | - |
| ၄ | ကေဘယ်တယ်လီဖုန်းလိုင်း | (၁၇) ခု | (၆၀) ခု | - | (၄) ခု | (၄) ခု |
| ၅ | ADSL Internet Line | (၃၇၇) ခု | - | - | (၁၉) ခု | - |
| ၆ | စာတိုက်စခန်း | (၇၉) ခု | - | - | (၃) ခု | - |

## လျှပ်စစ်ကဏ္ဍဆောင်ရွက်ပြီးစီးမှု

ရခိုင်ပြည်နယ်အတွင်း မြို့(၂၂) မြို့ရှိ မီးလင်းပြီးအိမ်ထောင်စုနှင့် လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေကို အောက်ပါအတိုင်းနှိုင်းယှဉ်တင်ပြအပ်ပါသည်-




## နိုင်ငံတော်ဓာတ်အားစနစ်




အစီရင်ခံသည့်ကာလအတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

### ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများတည်ဆောက်ပြီးစီးမှုအခြေအနေ

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ကြိမ်ချောင်းကျေးရွာအပါအဝင် ကျေးရွာ(၁၇)ရွာအတွက် ဓာတ်အားပေးရန် • ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း | ၆၉ % |
| ၂ | အမ်းမြို့နယ်၊ ဂနဲကိုင်းကျေးရွာအပါအဝင် ကျေးရွာ(၅၃)ရွာအတွက်- • ဓာတ်အားလိုင်းနှင့် ခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း | ၄၉ % |
| ၃ | သံတွဲမြို့နယ်၊ ကျောက်ကြီးကျေးရွာအပါအဝင်ကျေးရွာ (၃၈) ရွာအတွက်- • ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း | ၅၅ % |
| ၄ | ကြိမ်ချောင်းခွဲရုံမှ တောင်ပြုံဝဲသို့ ၃၃ကေဗွီလိုင်း ၁၇မိုင်၊ တောင်ပြုံဝဲတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံတည်ဆောက်ခြင်း- • ခွဲရုံမြို့ပြလုပ်ငန်း | ၁၀ % |


အမ်းမြို့နယ်၊ ဂနဲကိုင်းဓာတ်အားခွဲရုံ တည်ဆောက်နေပုံ | မောင်တောမြို့နယ်၊ ကြိမ်ချောင်းဓာတ်အားခွဲရုံ တည်ဆောက်နေပုံ

## ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်နိုင်မှု


ကျောက်ဖြူမြို့နယ်ဗင်ကျွန်းကျေးရွာ Mini Grid ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်နေပုံ | မြေပုံမြို့နယ်ကျွန်းသာယာကျေးရွာ Mini Grid ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်နေပုံ




ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ

၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် အီတလီနိုင်ငံမှချေးငွေ ကျပ်(၁၅၉၀.၇၂၈)သန်းဖြင့် မြောက်ဦး၊ ကျောက်တော်၊ ပေါင်းတည်နှင့်ဘူးသီးတောင်မြို့နယ်(၄)မြို့နယ်ရှိ ကျေးရွာ(၃၁)ရွာ အတွက် တစ်အိမ်သုံး ဆိုလာ(၆၀)ဝပ်(၁၆၂၃)စုံ၊တစ်အိမ်သုံးဆိုလာ(၁၀၀)ဝပ် (၇၂၈)စုံနှင့် အများပြည်သူသုံးဆိုလာ(၃၄၃)စုံ၊ စုစုပေါင်းဆိုလာ(၂၆၉၄)စုံကို တပ်ဆင်နိုင်ရန် တင်ဒါအောင်သော ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆိုထားပြီး ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)



# ကိုဗစ်ကာလတွင် အိမ်မွေးတိရစ္ဆာန်များမှ လူကိုကူးစက်နိုင်သည့် ရောဂါများအား ကာကွယ်ခြင်း

ဒေါက်တာခင်စန်းမော်

ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း၏ အရိပ်အခြည်ကို မြင်ရကတည်းက ဆေးကုသသည့်အလုပ်ကို ခေတ္တရပ်နားပြီး အိမ်တွင်သာ နေထိုင်ခဲ့သော်လည်း ပညာရပ်နှင့် ပတ်သက်သောအလုပ်များနှင့် လုံးဝကင်းကွာသွားသည်တော့ မဟုတ်ပါ။

ပထမ အလုပ်တာဝန်က အိမ်မွေးတိရစ္ဆာန်တို့၏ ကျန်းမာရေးကိစ္စအမျိုးမျိုးအတွက် ဖုန်းဖြင့်မေးမြန်းကြသော မိတ်ဆွေများအား သင့်တော်သော အကြံဉာဏ်ပေးရခြင်း ဖြစ်ပါသည်။

ယခုလို အင်တာနက်ကို တွင်ကျယ်စွာ အသုံးပြုနိုင်လာသော ခေတ်၊ အိမ်၏ ပြင်ပသို့ သွားရောက်ရန် အလွန်တွန့်ဆုတ်နေရသောခေတ်၊ ကပ်ရောဂါအန္တရာယ်ကင်းဝေးအောင် သူသူငါငါ သတိကြီးစွာ ထားနေရသောခေတ်မှာ ကျွန်မတို့ တိရစ္ဆာန်ဆေးကုဆရာဝန်များအနေဖြင့် Tele service ခေါ် အွန်လိုင်းမှ ဆေးကုသပေးသည့်နည်းလမ်းကို သုံးသင့်သည့်နေရာတွင် သုံးပြီး ကူညီပေးကြခြင်း ဖြစ်ပါသည်။ (နိုင်ငံရပ်ခြားတွင် ဤ Tele service အတွက် အခကြေးငွေ ယူကြပါသည်။)

အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များက အိမ်မွေးတိရစ္ဆာန်တို့၏ မကျန်းမာသော အခြေအနေများ၊ သူတို့မျက်စိဖြင့် တွေ့ရသော လက္ခဏာများကို ဆရာဝန်ထံ ဖုန်းဆက်၍ ပြောပြသည်။ အရေပြားအနာ၊ ထိခိုက်ဒဏ်ရာရမှုများ စသည်တို့ကို ဓာတ်ပုံရိုက်ပြီး Viber နှင့် Facebook Messenger မှ ပို့ကာ ဆက်သွယ်မေးမြန်းကြပါသည်။ အချို့ဆိုလျှင် ချောင်းဆိုးနေသည့်ပုံ၊ အသက်ရှူကျပ်နေသည့်ပုံ၊ လမ်းလျှောက်ရာတွင် မူမမှန်သည့်ပုံများကို ဗီဒီယိုရိုက်ပြီး ပို့ကြသည်။ ကျွန်မတို့က မေးသင့်မေးထိုက်သည့် အချက်အလက်များကို မေးမြန်း၊ ပိုင်ရှင်က ပြုစုစောင့်ရှောက်ပေးရန် လိုအပ်သည်များကို အကြံပြု၊ သာမန်အပယိကကိစ္စများအတွက် ဆေးတိုက်ခိုင်း၊ ဆေးလိမ်းခိုင်း၊ ဆရာဝန်၏ ကုသမှုကို မဖြစ်မနေ ခံယူရမည့် အရေးကြီးသော အခြေအနေများအတွက် ဖွင့်သည့် ဆေးခန်းသွားပြရန် တိုက်တွန်းပေးခြင်းတို့ ဖြစ်ကြသည်။

ဒုတိယအလုပ်တာဝန်က ပညာရပ်နှင့် သက်ဆိုင်သော Webinar များကို online မှ တက်ရောက်ပြီး စဉ်ဆက်မပြတ် ပညာဖြည့်ဆည်းနေရခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်တန့်ထားရသော ခရီးသွားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ များစွာရှိနေကြသော်လည်း ပညာရပ်နှင့်ပတ်သက်သော လေ့လာသင်ယူစရာများက ရပ်တန့်မနေပါ။ အစဉ်အမြဲ ရှေ့သို့ တိုးတက်နေပါသည်။ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး လက်ရှိအခြေအနေသတင်းများ၊ သုတေသနပြုလုပ်မှုများ၊ တိရစ္ဆာန်များက ထပ်မံပါဝင်ပတ်သက်နေခြင်း ရှိ၊ မရှိ၊ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများ၏ ကာကွယ်၊ ထိန်းချုပ်၊ ကုသသည့် နည်းလမ်းများ စသောအကြောင်းအရာများကို လက်လှမ်းမီသမျှ ဖတ်ရှုမှတ်သားရခြင်းမျိုးလည်း ပါဝင်ပါသည်။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ရှိ စိန့်ဂျိုးဆက်တက္ကသိုလ်တွင် ဒေါက်တာရီးယာ့ဒ်ဆာကစ်၏ စမ်းသပ်မှုတစ်ခုကို BBC news က ပြသသွားရာ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

သူက "ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာတွေရှိတဲ့ လူနာဆောင်မှာ ပုံမှန်မဟုတ်တဲ့ အနံ့အသက်တစ်မျိုး ရှိတာကို ကျွန်တော် သတိထားမိတယ်။ ဒါကြောင့် အနံ့ခံကောင်းတဲ့ ခွေးတွေကို လေ့ကျင့်ပေးပြီး စမ်းသပ်ခဲ့ပါတယ်။ ကိုဗစ်-၁၉ အတည်ပြုလူနာတွေဆီက သီးသန့်ထူးခြားတဲ့အနံ့ကို ခွေးရဲ့ အနံ့ခံစွမ်းရည် အသုံးပြုပြီး စမ်းသပ်ခဲ့တာ မှန်ကန်တိကျမှုက ၉၈-၁၀၀ ရာခိုင်နှုန်း ရှိနေတယ်" ဟု ပြောဆိုခဲ့ပါသည်။ ကတော့ပုံရှိသော အဝိုင်းထုချွန်တစ်ခုစီတွင် ကိုဗစ်-၁၉ ရောဂါမရှိသောသူတို့၏ နမူနာပစ္စည်းများ၊ အတည်ပြုလူနာများ၏ နမူနာပစ္စည်းများ ထည့်ထားပြီး လေ့ကျင့်ထားသော အနံ့ခံခွေး Balgian malinois ခွေးမငယ်အား ရှူခိုင်းရာ အတည်ပြုလူနာ၏ နမူနာပစ္စည်းထည့်ထားသော ကတော့ရှေ့တွင် ခွေးက ထိုင်ချပြီး ရွေးချယ်လိုက်သည်ကို ဗီဒီယိုမှာ တွေ့မြင်ရပါသည်။

မူးယစ်ဆေးဝါးများနှင့် ဖောက်ခွဲရေးပစ္စည်းများကို အနံ့ခံခွေးများအား အသုံးပြု၍ ရှာဖွေဖော်ထုတ်သကဲ့သို့ ကိုဗစ်- ၁၉ ရောဂါ အတည်ပြုလူနာများအား ခွေး၏ အနံ့ခံစွမ်းရည်ကိုအသုံးပြု၍ ရှာဖွေဖော်ထုတ်ပြီး လူ့အသက်ဆုံးရှုံးမှုကို လျှော့ချရန် ကြိုးပမ်းသည့် ဤသုတေသနစမ်းသပ်ချက်ကို ကမ္ဘာ့နိုင်ငံ အများအပြားက စိတ်ဝင်စားနေကြကြောင်း သိရှိလိုက်ရသည်။

တတိယအလုပ်တာဝန်က ပြည်သူလူထုက သိလိုစိတ်ဖြင့် မေးမြန်းကြသော မေးခွန်းများအတွက် Online မီဒီယာများကတစ်ဆင့် အွန်လိုင်းအင်တာဗျူး၊ Live interview၊ Zoom interview များ ဖြေကြားပေးခြင်းဖြစ်ပါသည်။ အင်တာဗျူးများတွင် တိရစ္ဆာန်ဆေးကုဆရာဝန်၊ စာရေးဆရာ တစ်ယောက်အဖြစ် မေးမြန်းကြသော မေးခွန်းများအနက် တစ်ခုမှာ အလွန်စိတ်ဝင်စားစရာ ကောင်းလှပြီး သိသင့်သိထိုက်သော အကြောင်းအရာဖြစ်သောကြောင့် အကျယ်တဝင့် တင်ပြလိုပါသည်။

ထိုမေးခွန်းက "အခုလို ကိုဗစ်-၁၉ ကပ်ရောဂါကာလကြီးမှာ မိသားစုတွေနဲ့အတူ အိမ်မွေးတိရစ္ဆာန်တွေပါ အိမ်မှာသာ နေထိုင်နေရချိန် ဖြစ်ပါတယ်။ ခါတိုင်းက အလုပ်သွားသူသွား၊ ကျောင်းသွားသူသွား၊ မိသားစုတစ်စုလုံးနဲ့ အိမ်မွေးတိရစ္ဆာန်တို့ လက်ပွန်းတတီးနေရချိန်က နည်းပါတယ်။ အခုတော့ တစ်နေကုန် အတူရှိနေကြတာဖြစ်လို့ အိမ်မွေးတိရစ္ဆာန်ကနေ ဘယ်လိုရောဂါမျိုးတွေ ကူးစက်နိုင်ပါသလဲ။ ဘာတွေကို သတိထားဖို့လိုအပ်ပါသလဲ" ဟူ၍ ဖြစ်သည်။

**ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် အိမ်တွင်သာ အကန့်အသတ်ဖြင့်နေရသောအခါ အချို့လူများသည် စိတ်ဖိစီးမှုဖြစ်လာပြီး အိမ်မွေးတိရစ္ဆာန်များနှင့် ပိုမိုလက်ပွန်းတတီးနေခြင်း၊ အကြောင်းမဲ့သက်သက် ထိခိုက်နာကျင်အောင် စနောက်ခြင်းတို့ဖြင့် ဖြေသိမ့်တတ်ကြ။ ထိုအပြုအမူများက မှားယွင်းနေ။ မကျန်းမမာ မအီမသာဖြစ်နေသောသူများသည် အိမ်မွေးတိရစ္ဆာန်များကို ပွေ့ဖက်ခြင်း၊ နွေးထွေးအောင် ပိုက်ထားခြင်း၊ လက်ပွန်းတတီးနေခြင်း၊ အတူအစာစားခြင်း၊ အတူတကွအိပ်ခြင်းတို့ မပြုလုပ်သင့်။**

ကိုဗစ်-၁၉ ဒုတိယလှိုင်းစတင်ပြီး မကြာမီမိတ်ဆွေတစ်ဦးက ဖုန်းဆက်ဖူးပါသည်။ သူသည် အဖျားမရှိ၊ အစားအသောက်မပျက်ဘဲ ချောင်းဆိုးနေသည်၊ မကြာခဏ နာချေသည့်အပြင် ခန္ဓာကိုယ်အရေပြားပေါ်မှာ ယားယံသည့် အဖုအပိန့်များ ထွက်လာသဖြင့် ပူပင်သောကရောက်နေရရှာသည်။ စေ့စေ့စပ်စပ်မေးကြည့်မှ ယခင်က အတူအိပ်ခွင့်မပြုသော ကြောင်များ သူ့အိပ်ရာပေါ်တွင် လာအိပ်ကြသည်ကို သိရ၏။

သန့်ရှင်းရေးလုပ်စေသောအခါ အိပ်ရာပေါ်မှ ကြောင်မွေးများ အများအပြားထွက်လာခဲ့သည်။ ကြောင်များနှင့် ခွဲအိပ်ပြီးနောက် သူလည်း သက်သာသွားပါသည်။

ခြံဝင်းကျယ်ကျယ်ဖြင့် နေထိုင်သူ၊ ယခင်ကတည်းက အိမ်မွေးတိရစ္ဆာန်များကို လှောင်အိမ် သို့မဟုတ် သီးသန့်နေစရာ သတ်မှတ်ပေးထားသူ အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များမှအပ အခြားမိသားစုတို့၏ နေမှုပုံစံတွင် လူနှင့် အိမ်မွေးတိရစ္ဆာန်တို့ အတူတကွရှိနေကြသော အချိန်ကာလက ပိုမိုရှည်ကြာလာခဲ့သည်။ မိသားစုများပြီး နေရာကျဉ်းကျပ်သူတို့တွင် လူအချင်းချင်းလည်း ခပ်ခွာခွာနေဖို့ခက်၊ အိမ်မွေးတိရစ္ဆာန်များနှင့်လည်း ပိုမိုနီးကပ်လာကြသည်။

အိမ်မွေးခွေး၊ အိမ်မွေးကြောင်များမှ လူကိုကူးစက်နိုင်သော ရောဂါများထဲတွင်...

- ဗက်တီးရီးယား ရောဂါများ၊
- Fungus မှိုပိုးကြောင့် ဖြစ်သောရောဂါများ၊
- ခန္ဓာပြင်ပ ကပ်ပါးကောင်များ၊
- ခန္ဓာတွင်း ကပ်ပါးကောင်များ၊
- ကုတ်ခြစ်ကိုက်ခဲသော ဒဏ်ရာများ၊
- ဗိုင်းရပ်စ်ရောဂါများ ပါဝင်ကြပါသည်။

**ဗက်တီးရီးယား ရောဂါများ**

အချို့သော ဗက်တီးရီးယား ရောဂါပိုးများဖြစ်ကြသည့် ဆဲမိုနဲလား (Salmonella)နှင့် ကမ်ပိုင်လိုဘက်တာ (Campylobacter) တို့သည်လည်းကောင်း၊ ဂျီရာဒီယာ (Giardia) ပရိုတိုဇွတို့သည်လည်းကောင်း တိရစ္ဆာန်မှ လူကို ကူးစက်လျှင် အစာအိမ်နှင့် အူလမ်းကြောင်းရောင်သော ရောဂါ ပြင်းထန်စွာ ဖြစ်တတ်သည်။ ကူးစက်ပုံမှာ တိရစ္ဆာန် အညစ်အကြေးများမှ ကူးစက်ခြင်း ဖြစ်သည်။ လက်ပတိုစပိုင်ရာ (Leptospira) ဗက်တီးရီးယားသည် ရောဂါပိုးပါနေသော ခွေးတို့၏ ဆီးမှတစ်ဆင့် ကူးစက်တတ်သည်။ လူကို ရောဂါကူးစက်သောအခါ အသည်းနှင့် ကျောက်ကပ်ရောဂါ ဆိုးရွားစွာ ဖြစ်တတ်သည်။

**Fungus မှိုပိုးကြောင့်ဖြစ်သော ရောဂါများ**

ခွေး၊ ကြောင်တို့၏ အရေပြားတွင် မှိုပိုးကြောင့်ဖြစ်သော Ringworm ခေါ် အရေပြားယားနာများသည် လူကို ကူးစက်စေတတ်သည်။

**ခန္ဓာပြင်ပကပ်ပါးကောင်များ**

အရေပြားဝဲပိုးများ၊ မွှား၊ လှေး၊ သန်းတို့သည် လူကိုလည်း တွယ်ကပ်သွေးစုပ်နိုင်၊ ယားနာများ ဖြစ်ပွားစေသည်သာမက မွှားကသယ်ဆောင်လာသော ရောဂါများကိုလည်း ဖြစ်ပွားစေတတ်သည်။

**ခန္ဓာတွင်း ကပ်ပါးကောင်များ (သန်ကောင်များ)**

သန်လုံးကောင်၊ သန်ပြားကောင်၊ ချိတ်သန်ကောင်တို့သည်လည်း လူကိုကူးစက်တတ်ပြီး သန်ရောဂါ ဖြစ်စေတတ်သည်။ တိရစ္ဆာန်တို့၏ အညစ်အကြေးများမှတစ်ဆင့် ကူးစက်ခြင်း ဖြစ်သည်။

**ကုတ်ခြစ်ကိုက်ခဲသော ဒဏ်ရာများ**

ကြောင်က ကုတ်ခြစ်ကိုက်ခဲလိုက်သော ဒဏ်ရာများတွင် ဘာတိုနဲလား (Bartonella)ဗက်တီးရီးယား ပါလာသောအခါ ရောင်ရမ်းခြင်း၊ အရေပြား အရည်ကြည်ဖုများ ဖြစ်လာခြင်း၊ ပြန်ရည်ဂလင်းအကျိတ်များ ရောင်ခြင်းတို့ ဖြစ်တတ်ပါသည်။

**ဗိုင်းရပ်စ်ရောဂါများ**

ဗိုင်းရပ်စ်ရောဂါများအနက် အရေးအကြီးဆုံးရောဂါမှာ ခွေးရူးရောဂါပင် ဖြစ်သည်။ အားလုံးသိရှိကြသည့်အတိုင်း ခွေးရူးရောဂါသည် လူအပါအဝင် သွေးနွေးသတ္တဝါများတွင် ဖြစ်ပွားတတ်သည့် ရောဂါ ဖြစ်ပြီး ခွေးရူးရောဂါဖြစ်သောအခါ ကုရာနတ္ထိ ဆေးမရှိဘဲ အသက်ဆုံးရှုံးကြရသည်။ ခွေးရူးရောဂါပိုး ပါနေသည့် တိရစ္ဆာန်တို့၏ သွားရည်သည် အကိုက်ခံရသော ဒဏ်ရာမှတစ်ဆင့် ဝင်သွားခြင်းကြောင့် ကူးစက်သည်။

ဤရောဂါအုပ်စုများသည် အကြမ်းဖျင်းခြုံငုံ၍ ပြောထားခြင်းဖြစ်ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် အိမ်တွင်သာ အကန့်အသတ်ဖြင့်နေရသောအခါ အချို့လူများသည် စိတ်ဖိစီးမှုဖြစ်လာပြီး အိမ်မွေးတိရစ္ဆာန်များနှင့် ပိုမိုလက်ပွန်းတတီးနေခြင်း၊ အကြောင်းမဲ့သက်သက် ထိခိုက်နာကျင်အောင် စနောက်ခြင်းတို့ဖြင့် ဖြေသိမ့်တတ်ကြသည်။ ထိုအပြုအမူများက မှားယွင်းနေပါသည်။ မကျန်းမမာ မအီမသာ ဖြစ်နေသောသူများသည် အိမ်မွေးတိရစ္ဆာန်များကို ပွေ့ဖက်ခြင်း၊ နွေးထွေးအောင် ပိုက်ထားခြင်း၊ လက်ပွန်းတတီးနေခြင်း၊ အတူအစာစားခြင်း၊ အတူတကွ အိပ်ခြင်းတို့ မပြုလုပ်သင့်ပါ။

တိရစ္ဆာန်များက လူကို နမ်းခြင်း၊ လျှာဖြင့်လျက်ခြင်းတို့ကိုလည်း ခွင့်မပြုရပါ။

**လူကိုကူးစက်နိုင်သည့် နည်းလမ်းများမှကာကွယ်ခြင်း**

ရောဂါကာကွယ်သည့် နည်းလမ်းများအကြောင်းကို ပြောရလျှင် အခြေခံစည်းကမ်းများက အတူတူပင် ဖြစ်ကြောင်း တွေ့ရမည်။

- ❖ အိမ်မွေးတိရစ္ဆာန်များကို ကိုင်တွယ်ပြီးတိုင်း လက်များကို ဆပ်ပြာဖြင့် သေချာစွာ ဆေးကြောပါ။
- ❖ အိမ်မွေးခွေး၊ အိမ်မွေးကြောင်များတွင် သန်း၊ လှေး၊ မွှားများ ကပ်တွယ်မှုမရှိစေရန် အစဉ်သတိပြုပါ။ သန့်ရှင်းသပ်ရပ်အောင် အမွေးညှပ်ပေးခြင်း၊ ရေချိုးပေးခြင်းတို့ကို ပြုလုပ်ပေးပါ။ အမွေးညှပ်ပေးစဉ် ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ထားပါ။
- ❖ အရေပြား ယားနာများ ရှိ၊ မရှိ စစ်ဆေးပါ။ ရှိနေပါက ဆရာဝန်ထံ တိုင်ပင်ဆွေးနွေး အကြံရယူပါ။
- ❖ သန်ကောင်ရောဂါကင်းဝေးအောင်သန်ကောင်အားလုံးကို နှိမ်နင်းနိုင်သည့် သန်ချဆေး မှန်မှန် တိုက်ကျွေးပါ။
- ❖ ခြံကျယ်ကျယ်ဖြင့် မွေးမြူထားပါက ခြံထဲမှ မြေကြီးများကို ကိုင်တွယ်တိုင်း၊ သစ်ပင်၊ ပန်းပင်များကို မြေဆွတိုင်း လက်အိတ်ဝတ်ဆင်ပါ။ ခြံထဲက မြေကြီးထဲမှာ အိမ်မွေးတိရစ္ဆာန်တို့၏ ဆီး၊ ဝမ်း အညစ်အကြေးများ ရှိနေနိုင်သည်။ ယင်းတို့ကို မြင်တွေ့ပါက ဂေါ်ပြား၊ အမှိုက်အိတ်များ အသုံးပြု၍ စနစ်တကျကျုံးပြီး အမှိုက်ပုံးထဲ စွန့်ပစ်ပါ။ မိသားစုထဲတွင် ကလေးများရှိနေပါက တိရစ္ဆာန်တို့၏ အညစ်အကြေးများကို ထိတွေ့ကိုင်တွယ်ခြင်း မပြုလုပ်ရန် တားမြစ်ပါ။
- ❖ အိမ်ထဲတွင်သာ မွေးမြူပါက အိမ်မွေးတိရစ္ဆာန်တို့၏ ဆီး၊ ဝမ်း အညစ်အကြေးများကို စနစ်တကျ သုတ်သင်ရှင်းလင်းစွန့်ပစ်ပါ။ လက်အိတ်၊ အမှိုက်ဂေါ်ပြား၊ အမှိုက်အိတ်တို့ကို အသုံးပြုပါ။ ကြောင်သဲ သို့မဟုတ် အညစ်အကြေးစွန့်ဗန်းကို မကြာမကြာဆေးကြောပြီး အသစ်လဲပေးပါ။
- ❖ တိရစ္ဆာန်တို့၏ အစာခွက်၊ ရေခွက်များကို သီးသန့်စီထားပါ။ အစာကျွေးပြီးတိုင်း အစာခွက်များကို သန့်ရှင်းအောင် ဆေးကြောသန့်စင်ပါ။ ရေခွက်ထဲတွင် သန့်ရှင်းသော ရေကို ထည့်ပေးထားရမည်။
- ❖ အိမ်မွေးတိရစ္ဆာန်တို့အတွက် ပေးထားသော အိပ်ရာ၊ စောင်၊ အရုပ်စသည်တို့ကို ဆပ်ပြာရည်ဖြင့် မကြာခဏ လျှော်ဖွပ်သန့်စင်ပေးရမည်။
- ❖ မကျန်းမာသော လမ်းဘေး ခွေး၊ ကြောင်များအား မကိုင်ပါနှင့်။ ကိုင်မိလျှင် လက်များကို သေချာစွာ ဆေးကြောသန့်စင်ပါ။
- ❖ ခွေးရူးရောဂါသည် လူနှင့် တိရစ္ဆာန်တို့အတွက် အလွန်အရေးကြီးသောကြောင့် အကြောင်းမသိသော ပြင်ပမှ တိရစ္ဆာန်များအား ခြံထဲ၊ အိမ်ထဲသို့ အဝင်မခံပါနှင့်။ မိမိ၏ အိမ်မွေးတိရစ္ဆာန်များကို အကိုက်မခံရအောင်ကာကွယ်ပါ။ ကာကွယ်ဆေးထိုးရန် အချိန်ရောက်လျှင် ဆရာဝန်ထံ အကြောင်းကြားပါ။
- ❖ မိမိ၏ အိမ်မွေးတိရစ္ဆာန်ကဖြစ်စေ၊ ပြင်ပမှ ရုတ်တရက် ဝင်လာသော လေလွင့်တိရစ္ဆာန်များမှဖြစ်စေ လူကိုကိုက်သွားလျှင် နီးစပ်ရာ ဆေးရုံတစ်ခုခုသို့ သွားရောက်၍ ခွေးရူးရောဂါ ကာကွယ်ဆေး ချက်ချင်းထိုးသင့်ကြောင်း အကြံပြုလိုက်ပါသည်။ ။

# ဒေါပုံတံတားဟောင်းကို ပြည်သူများ အပန်းဖြေအနားယူနိုင်မည့် လမ်းအဖြစ် ပြုပြင်တည်ဆောက်

**ရန်ကုန် အောက်တိုဘာ ၃၀**
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဒေါပုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အကြား ဆက်သွယ်ထားသော ဒေါပုံတံတားဟောင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယခုအခါ လူသွားလမ်းနှင့် စက်ဘီးစီးလမ်းအဖြစ် ပြန်လည်အသုံးပြုပြီး ပြည်သူများ အပန်းဖြေရာနေရာအဖြစ် ပြုပြင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် ယခင်က ကိုလံဘို စီမံကိန်းအရ ဆောက်လုပ်ခဲ့သော ဒေါပုံတံတားဟောင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်း/တံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့က Linear Park ဧရိယာအဖြစ် ယခုနှစ် အောက်တိုဘာလပိုင်းမှစတင်ကာ အဆင့်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒေါပုံမြို့နယ်နဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်ကို ဆက်စပ်ပေးထားပြီး လတ်တလောမှာ အသုံးမပြုတော့တဲ့ ဒီဒေါပုံတံတားဟောင်းကြီးမှာ လူတွေအန္တရာယ်ကင်းစွာနဲ့ ကူးသန်းသွားလာနိုင်အောင် အဆင့်မြင့် စက်ဘီးလမ်းနှင့် လူသွားလမ်းရရှိအောင် ဆောင်ရွက်နေတာပါ။ ဒီလိုသွားလာရင်းနဲ့ မြို့ပြရဲ့မွမ်းကျပ်နေတဲ့ အရာတွေကို ဒီတံတားပေါ် ဖြတ်သန်းရင်း လေကောင်းလေသန့်တွေ ရှူရှိုက်ကာ အပန်းဖြေအနားယူနိုင်အောင် လမ်းလယ်ပန်းခြံကျွန်းလေးတွေကိုလည်း ဆောင်ရွက်နေပါတယ်။ လူတွေက စက်ဘီးစီးပြီး နံနက်ပိုင်းနဲ့ ညနေပိုင်းတွေမှာ တံတားပေါ်လာ အနားယူအပန်းဖြေတာလေးတွေလည်းရှိနေကြတော့ ဒီဒေါပုံတံတားဟောင်းကို အပန်းဖြေစရာနေရာလေးဖြစ်အောင် သွားလာရေးလည်း အဆင်ပြေအောင် ဆောင်ရွက်နေတာပါ။ ဒီလို ဆောင်ရွက်ခြင်းဖြင့် ဒေါပုံဂျပန်တံတားသစ်ကြီးမှာ ယာဉ်တွေကြား လူတွေ၊ စက်ဘီးတွေ တိုးဝှေ့သွားလာစရာ မလိုဘဲ ဒီတံတားဟောင်းကနေ ယာဉ်အန္တရာယ်ကင်းရှင်းစွာနဲ့ သီးသန့်သွားလာနိုင်မှာ ဖြစ်ပါတယ်။ ယခုနှစ်ကုန်ပိုင်း အားကစားလမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာတစ်ဦးက ပြောသည်။



ယခုအခါတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလမ်း/တံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့က တာဝန်ယူဆောင်ရွက်နေသော ဒေါပုံတံတားဟောင်းတွင် အများပြည်သူများ အနားယူအပန်းဖြေစေနိုင်မည့် လမ်းလယ်ပန်းခြံကျွန်းငယ်များ တည်ဆောက်ခြင်း၊ စက်ဘီးနှင့် လူများအလွယ်တကူ ဖြတ်သန်းသွားလာနိုင်စေရန် တံတားကြမ်းခင်းများ ပြန်လည်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ထိန်းသိမ်းထားသော တံတားများကို ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တံတားဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့က ပြန်လည်လွှဲပြောင်းရယူပြီး ထိုတံတားများကို ရေရှည်တည်တံ့နိုင်စေရန် ကြံ့ခိုင်မှုအပိုင်းများ ထိန်းသိမ်းခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းတည်ဆောက်ပြီးစီးသွားပါက ရန်ကုန်မြို့၏ပထမဆုံးပန်းခြံတံတားအဖြစ် ပြောင်းလဲတိုးတက်လာမည်ဖြစ်သည်။

**မြင့်မောင်စိုး**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းခုနစ်ခု ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် အောက်တိုဘာ ၃၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၈၈၄ ဒသမ ၇၄၄ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ခုနစ်ခုမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဖယ်ခုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါလုပ်ငန်းခုနစ်ခုတွင် ကျောက်လမ်းခင်းခြင်းလုပ်ငန်းသုံးခု၊ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း တစ်ခု၊ (၅x ၅x၂၆)ပေ Box Culvert ခြောက်စင်း တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ (၈x၆x၂၆)ပေ Box Culvert တစ်စင်း၊ (၆x၅x၂၆)ပေ Box Culvert တစ်စင်းနှင့် (၅x၅x၂၆)ပေ လေးစင်း စုစုပေါင်း Box Culvert ခြောက်စင်း တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု၊ (၅x ၅x၂၆)ပေ Box Culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းတစ်ခုတို့ဖြစ်ပြီး ၎င်းလုပ်ငန်းများအနက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းဖြစ်သည့် ဘီစီကုန်-ခေါင်းကိန်(၁၃/၅)မိုင်အနက် (၂/၀)မိုင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ်နှင့် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တို့သို့ ထိစပ်လျက်ရှိသည့် လမ်းဖြစ်သည်။ ကျောက်လမ်းခင်းခြင်း လုပ်ငန်းသုံးခုတွင် ကဖု-ဖာလိုင် မြေသားလမ်း(၇/၃)မိုင်အနက် (၂/၀)မိုင် ကျောက်ခင်းပြီး ကျန် (၅/၃)မိုင်မှ (၂/၀) မိုင်ကျောက်ခင်းခြင်းလုပ်ငန်းမှာ ကျေးရွာချင်းဆက်လမ်းဖြစ်သည်။



ကျန်လုပ်ငန်းနှစ်ခုဖြစ်သည့် သိကျိတ်-လေဒူခေါင် မြေသားလမ်း(၈/၀)မိုင်အနက် (၆/၀)မိုင် ကျောက်ခင်းပြီး ကျန်(၂/၀)မိုင်အပြီးသတ်ကျောက်ခင်းခြင်းနှင့် ခေါင်းအိ-ကောင်ဝုပ် မြေသားလမ်း(၇/၄)မိုင်အနက် နှစ်မိုင်ကျောက်ခင်းပြီး ကျန်(၅/၄)မိုင်မှ နှစ်မိုင်ကျောက်ခင်းခြင်းလုပ်ငန်းတို့မှာ ကျေးရွာချင်းဆက်လမ်းများဖြစ်ကြသည်။ Box Culvert ၁၄ စင်းတည်ဆောက်ခြင်းလုပ်ငန်းမှာ အဆိုပါကျောက်လမ်းနှင့် မြေသားလမ်းများပေါ်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းတံတားလုပ်ငန်းများကြောင့် ဒေသတွင်းလမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်လာ၍ ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာကာ စုစုပေါင်းကျေးရွာ ၃၂ ရွာမှ အိမ်ထောင်စု ၂၃၇ စု၊ လူဦးရေ ၁၂၈၅၁ ဦးတို့မှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အသီးအပွင့်များကို ရရှိခံစားနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃၀**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**


## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ နိဂြောဓလမ်း၊ အမှတ်(၄၉)နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသီဟအောင် [၁၂/သဃက(နိုင်)၁၆၀၉၆၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်(၆၃၆)၊ (တစ်နည်းအားဖြင့်) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ခါတော်မှီလမ်း၊ အမှတ်(၆၃၆)၊ ဦးသိန်းအောင် [၁၃/လရန(ပြု)၀၀၀၂၄၄] အမည်ပေါက်ပိုင်ဆိုင်သော နှစ်(၆၀)မြေငှားဂရန်မြေ၊ အကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်အား အပြီးအပိုင်ရောင်းချသူ ဦးသိန်းအောင်[၁၃/လရန(ပြု)၀၀၀၂၄၄]မှ တရားဝင်ပိုင်ဆိုင်လာပြီး ၎င်းတစ်ဦးတည်းကသာ လိုအပ်သလို စီမံပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသီဟအောင်[၁၂/သဃက(နိုင်)၁၆၀၉၆၄]မှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် အမည်ပေါက် ဦးသိန်းအောင် [၁၃/လရန(ပြု)၀၀၀၂၄၄]၏ ကိုယ်စား ဒေါ်ရွှေမိ [၁၃/လရန(နိုင်)၀၁၅၈၁၀]ထံသို့ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသီဟအောင်**
**[၁၂/သဃက(နိုင်)၁၆၀၉၆၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**U Zaw Myint(Law Firm)**
**ဦးရဲမြင့်အောင်(LL.B)(စဉ်-၄၁၇၀၃)**
**ဒေါ်တင်ဇာမျိုး (LL.B)(စဉ်-၄၅၂၆၅)**
**ဦးမျိုးကျော်ကျော်ဦး(LL.B)(စဉ်-၄၈၂၀၀)**
**ဒေါ်သဲသဲဦး (LL.B)(စဉ်-၄၈၄၇၃)**
**(အထက်တန်းရှေ့နေများ)**

**အခန်း(၃)၊ သုမနလမ်းနှင့်မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့**
**Ph:၀၉-၇၃၁၆၇၈၁၅၊ ၀၉-၄၂၀၀၈၀၅၁၂**










## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
## တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/အထူးအဖွဲ့များမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီးငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် (၈၀/၁၀၀)အမျိုးအစား ကတ္တရာများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၅-၁၁-၂၀၂၀ ရက်မှ ၂၅-၁၁-၂၀၂၀ ရက်အထိ (ရုံးချိန်အတွင်း)
- တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန် - ထပ်မံကြေညာပါမည်
- တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ လမ်း ၃၀၊ ၇၀x၇၁ လမ်းကြား

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း--၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
## တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းလုပ်ငန်း(၃)ခုနှင့် တိုင်းဒေသကြီးငွေလုံးငွေရင်းလုပ်ငန်း(၁)ခု တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

- တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၅-၁၁-၂၀၂၀ရက်မှ ၂၅-၁၁-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)
- တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန် - ၂၇-၁၁-၂၀၂၀ ရက် (ရုံးချိန်အတွင်း)
- တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်၊ အချိန် - ထပ်မံကြေညာပါမည်
- တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်း ၃၀၊ ၇၀ x ၇၁ လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**ဖုန်း-၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)ရပ်ကွက်၊ ထွန်းသီရိလမ်း၊ မြေကွက်အမှတ်(၅၉၄) ဟုခေါ်တွင်သော ပေ(၄၀x၆၄)အကျယ်ရှိ ဒေါ်ခင်မျိုးမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း ပေ(၂၀x၆၄)အကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မာလာ[၁၂/ဒဂမ(နိုင်)၀၀၆၈၃၅]ကိုင်ဆောင်ထားသူမှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) (LL.B)** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B,D.B.L,D.I.L,D.M.L** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph-09-420080932** |

## ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာ အရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဘိလပ်မြေ(ပြည်တွင်း) | ၁၂၀၀၀၀အိတ် |
| (ခ) | သံချောင်းလုံး အရွယ်စုံ | ၁၅၀၀တန် |
| (ဂ) | Insulated Covered Winding Wire | ၁၀၅၀၀၀မီတာ |
| (ဃ) | Submersible Motor & Pump with Cable | ၁၁၈စုံ |
| (င) | Centrifugal Motor & Pump | ၃၀စုံ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၃-၁၁-၂၀၂၀ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၃-၁၁-၂၀၂၀ရက် (၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအားမြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် -၀၁- ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
## အားကစားနှင့်ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အားကစား နှင့်ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော အစိုးရအသိအမှတ်ပြုနိုင်ငံသားဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါသွင်းနိုင်ပါရန် ဖိတ်ခေါ်ပါသည်-

| ၂။ | တည်နေရာ | လုပ်ငန်း | |
|---|---|---|---|
| (က) | ဇမ္ဗူသီရိမြို့နယ် | အုတ်တံတိုင်းကာရံခြင်း၊ မြေသားပြုပြင်ခြင်း အဝီစိတွင်းတူးခြင်း 20KW ပါဝါမီတာတပ်ဆင်ခြင်း၊ ရေကန်ဂါလန်(၅၀၀၀)ဆံ့၊ ရေစင်ဂါလန်(၁၆၀၀)ဆံ့၊ အားကစားမှူးနေအိမ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အားကစားနှင့်ကာယပညာ ဦးစီးဌာနရုံး | Lot (၁)ခု |
| (ခ) | ပုဗ္ဗသီရိမြို့နယ် | မြေသားပြုပြင်ခြင်း၊ အုတ်တံတိုင်းကာရံခြင်း | Lot (၁)ခု |
| (ဂ) | တပ်ကုန်းမြို့နယ် | (A) အဆင့်အားကစားရုံ | Lot (၁)ခု |
| (ဃ) | ပျဉ်းမနားမြို့နယ် ဘောဂဝတီကွင်း | မြေသားပြုပြင်ခြင်း၊ မြေကြီးနှင့်သဲဖြည့်ခြင်း ဘောလုံးကွင်း ရေနုတ်မြောင်း (၁၃၇၂ပေ)၊ ဘောလုံးကွင်း စိမ့်မြောင်း(၂၁)ခု၊ ကွင်းပတ်လည် အုတ်ခြံစည်းရိုး ပေ(၁၇၁၂x၆)၊ သံပိုက်လုံးဂိုးတိုင်(၁)စုံ၊ သံရေစင်ဂါလန် (၄၈၀၀)ဆံ့၊ RC ရေကန်(၂၂၀၀၀)ဂါလန်၊ ၄လက်မ အဝီစိတွင်း(၂၀၀)ပေ၊ Sprinkler (20HP Motor Pipe Line)၊ မီတာ(၁၁၀)ပြေးလမ်း(ကျောက်မှုန့်)၊ ရုံး/အိမ် ပေ(၄၀x၃၄) မြို့ပြလုပ်ငန်း+ ရေလုပ်ငန်း+မီးလုပ်ငန်း၊ ရေစက်အိမ် ပေ(၁၁x၉x၈)၊ Culvert ပေ(၂၄x၆)၊ ဘောလုံးကွင်းမြက်စိုက်ခြင်း၊ Score Board ပေ(၈x၁၆)၊ ပြင်ပမီးရရှိရေးလုပ်ငန်း၊ မိလ္လာစနစ် (၁၂'x၅.၅'x၇.၅')၊ အဝင် လျှောက်လမ်းခင်းခြင်း ပေ(၄၄၀x၂၄) | Lot (၁)ခု |

၃။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက်၊ - ၃-၁၁-၂၀၂၀ ရက်
အချိန် နံနက်၉:၃၀မှညနေ(၄:၃၀)
တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊ - ၂-၁၂-၂၀၂၀ ရက်
အချိန် ညနေ ၄:၃၀ နာရီ
တင်ဒါလျှောက်လွှာဖွင့်လှစ်မည့်ရက် - ထပ်မံကြေညာပါမည်။

၄။ Lot(၁)ခုလျှင် တင်ဒါလျှောက်လွှာ(၁)စောင်နှုန်းဖြင့် Lot(၄)ခု ရောင်းချသွားမည်ဖြစ်ပြီး တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဖုန်း ၀၆၇-၂၅၅၅၆၊ ရုံးဖုန်း ၀၆၇-၂၂၀၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## Myanmar Total Logistic Limited ၏
## မတည်ရင်းနှီးငွေလျှော့ချပြီးကြောင်းကြေညာခြင်း
## [မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ-၁၁၆(ဈ)အရ]

Myanmar Total Logistic Ltd. ၏ ၂၆-၁၀-၂၀၂၀ ရက်တွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှယ်ယာရှင်များ အထူးအစည်းအဝေးတွင် မတည်ငွေရင်းအား ယခင် MMK 10,000တန် အစုရှယ်ယာ 200,000 စု MMK 2,000,000,000 မှ ယခု MMK 10,000 တန် အစုရှယ်ယာ 120,000 စု MMK 1,200,000,000သို့ လျှော့ချပြီးကြောင်းကို အစုရှယ်ယာရှင်များက အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Myanmar Total Logistic Limited**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၂၀-၂၀၂၁)

၁။ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် အောက်ဖော်ပြပါဆောက်လုပ်ရေး လုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်း/ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | ကျောင်းသား ၁၅၀ ဦးဆံ့ ၃ထပ် RCအဆောက်အဦ (အိပ်ဆောင်) (၂၂၂' x ၃၈' x ၃၆') | ၁-လုံး |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၁၆-၁၁-၂၀၂၀ ရက်၊ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာများကို တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသည့်ရက်ထက် ကျော်လွန်သောအဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း ဖုန်း(၀၆၇-၃၄၁၆၆၈၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အိမ်အမှတ်(၁၁၀၂)နေ ဦးကိုကိုအောင်[၁၂/ဥကမ(နိုင်)၁၇၉၄၂၁] ကိုင်ဆောင်သူသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်-




**မှတ်ပုံတင်စာချုပ်အမှတ်-၄/၄၃၁၅/၂၀၂၀**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် **"ဦးစောလှိုင်ကော် Rice berry" (ခရမ်းရောင်ဘယ်ရီဆန်)**ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား ၁-၄-၂၀၂၀ ရက်မှစတင်၍ ယနေ့တိုင်ကပ်နိုင်ယှဉ်တွဲ ဖော်ပြအသုံးပြုရောင်းချလျက်ရှိပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အား အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပုံတူကူး၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှားအတုအပကူးယူခြင်းများနှင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကိုကိုအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သက်သက်မွန်** | **ဒေါ်အေးမြင့်မောင်** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၁၃၈၅၈/၂၀၁၇)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဦးသူထက်ကျော်လွင်** | **ဒေါ်ကြည်လပြည့်ဝန်း** |
| **(စဉ်-၄၉၅၀၂/၂၀၁၈)** | **(စဉ်-၅၁၉၂၄/၂၀၁၉)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**တိုက်(၄)၊ အခန်း (၃၁)၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၈)မိုင် မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၄၂၉၇၉၊ ၀၉-၄၂၀၂၉၂၃၉**


MPT
"သီတင်းကျွတ်အခါသမယမှာ
ပြည်သူပြည်သားအပေါင်း
စိတ်၏ချမ်းသာခြင်း၊
ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး
ရောဂါဘယများ ကင်းဝေးပါစေကြောင်း
MPT မှ ဆုမွန်ကောင်းတောင်းအပ်ပါတယ်"

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အမှတ်(၂၈)နေ ဦးဇော်ဝင်းမြင့် (အင်ဂျင်နီယာချုပ်)၊ ဦးသိန်းမြင့်မွန် (အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ညွန့်ညွန့်သည် ၂၉-၁၀-၂၀၂၀ ရက် မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး**
**ဒုတိယဝန်ကြီး**
**အမြဲတမ်းအတွင်းဝန်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ယဉ်ယဉ်မွန်း
### အသက် (၉၅) နှစ်

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလင်းဟန်-ဒေါ်လဲ့လဲ့ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏာဟန်-ဒေါ်သက်ထွေးဟန်တို့၏ မိခင်ဖြစ်သူ ဒေါ်ယဉ်ယဉ်မွန်းသည် ၂၃-၁၀-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၂:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာသံရုံး မိသားစု၊ လန်ဒန်မြို့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်စိုး(ခ) ရစ်ချက်(စ်)လင်း

**ဒု-အမှုဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန၊ ဌာနမှူး(ငြိမ်း)**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၁၈)နေ (လင်ကင်းလျှံ(ခ) ဦးကျော်စိန်-ဒေါ်ကင်တီ)တို့၏သား (ဦးချင်ဟုံဝမ်း-ဒေါ်သိန်းဟန်)တို့၏ သားမက်၊ ဒေါ်မာလာရီ၏ခင်ပွန်း၊ (ကိုမောင်မောင်)-မအေးအေးမြင့်၊ ကိုညွန့်ဝင်း၊ မရွှေစင်ကျော်စိုး၊ ကိုဇာနည်ကျော်စိုး-မဇကေရီသန့်တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၉-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက်၂:၅၇ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက်၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်သန်းကြည်
**သံတွဲမြို့**
### အသက်(၈၂)နှစ်

ရခိုင်ပြည်နယ်၊ သံတွဲမြို့နေ (ဦးဘသော်-ဒေါ်သိန်းညွန့်)တို့၏ တစ်ဦးတည်းသောသမီး၊ (ဒေါ်သိန်းကြည်)၏ တူမ၊ ရန်ကုန်မြို့၊ အမှတ်(၆၂)၊ ပထမထပ်(ဘီ)၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်နေ [ဦးသောင်း (မြို့နယ်စာရင်းစစ်အရာရှိ-ငြိမ်း)]၏ ဇနီး၊ ဦးတင်မောင်ထွေး (Marina Shipping)-ဒေါ်ယဉ်ယဉ်မင်း၊ ဒေါ်သီတာမင်း (ဒု-လဝကမှူး-လသာမြို့နယ်)၊ ဒေါ်လဲ့လဲ့မင်း (Project Manager - GEN)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မပြည့်သက်ချယ်(W.H.O)၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၈-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်အုန်း (စစ်ကွင်း)
**လ/ထ မန်နေဂျာ (ငြိမ်း)**
### အသက်(၇၇)နှစ်
**သစ်ထုတ်လုပ်ရေးဌာန၊ မြန်မာ့သစ်လုပ်ငန်း**

ပဲခူးတိုင်းဒေသကြီး၊ စစ်ကွင်းမြို့နေ (ဦးကျော်လှ-ဒေါ်သိန်း)တို့၏ သားကြီး၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်(၁)လမ်း၊ အမှတ်(၀၀၆)နေ ဒေါ်ကြည်ရှင်၏ ခင်ပွန်း၊ ကိုဝင်းခိုင်-မအေးအေးအုန်း(မြိတ်)၊ ကိုအေးမင်းအုန်း-မသီတာစိုး၊ ကိုစိုးမင်းအုန်း (ညွှန်မှူး၊ န-တ-လ၊ ချင်းပြည်နယ်)-သူဇာအေး (ခရိုင်တရားသူကြီး၊ ဖျာပုံမြို့)၊ ကိုဝင်းမင်းအုန်းတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုး ဦးတင်အုန်းသည် ၃၀-၁၀-၂၀၂၀ (သောကြာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၂၀ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်းမြင့်
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဧရာဝတီလမ်း၊ အမှတ်(၇၅)နှင့် ပဲခူးတိုင်းဒေသကြီး၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းသွယ် (၉/၃၈၁)နေ (ဦးတင်အုန်း-ဒေါ်တင်အေး)တို့၏ တစ်ဦးတည်းသောသမီး၊ အရာခံဗိုလ်ဉာဏ်မြင့် (ငြိမ်း) (ကက-လေ)၏ ချစ်လှစွာသောဇနီး၊ ဦးမိုးမြင့်-ဒေါ်ဖွန်နှင်းလှိုင်၊ ဦးညီညီမြင့်-ဒေါ်ဝေဝေလွင်၊ ရဲအုပ်မောင်မောင်မြင့် (လေကြောင်းရဲတပ်ဖွဲ့ ရန်ကုန်)-ဒေါ်အေးအေးမော် (ခ)လဲ့လဲ့၊ ဦးကျော်စွာမြင့်-ဒေါ်ချိုချိုသင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် မြေးငါးယောက်တို့၏ အဘွားသည် ၉၆-ပါးသောရောဂါဖြင့် ၂၉-၁၀-၂၀၂၀ ရက် ည ၁၀ နာရီတွင် ဥဿာမြို့သစ်၊ စွယ်တော်အထူးကုဆေးရုံ၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၀ ရက်တွင် မီးသင်္ဂြိုလ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်မေ
**ကျုံပျော်မြို့၊ အင်းရဲ**
### အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် (၂၅)အေ၊ ပထမထပ်နေ (ဦးဘအေး-ဒေါ်ငွေတင်) တို့၏သမီး၊ (ဦးကျင်ပိုင်(ခ)ဦးဖေအောင်)၏ဇနီး၊ ဦးထင်ဝင်းအောင်-ဒေါ်ခင်ဖြူဝင်း၊ဒေါ်ခင်ငွေးဝင်း-ဦးရဲမြင့်၊ ဦးဝင်းနိုင်-ဒေါ်ခင်မေကြည်၊ ဦးခင်မောင်ငွေး-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်မိုးမြင့်-ဦးမာနစ်၊ ဦးမျိုးထွန်းအောင်၊ ဒေါ်ခင်ဆွေဝင်း-ဦးနေလင်းစိုးတို့၏ မွေးသမိခင် မြေး(၁၂)ယောက်၊ မြစ်(၂)ယောက်တို့၏အဘွားသည် ၂၉-၁၀-၂၀၂၀ ရက်၊ (ကြာသပတေးနေ့) မွန်းလွဲ ၂:၅၀ နာရီတွင် (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသွားသဖြင့် ၄-၁၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ရက်လည်ဆွမ်းကပ်လှူမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်း ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်သင်းကြည် (ဝါးခယ်မ)
### အသက်(၈၅)နှစ်

ဝါးခယ်မမြို့နေ (ဦးဖိုးစိုး-ဒေါ်မြ)တို့၏ သမီးထွေး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နိဗ္ဗိန္ဒလမ်း၊ အမှတ် (၅၇၀-က)နေ ဦးမြင့်လွင်(လဝက၊ ဦးစီးမှူး-ငြိမ်း)၏ ဇနီး၊ ဒေါ်သင်းသင်းလွင် (ထ-၁၊ အင်းစိန်-ငြိမ်း)၊ [ဦးချစ်မောင်မောင်လွင် (အင်ဂျင်နီယာ)]-ဒေါ်သင်းသင်းရီ၊ ဦးအောင်ဝင်း-ဒေါ်ချယ်ရီလွင် (လယ်ပြ-ငြိမ်း)၊ ဦးချစ်ကိုကိုလွင် (ဦးစီးအရာရှိ၊ လဝက-ငြိမ်း)-ဒေါ်မော်မော်အောင်၊ ဦးချစ်ညီညီလွင် (ခေတ္တ-စင်ကာပူ)-ဒေါ်ခင်ဝင်းမြင့်၊ ဦးချစ်ငယ်ငယ်လွင်တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်သင်းကြည်(ဝါးခယ်မ)သည် ၂၉-၁၀-၂၀၂၀ (ကြာသပတေးနေ့) ည ၉ နာရီတွင် အထက်ပါနေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၀ (သောကြာနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးတင်မြင့်(ခ) Mickey Angeles (၈၅)နှစ်
**ပ-ခာတ်ခွဲမှူ(ငြိမ်း) အလုပ်သမားဆေးရုံကြီး-ရန်ကုန်**

အမှတ်(၆)၊ သာခုလမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့နယ်နေ (ဦးသာဒင်-ဒေါ်မေရီ)တို့၏ သား၊ (ဦးဘရောင်း-ဒေါ်မြမြ)တို့၏ သားသမက်၊ (ဦးသက်ဇင်)-ဒေါ်ခင်ရီ(ခ) Daw Freda၊ (Daw Rita)၊ ဒေါ်ခင်စီ(ခ) Daw Patsy တို့၏ မောင်၊ (ဦးမောင်လူ)၊ (ဦးကျော်မြင့်)၊ Sis Clare (FMM)တို့၏ အစ်ကို၊ [ဦးပီတာ(ခ) ဦးသိန်းဟန်]၊ ဦးမြင့်ထွန်း-ဒေါ်ငွေလှိုင် (ထ-၂၊ ငြိမ်း)၊ ဦးချာလီ-ဒေါ်ဥမ္မာကြွယ်၊ ဦးစိုးနိုင်-ဒေါ်အုံးမြင့် (လ/ညွှန်၊ မွေး/ကု၊ ဒိုက်ဦး)၊ ဦးသိန်းတန်-ဒေါ်နုနုငွေး၊ ဦးသိန်းဝင်း(ခ)ဦးလပ်ကီး၊ ဦးတင်မောင်နီ(ခ)ဘော်နီတို့၏ ဖခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး၊ (ဒေါ်နီ)၏ခင်ပွန်းသည် ၂၉-၁၀-၂၀၂၀(ကြာသပတေးနေ့) ည ၇:၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၁၀-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ စေတီ၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းကြည်
### အသက်(၈၃)နှစ်
**မြို့ပြလေကြောင်းညွှန်ကြားမှုဦးစီးဌာန (ငြိမ်း)**
**(Ex.E/E NORASIA LINES, S'PORE)**
**မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့**
**အတွင်းရေးမှူး/နာယက(ငြိမ်း)**
**ပုသိမ်ညွှန့်ရပ်ကွက်၊ ဓမ္မာရုံဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ်(၄၇)၊ ဒုတိယလွှာနေ ဒေါ်တင်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးနှင်းကိုဦး-ဒေါ်သိန်းသိန်းဦး၊ ဦးမိုးကိုကို-ဒေါ်ခင်ဖြူဖြူဝင်း၊ ဦးနေမျိုးသူ-ဒေါ်အေးမြင့်ခိုင်၊ ဦးတင်ကိုကို-ဒေါ်ခင်သန်းအေးတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မောင်ခန့်စည်သူ၊ မောင်စစ်နိုင်မင်း၊ မပန်းမြတ်ခင်၊ မမြတ်သိင်္ဂီကျော်၊ မနှင်းဦးဝေ၊ မဇေကရီ၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၈-၁၀-၂၀၂၀ ရက် ည ၉:၄၅ နာရီတွင် (၉၆)ပါးသောရောဂါ ဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများ သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးအုန်းခင်(ခ) အာသာလိန်း
### အသက်(၇၄)နှစ်
**OK အလူမီနီယံ**
**စိန်ပေါလ်ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက် ၊ စက်မှု(၁)လမ်း၊ အမှတ်(၂၆)နေ (ဦးညွှန့်စိန်-ဒေါ်လှကြည်)တို့၏သား၊ ဒေါ်မြကြည်(ကလေးဆေးရုံ၊ လမ်းမတော် ကျန်းမာရေးဌာန၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးကျော်ကျော်စိုး၊ ဦးနေလင်း- ဒေါ်သီတာလွင်၊ ဒေါ်စန္ဒာမင်းမင်း၊ ကိုစောထက်၊ ကိုစောမင်း-မပြည့်ဖြိုးသူတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဦးဦးလှ-ဒေါ်စိုးစိုးယဉ်၊ ဦးဇော်ဝင်းမောင်တို့၏ ချစ်လှစွာသော ဦးလေးသည် ၃၀-၁၀-၂၀၂၀ရက် (သောကြာနေ့) နံနက် ၄:၁၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းစန်းမြင့်
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ပြည်ထောင်စုရိပ်မွန်၊ ပန်းမယ်ဇလီလမ်း၊ အမှတ်(၁၉)နေ (ဦးသိန်းဟန်-ဒေါ်ရင်ရင်)တို့၏ သမီး၊ (ဦးသိန်းအောင်)၏ ဇနီး၊ ဦးသိန်းလွင်၏ ညီမ၊ (ဦးမင်းလွင်)၏ အစ်မ၊ ဒေါ်မြင့်မြင့်သိန်း၊ ဦးတင်နိုင်သိန်း-ဒေါ်အေးအေး၊ ဦးတင်မောင်အေး-ဒေါ်မာမာသိန်း၊ (ဦးထွန်းထွန်း)-ဒေါ်ဝင်းဝင်းသိန်း၊ ဦးတင်လှိုင်သိန်း-ဒေါ်ခင်ရှိန်၊ ဦးစိုးမင်းအောင်-ဒေါ်စီစီသာရ၊ ဒေါ်ကေသီအောင်တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားသည် ၂၉-၁၀-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၅:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အနိစ္စ

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

## ဦးခင်မောင်လွင်[ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)]
**အပတ်စဉ်(OTS-51)**
**MISC, B.Sc(IC),D.A.C**
### အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၁)၊ ဦးအောင်မင်းလမ်းသွယ်နေ ဒေါ်ခင်မာဝင်း [အထက်တန်းပြ(ငြိမ်း) T.T.C]၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဘဇံ-ဒေါ်ခင်တင့်)တို့၏သား၊ ဒေါက်တာသျှားလွင်ခင်(စင်ကာပူ)-ဒေါ်သဉ္ဇာအောင်(စင်ကာပူ)၊ ဦးထက်လွင်ခင်-ဒေါ်ခင်သူသူအောင်၊ ဦးစိုးစံဝင်း (ဩစတြေးလျ)-ဒေါ်နွေးနှင်းဆန်းလွင်ခင် (ဩစတြေးလျ) တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဝသန်ထက်၊ မောင်တိုးတက်ထက်၊ မောင်လင်္ကာဝင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၉-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် စစ်သင်္ချိုင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအား ရည်စူး၍ ၄-၁၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းချွန်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**
### အသက်(၇၉)နှစ်

မန္တလေးတိုင်းဒေသကြီးနေ (ဦးဘကြည်-ဒေါ်မမလေး)တို့၏ သား၊ (ဒေါ်ခင်ကြွယ်)၏ ခင်ပွန်း၊ ဒေါ်သစ်သစ်ထွန်း၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း-ဒေါ်ပပထွန်းတို့၏ ဖခင်၊ မမြဖူးချွန်၊ မောင်ထွန်းလမင်းသစ်တို့၏ အဘိုး ဦးထွန်းချွန် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)သည် ၃၀-၁၀-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ပြင်ဦးလွင်မြို့၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**အကောက်ခွန်ဦးစီးဌာနဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဇော်
### အသက်(၅၄)နှစ်
**ဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့နယ်အမှုဆောင်အဖွဲ့**
**ပြည်သူ့ရှေ့ဆောင်ပါတီ**

ပြည်သူ့ရှေ့ဆောင်ပါတီ၊ ပျဉ်းမနားမြို့နယ်အမှုဆောင်အဖွဲ့၏ဥက္ကဋ္ဌ ဦးမြင့်ဇော်သည် ပါတီအောင်နိုင်ရေးတာဝန်များထမ်းဆောင်နေစဉ် ၂၈-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရ၍ ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်ဇော်သည် ပြည်သူ့ရှေ့ဆောင်ပါတီ၏ ပါတီလုပ်ငန်းတာဝန်များအား ကျေပွန်စွာထမ်းဆောင်ခဲ့မှုများကို ဂုဏ်ပြုမှတ်တမ်းတင်ထားပါကြောင်းနှင့် ကောင်းရာသုဂတိသို့ လားပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဥက္ကဋ္ဌနှင့်ဗဟိုအမှုဆောင်အဖွဲ့**
**ပြည်သူ့ရှေ့ဆောင်ပါတီ**

# ကြိုတင်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်များသို့ အသိပေးကြေညာချက်

၁။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေမှုအခြေအနေများအရ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဖွဲ့စည်းထားရှိသော ကြိုတင်ဆန္ဒမဲကောက်ယူရေးအဖွဲ့များသည် အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲများကို ၂၉-၁၀-၂၀၂၀ ရက်နေ့မှ ၅-၁၁-၂၀၂၀ ရက်နေ့ကာလအတွင်း ကောက်ယူပေးလျက်ရှိပါသည်။

၂။ ထိုကဲ့သို့ ကြိုတင်ဆန္ဒမဲများရယူရာတွင် ဆန္ဒပြုပြီးဆန္ဒမဲလက်မှတ်များ ထည့်သွင်းသည့် စာအိတ်များကို မဲဆန္ဒရှင်များက လုံခြုံစွာပိတ်ခဲ့မှုမရှိခြင်း၊ အချို့စာအိတ်များကို ကော်သုတ်၍ ပိတ်ရာ၌ ဆန္ဒမဲလက်မှတ်ကို အစွန်းအထင်းဖြစ်ပေါ်နိုင်စေခြင်း၊ တာဝန်ရှိသူက စာအိတ်များကို ဖွင့်ဖောက်သည့်အခါ ဆန္ဒမဲလက်မှတ်စုတ်ပြဲမှုဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် အဆိုပါ ဆန္ဒမဲလက်မှတ်များကို ပယ်မဲအဖြစ် သတ်မှတ်မည်မဟုတ်ပါ။

၃။ ထို့အပြင် ကြိုတင်ဆန္ဒမဲကောက်ယူရေးအဖွဲ့များက အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်များ၏ နေအိမ်များသို့သွားရောက်၍ ကြိုတင်ဆန္ဒမဲများ ရယူရာတွင် ကောက်ယူရမည့် မဲဆန္ဒရှင်အရေအတွက်များပြားခြင်းကြောင့် အောက်ပါအခြေအနေမျိုး တွေ့ရှိရသဖြင့် ယင်းဆန္ဒမဲလက်မှတ်များကိုလည်း ပယ်မဲအဖြစ် သတ်မှတ်မည်မဟုတ်ပါ-

(က) သတ်မှတ်ထားသော အမှန်ခြစ်တံဆိပ်တုံးဖြင့် ဆန္ဒပြုရမည့်အစား ဘောလ်ပင်ဖြင့် အမှန်ခြစ်၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

( ခ ) ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲရုံမှူး၏ လက်မှတ် သို့မဟုတ် ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်အဖွဲ့ခွဲတံဆိပ်တုံး သို့မဟုတ် တာဝန်ခံထုတ်ပေးသူ၏ လက်မှတ်နှင့် အမည်ပါရှိသော ဆန္ဒမဲလက်မှတ်၊

( ဂ ) လွှတ်တော်အလိုက် ထည့်သွင်းရမည့် ကြိုတင်မဲလက်မှတ်နှင့် စာအိတ်လွဲမှားသော်လည်း မဲဆန္ဒရှင်က မှန်ကန်စွာ ဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြိုတင်ဆန္ဒမဲများ ကောက်ယူပြီးစီးပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲရုံများအလိုက် ထားရှိသော ချိပ်ပိတ်ထားသည့် ကြိုတင်ဆန္ဒမဲပုံးအတွင်းသို့ ပြောင်းရွှေ့ထည့်သွင်းရန်အတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ညွှန်ကြားထားပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ရဲလုံခြုံရေး အစောင့်အရှောက်ဖြင့် ထိန်းသိမ်းထားရှိသော မဲရုံအလိုက် ချိပ်ပိတ်ထားသည့် ကြိုတင်ဆန္ဒမဲပုံးများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် သတ်မှတ်ထားသည့်နေရာမှ စောင့်ကြပ်ကြည့်ရှုလေ့လာနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အောင်လအန်ဆန် ရှုံးပွဲကြုံတွေ့ပြီး ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို လက်လွှတ်ခဲ့ရ

ရန်ကုန် အောက်တိုဘာ ၃၀

ONE Championship အဖွဲ့အစည်းက ကျင်းပသည့် Inside The Matrix အမည်ရပြိုင်ပွဲကို ယနေ့ညပိုင်းက စင်ကာပူနိုင်ငံ၌ ကျင်းပရာ မြန်မာ MMA ကစားသမား အောင်လအန်ဆန်သည် စိန်ခေါ်သူ နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို အရေးနိမ့်ပြီး ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို လက်လွှတ်ခဲ့ရသည်။



သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - ONE Championship

### ချုပ်ကွက်ဖြင့် အရေးနိမ့်ခဲ့

မြန်မာကစားသမား အောင်လအန်ဆန်အတွက် မထင်မှတ်သည့်ရှုံးပွဲဖြစ်ခဲ့ပြီး ပထမအချီမှာပင် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ဒီရစ်ဒါ အားသာသည့် ဂျူဂျစ်ဆုတိုက်ကွက်များကို ကြိုသိထားသော်လည်း တစ်မိနစ်မပြည့်မီမှာပင် အချုပ်ခံရကာ သုံးမိနစ်ကျော်တွင် ချုပ်ကွက်ဖြင့်သာ အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ချုပ်ကွက်အားသာသည့် ဒီရစ်ဒါကို အနိုင်ယူနိုင်မည့် နည်းဗျူဟာများ ကြိုတင်ပြင်ဆင်ထားသော်လည်း တိုက်ကွက်များ မသုံးရမီမှာပင် ဒီရစ်ဒါ၏ ချုပ်ကွက်မိသွားခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ဒီရစ်ဒါ၏ ချုပ်ကွက်မှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းသော်လည်း ပြန်အထတွင် လည်ပင်းချုပ်ခံလိုက်ရပြီး သုံးမိနစ်ကျော်တွင် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် ဇွန်လတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာသည့် အောင်လအန်ဆန်သည် သုံးနှစ်ကျော်အကြာတွင် ချန်ပီယံဆုအား လက်လွှတ်ခဲ့ရပြီး လေးပွဲမြောက် ချန်ပီယံကာကွယ်ပွဲတွင် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဒီရစ်ဒါမှာမူ မှတ်တမ်းကောင်းပိုင်ဆိုင်ခဲ့ပြီး ၁၃ ပွဲဆက် အနိုင်ရလဒ်နှင့်အတူ ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။

## မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ နှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် အောက်တိုဘာ ၃၀

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ** နှင့် **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၃၁ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မိုး/ဇလ

## ကြေးမုံ ယနေ့ ဖတ်စရာ

နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ မြို့နယ်များမှ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများ၏ စကားသံများ
စာမျက်နှာ » ၈

ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် ကျန်းမာရေးဝန်ထမ်းများကို နိုင်ငံ့သူရဲကောင်းများအဖြစ် မလေးရှားဝန်ကြီးချုပ် မူယက်ဒင် ချီးကျူးဂုဏ်ပြု
စာမျက်နှာ » ၁၁

ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားလက်နက် ထိန်းချုပ်ရေးစာချုပ် အစည်းအဝေးကို လာမည့်နှစ် ဩဂုတ်လတွင် ကျင်းပမည်
စာမျက်နှာ » ၁၃

## မူဆယ်မြို့သို့ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ စစ်ဆေး

မူဆယ် အောက်တိုဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည့် နေရပ်ပြန်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ သိရှိနိုင်ရန် နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်များ ရယူပြီး မူဆယ်မြို့ ကျန်းမာရေးဌာနမှ နှစ်ရက် တစ်ကြိမ်ရယူစစ်ဆေးလျက်ရှိသည်။

ရောဂါကူးစက်မှုမရှိပါက နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပြီး ရောဂါကူးစက်မှုရှိပါက မူဆယ်မြို့ ခရိုင်ပြည်သူ့ဆေးရုံအသစ်၌ ဆေးကုသမှုခံယူစေမည်ဖြစ်ကြောင်း သိရသည်။

မူဆယ်မြို့သို့ ပြန်လည်လွှဲပြောင်းလာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် မိမိသဘောဆန္ဒအရ ပြန်လည်ရောက်ရှိလာသော နေရပ်ပြန်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐

